The

# Commerce Journal

# စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 16 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 4 , 2015



## မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကုန်သွယ်မှုဖြင့် မော်ဆောင်နိုင်ရေး

## Myanmar's Economic Development Through Trade

|ဒေါက်တာမောင်အောင်|

၂၀

## အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ခြင်းမှ မြန်မာ့အိမ်ခြံမြေအပေါ် သက်ရောက်မှု

၁၄



## မြန်မာနိုင်ငံကို ကနေဒါနိုင်ငံက သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပြုပြီ

၂၄

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးတွင် စင်ကာပူနိုင်ငံရှိ Sembcorp လုပ်ငန်းစု မှ ရင်းနှီးမြှုပ်နှံမည်

၁၂

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေး အထောက်အကူပြုနိုင်ရန်အတွက် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

၁၅

# KL SEVEN Auto Services Co., Ltd .

AD VAN 2010 မော်ဒယ်တွေကို (ကြိုပွိုင့်) 78 သိန်းဖြင့်
ဝယ်ယူသူအမည်ပေါက်၊ ယာဉ်မှတ်ပုံတင်စာအုပ်ထွက်သည်အထိ
အပြီးအစီးစနစ်ဖြင့် ရောင်းချပေးနေပါပြီ။

78 သိန်း
ဝယ်ယူသူ
အမည်ပေါက်
(အပြီးအစီး)




AD VAN (Model - 2010)

**Show Room** အမှတ်(၁၅၉)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**Ph:01-548024, 01-548446, 09-73630761, 09-425284777**

E-Mail & Facebook: klsevenauto@gmail.com, https://www.facebook.com/pages/KL-Seven-Car-Sales-Centre

# တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် (၁၂) ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးတက်ရောက်



(၁၂)ကြိမ်မြောက် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအစည်းအဝေးကို ဧပြီ ၂၈ ရက် နံနက် ၀၉း၃၀ နာရီအချိန်က နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်မှ တာဝန်ပေးအပ်မှုအရ ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်လမ်းကြောင်းများမှ ကုန်သွယ်မှုများတွင် တရားမဝင် တင်ပို့တင်သွင်းနေမှုများအား စနစ်တကျ စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်ခြင်းဖြင့် တရားဝင်ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စားသုံးသူပြည်သူလူထု၏ ထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ Mobile Team အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် တရားမဝင် ကုန်သွယ်မှုများ အတိုင်းအတာတစ်ခုထိ လျော့နည်းကျဆင်းလာကြောင်း၊ အဖွဲ့စုံဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ထိန်းကျောင်းမှုရှိသဖြင့် ပိုမိုမှန်ကန်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း၊ တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိလာ၍ နိုင်ငံတော်အတွက် ရသင့်သည့် အခွန်ဘဏ္ဍာများ ပိုမိုတိုးတက်ရရှိလာကြောင်း၊ ဗဟိုကော်မတီနှင့် လမ်းကြောင်းလှုပ်ရှား Mobile Team အဖွဲ့များ၊ စခန်းထုတ်နုတ်အဖွဲ့များ၊ ဆိပ်ကမ်း၊ လေဆိပ်အသီးသီးရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် တရားမဝင် ကုန်သွယ်မှုများအား ထိရောက်စွာ ဟန့်တားနိုင်မှု ပိုမိုများပြားလာသည်နှင့်အမျှ မိမိဝန်ထမ်း အဆင့်အတန်းအားလုံးအား တရားမဝင် ကုန်သွယ်မှုပြုသူများမှ နည်းမျိုးစုံဖြင့် မမှန်မကန်စွပ်စွဲ ပြောဆိုခြင်း၊ ပုဂ္ဂိုလ်ရေး၊ လူမှုရေးအရ တိုက်ခိုက်မှုများဆောင်ရွက်နေသည့်အတွက် ဝန်ထမ်းများအား ဥပဒေနှင့်အညီ အပြည့်အဝ ကာကွယ်ပေးရန်လိုကြောင်း၊ အောင်မြင်မှုများကို မိမိတို့ Mobile Team အဖွဲ့ဝင် ဌာနဆိုင်ရာများမှ ပြည်သူလူထုနှင့်ပူးပေါင်းကာ ဆက်လက်ထိန်းသိမ်းပြီး ရည်မှန်းချက်များ အောင်မြင်အောင် ပိုမိုကြိုးစားဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်သူရဘိုနီတို့မှ အမှာစကားအသီးသီး ပြောကြား သည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ စီမံ/စီးပွား ဝန်ကြီးများက Video Conferencing စနစ်ဖြင့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ နေ့လယ် ၁၄း၃၀ နာရီအချိန်တွင် ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကွပ်ကဲမှုအောက်ရှိ Mobile Team များအား ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်၊ မတ်လအထိ ဖမ်းဆီးရမိအမှုတွဲ ၆၁၈၂ မှု ရှိခဲ့ပြီး စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၃၅၀၀၀၀ ခန့် (၃၅ ဘီလီယံခန့်) အား ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိ တရားမဝင် ကုန်ပစ္စည်းများတွင် အများပြည်သူစားသုံးရန်မသင့်သော ကုန်ပစ္စည်းအမှုတွဲ ၅၀၁ မှု၊ တန်ဖိုး ၁၃၇၅၆ သိန်း ( ၁၄ ဘီလီယံခန့်) အား ဖျက်ဆီးခဲ့ပါသည်။

Mobile Team မှ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ခြင်းဖြင့် အထောက်အကူပြုဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၁ ဘီလီယံထိ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝဝဝမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လွိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကျဖို့လမ်းမမြင်မိဘဲ တက်ရိပ်သာမြင်မိနေတဲ့ ပြည်တွင်းဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဧပြီလ ၃၀ ရက် ဈေးနှုန်းများအရ ဆန်ချောတွေဖြစ်တဲ့ ဖျာပုံပေါ်ဆန်းထိပ်စ တစ်အိတ်ကို ၃၆၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း လတ်စ တစ်အိတ်ကို ၃၆၀၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၃၈၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ ၃၄၅၀၀ ကျပ်၊ ထိပ်စ ၃၆၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ဈေးနှုန်း ၃၉၅၀၀ ကျပ်မှ ၄၂၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်အတွင်း ဈေးဆက်တက်လာတာတွေ့ရပါတယ်။ အောက် ခြေနယ်မှာ ပတ်ကားရိုက်ထားတဲ့ ဆန်ကြမ်းတွေနဲ့ နွေဆန်တွေ ဦးစားပေးကြိတ်ခွဲနေခြင်းနှင့် အချို့စက်ပိုင်၊ လှောင်လက်များက ဆန်ချောဈေးအတက်စောင့်ပြီး ထိန်းကြိတ်တင်ပို့နေမှုများကြောင့် ဆန်ချောအဝင်နည်းနေပြီး ဝယ်လိုအားများနေကာ ခေါ်တဲ့ ဈေးဖြစ်နေ၊ ပြတ်နေတော့ ဈေးတက်တာပေါ့ဟု ကြားသိရပါတယ်။

ဆန်ကြမ်းတွေဖြစ်တဲ့ ဧည့်မထထိပ်စ တစ်အိတ်ကို ၁၈၃၀၀ ကျပ်၊ မိုးသုခ ၁၈၃၀၀ ကျပ်မှ ၁၈၈၀၀ ကျပ်၊ နွေဆန်ရှယ် ၁၇၃၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်၊ ငစိန် လတ်စ ၁၅၅၀၀ ကျပ်၊ ထိပ်စ ၁၆၃၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၃၀၀ ကျပ်မှ ၈၀၀ ကျပ်အတွင်းဈေးတက်လာတာ တွေ့ရပါတယ်။ ယခင်နှစ် ကာလတူ လက်ကားဆန်ဈေးနှုန်းအား အကြမ်းဖျင်း နှိုင်းယှဉ်ကြည့်ပါက ယခုနှစ် ဧည့်မထ အလတ်စ တစ်အိတ် ၁၇၅၀၀ ကျပ် ဈေးသည် ယခင်နှစ်ဈေးနှုန်းထက် ၂၀၀၀ ကျပ် (၁၂ ဒသမ ၉၀ ရာခိုင်နှုန်း)၊ ပေါ်ဆန်းနယ်စုံ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ် ဈေးသည် ယခင်နှစ်ဈေးထက် ၁၂၀၀၀ ကျပ် (၅၃ ဒသမ ၃၃ ရာခိုင်နှုန်း)ထိ သိသာစွာ ဈေးတက်လာခဲ့ကြောင်း တွေ့ရှိနေရပါတယ်။

မကြာမီ မိုးကာလသို့ ရောက်ရှိတော့မည်ဖြစ်ခြင်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများတွင် ကုန်စည်တင်ဆောင်မှုကို စစ်ဆေးကန့်သတ်မှုများ ပြုလုပ်လာခဲ့ခြင်းတို့ကြောင့် သင်္ဘောအခက်အခဲဖြစ်ကာ ဝါးတန်းဒိုင်သို့ သင်္ဘောဖြင့် ဆန်အဝင် နည်းပါးနေသော်လည်း အရောင်းအဝယ်ကောင်းနေတယ်လို့ ဒိုင်ဈေးကွက်မှ သိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၅၄၀၀ ကျပ်-၁၅၆၀၀ ကျပ်ခန့် ဈေးနှုန်းဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်ကာ အရောင်းအဝယ်လည်းသွက်နေကြောင်း၊ ရန်ကုန် FOB အတင်သမားနဲ့ တရုတ်လိုင်းအတွက်ပါ ဆက်ပြီး အဝယ်ရှိနေကြောင်း၊ EMATA MYANMAR 25 % FOB (Yangon) 310-320 USD / MT ခန့်ဈေးရှိနေပြီး၊ တရုတ် - မူဆယ်လိုင်းသို့ ဆန်ကြမ်းတွေနဲ့ ဆန်ကွဲတွေ သွားနေတယ်လို့ သိရှိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ ဧပြီလ ၃၀ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်၊ မျော်ဘီနွေရှယ် တစ်အိတ်ကို ၁၄၀-၁၄၃ ယွမ်၊ စူပါ ၁၄၀-၁၄၂ ယွမ်၊ ဧည့်မထ ၁၀ မှတ် နွေရှယ် ၁၃၆-၁၃၈ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ နွေရှယ် ၁၃၃-၁၃၅ ယွမ်၊ ဧည့်မထ ၂၀ မှတ် ၁၂၈-၁၃၀ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၂-၁၃၅ ယွမ်၊ ကောက်ညှင်း ၁၀ မှတ် ၁၆၂ ယွမ်၊ B 2,3,4 ၁၀၂-၁၀၄ ယွမ်၊ B 1,2 ၁၀၅-၁၀၆ ယွမ်၊ B EXTRA ၁၀၇-၁၁၂ ယွမ်ဖြစ်ခဲ့ပြီး ငွေလဲနှုန်းမှာ ဧပြီလ ၃၀ ရက်နေ့ဈေး တစ်ယွမ်ကို ၁၇၄ ဒသမ ၂၁ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၁ ဒသမ ၂၁ ကျပ် ငွေလဲနှုန်းတက်ခဲ့ပါတယ်။

ရန်ကုန်-မူဆယ် ဆန်တင်ဆောင်ခက တစ်တန်ကို ကျပ် ၉၃၀၀၀ ဖြစ်နေပြီး မူဆယ်ဆန်စပါးကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည်များ ပုံမှန်လာရောက် ရောင်းဝယ်နေကြကြောင်း၊ ငွေဈေးအနည်းငယ်တက်ခြင်းနဲ့ ဆန်ဈေးမှာ ယခင်တစ်ပတ်ထက် တစ်ယွမ်၊ နှစ်ယွမ်ခန့်တက်ခဲ့ခြင်းများရှိခဲ့ပြီး၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ယခုတစ်ပတ်အတွင်း ဆန်တန် ၁၉၀၀၀ ခန့် ဝင်ရောက်ခဲ့ကာ ယခင်တစ်ပတ်ထက် တန် ၈၀၀၀ ကျော်ပိုမိုဝင်ရောက်ခဲ့ကြောင်း၊ မူဆယ်ဆန်ဈေးကွက်ရှေ့အလားအလာမှာ ပုံမှန်ဆက်သွားနေနိုင်ပါကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၂၄ ရက်ထိ တန် ၉၁၂၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ သန်းကျော်ဖိုး တင်ပို့ထားပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန် ၅၅၂၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ပြည်ပသို့ တိုးမြှင့်တင်ပို့လာနိုင်သော်လည်း ပြည်တွင်းမှာ ဆန်ဈေးတက်လာနေခြင်းသည် စားသုံးသူနှင့် တိုင်းပြည်အတွက် ရေရှည်မှာ မကောင်းနိုင်ဘဲ ပြည်တွင်းဆန်ဈေးကွက် ရှေ့အလားအလာမှာ ကျဖို့လမ်းမမြင်မိဘဲ တက်ရိပ်သာမြင်မိခဲ့ကြောင်း ဆန်ကုန်သည်အချို့က ဆိုနေကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

# မိုးသုံးချက်လည်းညီပါစေ၊ ကွက်ကြား မိုးလည်းကင်းပါစေ၊ အခါလွန်မိုးလည်းလွတ်ပါစေ

ဒီအချိန်ဒီရာသီက မန်းတိုင်းဒေသကြီးရှိ တောင်သူများ နွေနှမ်းနှင့် နွေစပါးစိုက်ပျိုးတဲ့ ရာသီချိန်ဖြစ်တဲ့ အတွက် မိုးဦးကောင်းရန်မျှော်လင့်နေတဲ့အချိန်အခါဖြစ်ပါတယ်။ မိုးရွာမှ ပျိုးသာမှာဖြစ်သလို မိုးဦးမှာ ထွန်ရေးငင်ဖို့ထွန်ရေးညက်ဖို့မိုးလယ်မှာ အပင်ဖြစ်ဖို့ အသီးဝင်ဖို့ အသီးတင်ဖို့ မိုးနှောင်းမှာ အသီးရင့်ဖို့ အသီးထွားဖို့ အနှံကောင်းဖို့ မိုးဦး၊မိုးလယ်၊မိုးနှောင်း တောင်သူများ မိုးမျှော်ကြရပါတယ်။

အထက်အညာ ဓလေ့အရ မြန်မာ တပေါင်းလဆန်း ၁၊၂၊၃ ရက်နေ့များတွင် လေတိုက်တဲ့အခြေအနေကိုကြည့်ပြီး မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ကောင်း မကောင်း ခန့်မှန်းလေ့ရှိကြပါတယ်။ ဒီမိုးသုံးချက်ညီမှသာ တောင်သူတွေစိုက်ရေး၊ ပျိုးရေးအဆင်ပြေပြီး သီးနှံများ အထွက်နှုန်းကောင်းတာ ဖြစ်ပါတယ်။ ဒါ့အပြင် ရိုးရာဓလေ့တစ်ခုဖြစ်တဲ့ တပေါင်းလဆန်း ၃ ရက်နေ့မှာ မိမိတို့ရဲ့ လယ်ယာမြေကထွက်တဲ့သီးနှံများ ကျီပြည့်ပုတ်ပြည့်ရစေရန် ပုန်းမကျီမကို မုန့်ဖြူမုန့်နီများ ပူဇော်ပသလေ့ရှိကြပါတယ်။ လွန်ခဲ့တဲ့ နှစ်၃၀ ခန့်ကထိ မိုးကောင်း ချောင်းစီးဆိုတဲ့စကားက တောင်သူလယ်သမားများအတွက် အားတစ်ရပ် ဖြစ်ခဲ့ပါတယ်။ ဒီဘက်နောက်ပိုင်းမှာတော့ ရာသီဥတုကဖောက်ပြန်၊ မမှန် ဆုတ်ကပ်ဖြစ်လာတဲ့အတွက် မိုးလည်းမကောင်း၊ ချောင်းလည်း မစီးတော့ပါ။ ချောင်းတွေကော၊ အင်းတွေ၊ မြောင်းတွေ၊ ဆည်တွေ ပိတ်ခဲ့တာ မန္တလေးမြို့က အောင်ပင်လယ်ကန်၊ ရွှေတစ်ချောင်းမြောင်း၊ရေနီမြောင်းတွေက သက်သေဖြစ်လို့ နေပါတယ်။

ယခင်က သီးနှံရိတ်သိမ်းချိန်ဆိုရင် ကျေးရွာတိုင်းမှာသီးနှံတွေတောင်ပုံယာပုံ၊ "ဆီရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ"ဆိုတဲ့ စကားရပ်ဖြစ်ပေါ်ခဲ့သည်ထိ တောင်သူတွေ မြေကြီးက ရွှေသီးခဲ့ကြရတဲ့ခေတ်က လွမ်းမောဖွယ်ကျန်ခဲ့လို့နေပါတယ်။ တောင်သူကောင်းမှ မြောက်သူကောင်းဆိုတဲ့ စကားကလည်း ယခင်က တောင်သူတွေ သီးနှံအထွက်ကောင်းမှ မြောက်သူလို့ခေါ်တဲ့ လယ်သူရင်းငှားများ လက်ခစားလုပ်သားများလည်း အဆင်ပြေမယ့် သဘောဖြစ်ပါတယ်။

ခုတော့ လုပ်သားတွေ မြို့တက်၊ နိုင်ငံခြားရောက်၊လုပ်သားရှားပါးမှုနှင့် ကြုံတွေ့နေရတဲ့အဖြစ် ကွက်ကြားမိုးကြောင့်လည်း ရင်မောရ၊ အခါလွန်မိုးကြောင့်လည်း သီးနှံများပျက်စီးဆုံးရှုံးမှုနဲ့ ကြုံတွေ့နေကြရတဲ့ တောင်သူများအတွက်ကတော့ မိုးသုံးချက်လည်းညီပါစေ၊ ကွက်ကြားမိုးလည်း ကင်းပါစေ၊ အခါလွန်မိုးလည်း လွတ်ပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

**ခင်မြင့်မြင့်သန်း-မန္တလေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၄-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၀၉ | ၄၀၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၀ | ၃၉၃ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၇၀ | ၃၆၅ | ▽ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၈၅ | ၃၇၉ | ▽ | ၃၃၀ | ၃၃၀ | □ | ၃၄၅ | ၃၄၀ | ▽ | ၃၃၀ | ၃၃၀ | □ |
| ပေါင်းဆန် | ၃၈၀ | ၃၈၀ | □ | - | - | - | ၃၆၅ | ၃၆၀ | ▽ | ၃၈၀ | ၃၈၅ | △ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၄-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၈၀ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၃၀-၄-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၃၄၀ | □ | ၁၇၅၀၀ | □ | ၆၆၂၄ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၄၀၄၈ | △ | ၁၈၀၀၀ | △ | ၇၄၄၇ | □ | ၃၄၀၀၀ | △ |
| ပဲခူး | ၃၉၀၀ | □ | ၁၆၅၀၀ | □ | ၅၉၅၀ | △ | ၂၆၅၀၀ | □ |
| ရွှေဘို | ၄၈၀၀ | △ | ၂၁၀၀၀ | △ | ၉၉၀၀ | △ | ၃၄၀၀၀ | □ |
| စစ်တွေ | ၃၈၀၀ | □ | ၁၆၀၀၀ | □ | ၆၈၀၀ | □ | ၂၆၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | □ | ၁၉၅၀၀ | △ | - | - | ၃၉၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၉၀၀ | △ | ၁၇၅၀၀ | □ | - | - | ၃၄၅၀၀ | △ |
| မန္တလေး | ၅၀၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၂၀၀၀ | △ |
| မကွေး | ၆၃၀၀ | △ | ၂၀၀၀၀ | □ | - | - | ၃၉၀၀၀ | △ |
| မော်လမြိုင် | ၄၂၀၀ | △ | ၁၆၅၀၀ | □ | ၇၀၀၀ | △ | ၂၇၅၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ဘားအံ | ၃၈၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| တောင်ကြီး | - | - | ၁၉၅၀၀ | □ | - | - | ၃၉၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# သကြ်န်အလွန် ဆန်တင်ပို့မှုလျော့ကျ

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၃ ဒသမ ၉၁၇ သန်းဖိုးရှိ ဆန် ၁၀၆၇၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဧပြီလဆန်း ၄ ရက်မှ ၁၇ ရက်ထိမှာတော့ ကန်ဒေါ်လာ ၁၃ ဒသမ ၁၄၆ သန်းဖိုးရှိဆန်တန်ချိန် ၃၅၆၆၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် တရုတ်ဘက်သို့ ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုလျော့ကျသွားသော်လည်း ဧပြီလမှစ၍ ပင်လယ်ရေကြောင်းမှ တရုတ်သို့ ဆန်တင်ပို့နေပြီဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ် (၁၀၅) မိုင်မှ ငစိန်ဆန် ၇၁၃၅ တန်ကျော်နဲ့ ဧည့်မထဆန် ၂၅၃၆ တန်၊ လွယ်ဂျယ်မှ တန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ လွယ်ဂျယ်စခန်းမှ ဆန်အပြင် ဆန်ကွဲကိုလည်း တန် ၁၀၀၀ တင်ပို့ခဲ့ပြီး မူဆယ် (၁၀၅) မိုင်မှ ဆန်ကွဲ ၅၇၀၇ တန်တင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၄-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၄/၄ | ၃၀/၄ | ပြောင်းလဲမှု | ၂၄/၄ | ၃၀/၄ | ပြောင်းလဲမှု | ၂၄/၄ | ၃၀/၄ | ပြောင်းလဲမှု | ၂၄/၄ | ၃၀/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၉၂၅ | ၁၉၅၀ | ▲ | ၁၈၀၀ | ၁၈၃၃ | ▲ | ၁၈၀၀ | ၁၈၄၀ | ▲ | ၁၈၀၀ | ၁၇၅၀ | ▼ |
| ၂ | ပဲစင်းငုံ | - | ၁၇၈၈ | - | ၁၇၁၇ | ၁၇၅၀ | ▲ | ၁၇၂၅ | ၁၇၁၅ | ▼ | ၁၇၅၀ | ၁၆၇၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၈၃၀ | ၁၇၆၅ | ▼ | ၂၃၃၃ | ၂၁၆၉ | ▲ | ၂၁၂၁ | ၂၁၄၇ | ▲ | ၁၈၉၅ | ၁၈၉၅ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၁၂၅၀ | ၁၂၇၀ | ▲ | - | - | - | - | - | - | ၁၁၂၀ | ၁၀၈၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၆၅ | ▲ | - | - | - | - | - | - | ၇၉၀ | ၇၉၀ | ■ |
| ၆ | ထောပတ်ပဲ | ၈၇၀ | ၈၇၀ | ■ | ၁၀၁၃ | ၈၈၉ | ▼ | - | ၆၈၄ | - | ၇၁၀ | ၆၆၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၄-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွန်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၃/၄ | ၃၀/၄ | ပြောင်းလဲမှု | ၂၃/၄ | ၂၉/၄ | ပြောင်းလဲမှု | ၂၃/၄ | ၂၉/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၅၀ | ၁၁၁၀ | ▲ | ၁၁၅၅ | ၁၂၂၆ | ▲ | ၁၁၄၀ | ၁၂၆၆ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၀၀ | ၁၀၁၀ | ▲ | ၁၀၃၇ | ၁၀၇၆ | ▲ | ၁၀၁၃ | ၁၀၉၂ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၁၅၅ | ၁၁၄၇ | ▼ | ၁၂၉၈ | ၁၂၉၇ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၆၄၅ | ၆၉၆ | ▲ | ၆၂၅ | ၆၈၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၁၁.၄.၁၅)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၂၅.၄.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၂၅.၄.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၃၀၂၅ | ၁၅၂၃၃ | ၄၁၅၆၃ |
| ပဲတီစိမ်း | ၆၉၄၆ | ၇၆၇၅ | ၂၀၈၇၂ |
| ပဲစင်းငုံ | ၄၆၀၈ | ၃၃၄၁ | ၁၉၃၃၉ |
| ကုလားပဲ | ၁၀ | ၁၀၃၇ | ၁၅၅၅ |
| ပဲလွန်းဖြူ | ၁၃၉၉ | ၃၃၆ | ၃၂၂၂ |
| မြေထောက်ပဲ | ၆၉၆ | ၄၄၇ | ၁၄၃၃ |

# ပြည်ထောပတ်ပဲ ယခင်နှစ်ထက် ဈေးလျော့ခဲ့

ဧပြီလကုန်ပတ် ဒေသတွင်း လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲထဲမှာ ထောပတ်ပဲလည်း ပါဝင်ခဲ့ပြီး ယခုတစ်ပတ်ပဲဈေးနှုန်းမှာ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့်သာ ရရှိခဲ့ပါတယ်။

ပဲအဝင် အနည်းငယ်ရှိသော်လည်း အရောင်းအဝယ်အေးခဲ့ပါတယ်။ ဧပြီလဆန်းတွင် တစ်တင်း ၁၅၅၀၀ ကျပ်ရရှိပြီး ယခုလကုန်မှာ တစ်တင်း ၂၀၀၀ ကျပ်ခန့် ဈေးလျော့နည်းသွားသလို ယခင်နှစ်ကာလတူအချိန် ဈေးရဲ့ ထက်ဝက်ခန့် ဈေးလျော့ခဲ့ပါတယ်။ ယခင်နှစ် ဧပြီလအတွင်း ထောပတ်ပဲဈေးမှာ တစ်တင်း ၂၇၀၀၀ ကျပ်ဖြင့် ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။

ခင်ဆွေဝင်း-ပြည်

# ဧပြီလကုန်ပတ် ပြည်ပဲဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ ဈေးဆက်လက်မြင့်တက်ပြီး အရောင်းအဝယ်သွက်

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း သင်္ကြန်ပြီးကာလမှစ၍ ပဲဈေးများမြင့်တက်လျက်ရှိရာ ယခုဧပြီလကုန်ပတ်မှာ လည်း ထပ်မံမြင့်တက်လာလို့ လှောင်ပဲသမား တောင်သူအချို့ ထုတ်ရောင်းချလာခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ ရန်ကုန်ဝယ်လက်ဝယ်လိုအားရှိလို့တစ်ရက် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ တစ်တင်း ၃၇၅၀၀ ကျပ်ခန့်အထိ ရရှိခဲ့ပါတယ်။

ယခင်နှစ်က မတ်ပဲဈေးမှာ ဈေးအသင့်အတင့်သာရရှိလို့ တောင်သူများ အကျိုးအမြတ် ထိုက်သင့်သလောက် မရခဲ့သော်လည်း ယခုနှစ်မှာ ယခင်နှစ်ကထက် တစ်တင်း ၁၆၀၀၀ ကျပ်ခန့် ဈေးပိုရပြီး ပဲဈေးကောင်းရလာလို့ လက်ဝယ်လှောင်ပဲထားရှိသူများ အကျိုးအမြတ် ပိုရလာခဲ့တဲ့နှစ်ဖြစ်သလို ပဲအထွက်နည်းတဲ့ တောင်သူများလည်း တွက်ခြေကိုက်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တစ်တင်း ၃၇၅၀၀ ကျပ်ရရှိနေပြီး ဈေးကောင်းဆက်မျှော်နေတဲ့ တောင်သူများလည်း ရှိနေတယ်လို့ ပဲစိုက်တောင်သူများထံမှ သိရပါတယ်။

ပဲစင်းငုံသီးနှံကလည်း မတ်ပဲဈေးနဲ့ အပြိုင်ဈေးမြင့်ပြီး ပဲတစ်တင်း ၃၄၀၀၀ ကျပ်ခန့်ရရှိနေခဲ့ပါတယ်။ ပဲအဝင်မှာ နေ့စဉ် မရှိပေမယ့် တချို့ရက်တွေမှာ အိတ် ၅၀ နဲ့ ၁၀၀ ကြား ဝင်ရောက်ခဲ့သလို ရန်ကုန်ဝယ်လက်မှ သင်္ကြန်ပြီးချိန်မှစ၍ နေ့စဉ်အဝယ်ရှိနေခဲ့လို့ အိတ် ၁၀၀ မှ ၁၅၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ယခုနှစ် ပဲစင်းငုံဈေးလည်း ယခင်နှစ်ထက် ဈေးပိုရနေခဲ့ပါတယ်။ ယခင်နှစ် ဧပြီကုန်မှာ တစ်တင်း ၁၉၅၀၀ ကျပ်ခန့်သာရရှိခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာလည်း ၂၀၁၄ ခုနှစ်က ဈေးအေးခဲ့ပေမယ့် ယခုနှစ်ကတော့ ပဲပေါ်ချိန်မှစ၍ ဈေးတရိပ်ရိပ်တက်လာလို့ ယခုတစ်ပတ်မှာ တစ်တင်း ၂၁၀၀၀ ကျပ်ရရှိခဲ့ပါတယ်။ ယခင်နှစ်က ယခုချိန် ကုလားပဲဈေးမှာ တစ်တင်း ကျပ် ၁၅၀၀၀ ဖြင့်သာ ဈေးရခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲသီးနှံကို အုတ်ဖို၊ ပန်းတောင်းနဲ့ မင်းတုန်းဖက်မှ ဝင်ရောက်ခဲ့လို့ တစ်ရက် အိတ် ၃၀၀ ကျော်အဝင်များခဲ့သလို ဝယ်လက်ကတော့ ခွဲစက်သမားများကသာ အဓိကထားဝယ်ယူနေတယ်လို့ သိရပါတယ်။


ပဲကြီးသီးနှံမှာ ပန်းတောင်း၊ ရွှေတောင်၊ ကျီးသဲ၊ ကံမ၊ မင်းတုန်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းဘက်မှ နေ့စဉ်ဝင်ရောက်လို့ အိတ် ၃၀၀ ကျော်အထိ အဝင်ရှိနေသလို ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူခဲ့ပါတယ်။ ပဲကြီးဈေးမှာလည်း ယခုတစ်ပတ် ဈေးပိုလာလို့ (ရွှေကျွန်း) တစ်တင်း ၂၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၅၀၀ ကျပ်နဲ့ ယခင်ပတ်ထက် တစ်တင်း ၂၅၀၀ ကျပ်ခန့် ဈေးပိုရရှိခဲ့ကြောင်း သိရပါတယ်။ ဘိုကိတ်ပဲသီးနှံမှာ ပဲအဝင် ပါးလို့ တစ်ရက်အိတ် ၂၀ နဲ့ ၃၀ ကြားသာ ပန်းတောင်းမြို့နယ်ဖက်မှ ဝင်ရောက်ခဲ့ပြီး လက်လီသမားများဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ယခင်ပတ်ထက် ဈေးပိုလာခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# ပြည်ပဲပုပ် ဈေးငြိမ်နဲ့သာ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပြည်ဈေးကွက်ရဲ့ ဈေးအေးနေတဲ့ ပဲအမျိုးအစားထဲမှာ ပဲပုပ်သီးနှံလည်း ပါဝင်နေခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ပဲသစ်ပေါ်စ ဇန်နဝါရီလဆန်းမှာ တစ်တင်း ၁၇၀၀၀ ကျပ်နဲ့ ဈေးဖွင့်ရောင်းခဲ့ကြပေမယ့် ပဲအဝင် လှိုင်လာသည့်အချိန်မှစလို့ ပဲဈေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ လှောင်လက်သမားရော၊ ရန်ကုန်ဝယ်လက် အပြင် လက်လီသမားများပါ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ သင်္ကြန်ပြီးကာလမှာလည်း Export ပဲဈေးအချို့ မြင့်တက်လာပေမယ့် ပဲပုပ်သီးနှံကတော့ တစ်တင်း ၁၆၀၀၀ ကျပ်သာ လက်လီသမားများ နေ့စဉ်အဝယ်ရှိလို့ ဈေးလည်းအေး၊ အရောင်းအဝယ်လည်း အေးခဲ့တာကို တွေ့ရပါတယ်။

ခင်ဆွေဝင်း-ပြည်





# မုံရွာကုန်စည်ဒိုင်သို့ ပဲတီစိမ်းသစ်များ ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၄-၂၀၁၅ ခုနှစ် ဆောင်းသီးနှံပဲတီစိမ်း လျာထားစိုက်ဧက ၉ သောင်းကျော်မှာ ဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၁၁၇ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုံရွာမြို့နယ်၊ အမြင့်ကျေးရွာရှိ ချင်းတွင်းမြစ်ရေဝင် မြေနုကျွန်းကျေးရွာများဖြစ်သော ညောင်ဖြူပင်၊ ဘုဘ၊ နဂါးတွင်း၊ သစ်စိမ့်ကျေးရွာများတွင် ဆောင်းပဲတီစိမ်းများ ဧပြီလ စတုတ္ထပတ်တွင် စတင်ထွက်ပေါ်လာပြီး မုံရွာကုန်စည်ဒိုင်သို့ ပဲတီစိမ်းသစ်များ တစ်ရက်ကို အိတ် ၇၀၀ -၈၀၀ ဝင်ရောက်ခဲ့ရာ အသစ်ဈေး တစ်တင်းကို ၄၀၇၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ပါတယ်။

တရုတ် Export ဝယ်လက်ရှိလို့ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်သလောက် အရောင်းအဝယ်ဖြစ်ကာ ဝယ်လိုအားများပြီး ရောင်းလိုအားနည်းနေလို့ ဈေးတက်ရိပ်ပြနေကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ ပဲတီစိမ်း တစ်တင်း ပေါက်ဈေး နိမ့်၊ မြင့်မှာ ဧပြီလ တတိယပတ်မှာ ၄၀၅၀၀ ကျပ်-၄၀၃၀၀ ကျပ်မှ စတုတ္ထပတ်မှာ ၄၀၇၀၀ ကျပ်၊ ၄၁၀၀၀ ကျပ်သို့ ဈေးတက်ရိပ်ပြခဲ့ပါတယ်။

သန်းသန်းတင်-မုံရွာ

# ယခုနှစ် ပြည်စားတော်ပဲ ဈေးကောင်းမရဘဲ လက်လီသာအရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ စားတော်ပဲသီးနှံအနေဖြင့် မင်းတုန်း၊ ပန်းတောင်းမြို့နယ်များမှ အဝင်ရှိခဲ့တာကြောင့် တစ်ရက်ကို အိတ် ၄၀ မှ ၅၀ ကျော်အထိ ဝင်ရောက်မှုရှိနေပါတယ်။ ဝယ်လက်ကတော့ ဒေသအတွင်း လက်လီသမားများမှ နေ့စဉ်ဝယ်ယူလို့ ပုံမှန် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

စားတော်ပဲသီးနှံဈေးမှာ တစ်တင်း ၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ အခြားပဲများ ယခုနှစ်မှာ ဈေးကောင်းလာပေမယ့် စားတော်ပဲဈေးမှာ ယခင်နှစ်ဈေးကို မမီခဲ့ဘဲ ဈေးအေးခဲ့တဲ့နှစ်ဖြစ်ပါတယ်။

ယခင်နှစ်က စားတော်ပဲသီးနှံဈေးမှာ တစ်တင်း ၂၉၀၀၀ ကျပ်နဲ့ ဧပြီလကုန်မှာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# မုံရွာကုန်စည်ဒိုင် ဧပြီလကုန်ပတ် ပဲဈေးကွက် ဆက်လက် အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဧပြီလကုန်ပတ် ပဲဈေးကွက်မှာ ဒေသတွင်း လုပ်ငန်းသုံးဝယ်လက်နဲ့ ရန်ကုန် Export ဝယ်လက်ဆက်လက်ကောင်းမွန်နေလို့ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကထက် ပဲအများစုတက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်လည်း သွက်လာခဲ့တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်နဲ့ကာလတူ ပဲဈေးကွက်မှာလည်း ပဲအများစု တက်ဈေးဖြစ်ပေါ်ခဲ့တာ အောက်ပါအတိုင်း တွေ့ရပါတယ်-

| သီးနှံအမည် | ရေတွက်ပုံ | ယခင်နှစ်ကာလတူ အမြင့်ဆုံးဈေး | ယခင်အပတ် အမြင့်ဆုံးဈေး | ယခုအပတ် အမြင့်ဆုံးဈေး |
|---|---|---|---|---|
| ကုလားပဲ (ဝမ်) | တစ်တင်း | ၁၄၀၀၀ | ၁၉၅၀၀ | ၂၀၃၀၀ |
| ကုလားပဲ (V2) | တစ်တင်း | ၁၅၃၀၀ | ၁၉၅၀၀ | ၂၁၀၀၀ |
| ကုလားပဲ ( 929 ) | တစ်တင်း | ၁၄၁၀၀ | ၁၉၅၀၀ | ၂၁၀၀၀ |
| ပဲတီစိမ်းကြီး | တစ်တင်း | ၃၄၅၀၀ | ၄၀၅၀၀ | ၄၁၀၀၀ |
| ပဲစင်းငုံနီ | တစ်တင်း | ၁၉၈၀၀ | ၃၄၀၀၀ | ၃၄၅၀၀ |
| ထောပတ်ပဲ | တစ်တင်း | ၂၅၃၀၀ | ၁၄၀၀၀ | ၁၃၅၀၀ |
| ပဲကြီး | တစ်တင်း | ၂၃၅၀၀ | ၂၂၅၀၀ | ၂၃၅၀၀ |
| မတ်ပဲ | တစ်တင်း | ၂၀၇၀၀ | ၃၃၀၀၀ | ၃၇၀၀၀ |
| စွန်တာနီ | တစ်တင်း | ၁၆၀၀၀ | ၁၅၃၀၀ | ၁၅၇၀၀ |
| ပဲနီလုံးကြား | တစ်တင်း | ၁၆၅၀၀ | ၁၅၇၀၀ | ၁၅၂၀၀ |
| ပဲလွန်းပြာ | တစ်တင်း | ၁၃၂၀၀ | ၁၅၃၀၀ | ၁၅၅၀၀ |
| ပုဂံပဲ | တစ်တင်း | ၃၆၂၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |
| မြေထောက်ပဲ | တစ်တင်း | - | ၁၉၀၀၀ | ၂၀၀၀၀ |
| စီပီပြောင်း | တစ်တင်း | ၆၆၀၀ | ၇၅၀၀ | ၈၀၀၀ |

ကုလားပဲမျိုးစုံဈေးကွက်မှာ Export မရှိပေမယ့် ဒေသတွင်း လုပ်ငန်းအချို့တွင် မရှိမဖြစ်လိုအပ်တဲ့ အဓိကကုန်ကြမ်းဖြစ်တာမို့ တဖြည်းဖြည်းလျော့လာတဲ့ ပဲအခြေအနေကြောင့် ဝယ်လိုအားမြင့်လာတဲ့အတွက် အခုလိုဈေးဆက်လက်တက်နေခြင်းဖြစ်ရာ အရောင်းအဝယ်အားဖြင့်လည်းတစ်ရက်အိတ် ၅၀၀ ခန့် နေ့စဉ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ပဲတီစိမ်းကြီးအနေနဲ့ ပဲဟောင်းကုန်ချိန်မှာ ချောင်းဦးနယ်ဘက်က ရေသွင်းပဲတီတွေ အဝင်သွက်လာပြီး အရည်အသွေးကောင်းတဲ့အတွက် တရုတ်ဝယ်လက်အဝယ်သွက်ခဲ့ကာ တစ်ရက် အိတ် ၇၀၀ ခန့် နယ်အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ်ငုံနီဈေးကွက်မှာတော့ ဝယ်လိုအားများပြီး ရောင်းလိုအား လျော့နေလို့ တစ်ရက်ထက်တစ်ရက် တက်ဈေးဖြစ်ပေါ်နေပြီးအရောင်းအဝယ်ကတော့ တစ်ရက်အိတ် ၃၀၀၊ ၄၀၀ ဝန်းကျင်သာဖြစ်ခဲ့တယ်လို့ သိရပါတယ်။

မတ်ပဲဈေးကွက်အနေနဲ့ Export ဝယ်လက်ရှိပေမယ့် ဒိုင်မှာရှိတဲ့ ပဲလက်ကျန်မှာ ဒေသသုံးဝယ်လက်အဆွဲသာရှိလို့ တက်ဈေးဖြစ်ပေါ်ခဲ့ပေမဲ့ တစ်ရက် အိတ် ၁၅၀၊ ၂၀၀ ခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ စွန်တာနီနဲ့ ပဲနီလုံးကြားဈေးကွက်တွေက ဒိုင်မှာပဲလက်ကျန်ရှိသလို ဒေသတွင်း လုပ်ငန်းသုံးဝယ်လိုအားသာရှိလို့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်အေးသွားပေမယ့် အရောင်းအဝယ်ဖြစ်တဲ့နေ့မှာ အိတ် ၁၀၀၀ ခန့် ရှိတယ်လို့ ဆိုပါတယ်။ Export ဝယ်လက်ပျောက်နေတဲ့ ပုဂံပဲက တစ်တင်း ၁၇၅၀၀ ကျပ်မှာ ဆက်လက်ငြိမ်နေပြီး ဒေသတွင်း လက်လီအရောင်းသာ ရှိတယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ပဲဈေးကွက်မှာ ဒိုင်ပဲလက်ကျန်၊ နယ်အဝင်ပဲနဲ့ ဝယ်လိုအားတွေ ပေါ်ချိန်ဆပြီး ကုန်သည်ပွဲစားတွေ အဝယ်အရောင်းသွက်ခဲ့လို့ ခုလိုတက်ဈေးနဲ့ အရောင်းအဝယ် အသက်ဝင်နေတာဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



# ဈေးမာပေမယ့် အရောင်းအဝယ် အနည်းငယ်အေးနေတဲ့ မန်းကုန်စည်ဒိုင်မှ သီးနှံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ ဧပြီလ နောက်ဆုံးပတ်အတွင်း ပဲမျိုးစုံဈေး မာပေမယ့် အရောင်းအဝယ်လေးနေတန့်နေကြောင်း သိရပါတယ်။

ဧပြီလ နောက်ဆုံးတစ်ပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၁၈၇ ကျပ် (တစ်တန် ၁၃၃၉၂၉၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်း အိတ် ၁၅၀၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၇၉၂ ကျပ် (တစ်တန် ၄၈၅၀၁၃ ကျပ်) နဲ့ သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၈၃ ကျပ် (တစ်တန် ၆၆၃၂၁၈ ကျပ်)နဲ့ သုံးတင်းအိတ် ၃၀၀ ကျော်၊ ပဲကြီး တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်) နဲ့ သုံးတင်းအိတ် ၅၀၀ ခန့်၊ ပဲနီပြား တစ်ပိဿာ ၁၀၆၈ ကျပ် (တစ်တင်း ၆၅၄၀၃၃ ကျပ်)နဲ့ သုံးတင်းအိတ် ၂၅၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၂၀ ကျပ် (တစ်တန် ၅၆၃၃၉၉ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း သုံးတင်းအိတ် ၆၀၀ ခန့်၊ ထောပတ်ပဲကြီး တစ်ပိဿာ ၁၀၆၇ ကျပ်(တစ်တန် ၆၅၃၄၂၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲဇီးကွက် တစ်ပိဿာ ၇၉၈ ကျပ် (တစ်တန် ၄၈၈၆၈၇ ကျပ်)နဲ့ သုံးတင်းအိတ် ၃၀၀ ကျော်၊ နိုင်လွန်ပဲ တစ်ပိဿာ ၈၇၈ ကျပ်(တစ်တန် ၅၃၇၆၇၈ ကျပ်)နဲ့ သုံးတင်းအိတ် ၃၀၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၂၀၄ ကျပ် (တစ်တန် ၇၃၇၃၁၈ ကျပ်)နဲ့ သုံးတင်းအိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ ပဲများကို တရုတ်ဝယ်လက်များမှ ဝယ်ယူမှုရှိလို့ ယခုတစ်ပတ်မှာတော့ ဈေးမာပေမယ့် အရောင်းအဝယ် အနည်းငယ်အေးလျက်ရှိသလို ရန်ကုန်နဲ့ အိန္ဒိယဝယ်လက်အဆွဲရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံနဲ့ ကုလားပဲများမှာလည်း ဈေးနှုန်းသင့်တင့်ပေမယ့် အရောင်းအဝယ် အနည်းငယ် အေးလျက်ရှိပါတယ်။

ယခုတစ်ပတ် မတ်ပဲ တစ်ပိဿာ ၁၈၃၃ ကျပ်(တစ်တန် ၁၁၂၂၅၁၁ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့်၊ ပဲစင်းငုံ တစ်ပိဿာ ၁၇၅၀ ကျပ် (တစ်တန် ၁၀၇၁၆၈၃ ကျပ်)နဲ့ ပဲစင်းငုံရွှေ (အဖြူ) တစ်ပိဿာ ၁၇၈၃ ကျပ် (တစ်တန် ၁၀၉၁၈၉ ကျပ်)နဲ့ ပဲစင်းငုံ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၁၇၀၀ ခန့် နေ့စဉ် အရောင်းအဝယ် ဖြစ်နေပါတယ်။ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၁၀၀ ကျပ်(တစ်တန် ၆၇၃၆၂၉ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၀၉၃ ကျပ် (တစ်တန် ၆၆၉၃၄၂ ကျပ်)နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်များကို ပြည်ပ (အိန္ဒိယ) ဝယ်လိုမှုလျော့နည်းနေပေမယ့် ဒေသတွင်း ပဲခွဲစက်၊ အမှုန့်ကြိတ်စက်နဲ့ လျှောင်လက်များက ပုံမှန်ဝယ်ယူမှုရှိနေတာကြောင့် ရောင်းဝယ်မှု သိသိသာသာ ကျဆင်းခြင်းမရှိသလို ဈေးနှုန်းမှာလည်း တည်ငြိမ်မှုရှိကြောင်း သိရပါတယ်။

ပြည်ပ(တရုတ်) ဝယ်လက်မှ ဝယ်ယူမှုရှိသလို ပြည်တွင်းအစာစပ်လုပ်ငန်းနှင့် လျှောင်လက်များမှ ဝယ်ယူမှုရှိတာကြောင့် ပြောင်းဖူးစေ့များ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၁၇ ကျပ် (တစ်တန် ၂၅၅၃၆၇ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၃၇၀ ကျပ် (တစ်တန် ၂၂၆၅၈၄ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၂၆ ကျပ် (တစ်တန် ၂၆၀၈၇၈ ကျပ်)နဲ့ နေ့စဉ် ပြောင်းဖူးစေ့ သုံးမျိုးပေါင်း သုံးတင်းအိတ် ၂၀၁၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

အထွက်တိုးပြောင်း တစ်ပိဿာ ၅၀၉ ကျပ် (၃၁၁၇၀၇ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၄၅၆ ကျပ် (တစ်တန် ၂၇၉၂၅၀ ကျပ်)နဲ့ အရောင်းအဝယ်ပြုလုပ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ တစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံများ ဈေးအေးသလို အရောင်းအဝယ်လည်း အေးလျက်ရှိပါတယ်။

ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၃၇၈ကျပ်(တစ်တန် ၁၄၅၆၂၆၃ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၂၁၁၁ ကျပ် (တစ်တန် ၁၂၉၂၇၅၅ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၁၉၅၆ ကျပ်(တစ်တန် ၁၁၉၇၈၃၅ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၆၆၇ ကျပ် (တစ်တန် ၂၈၅၈၀၂၄ ကျပ်) နဲ့ အထက်ပါနှမ်းလေးမျိုး နေ့စဉ်သုံးတင်းအိတ် ၇၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဒေသတွင်း ဆီစက်များမှ ဝယ်လိုအားကောင်းတဲ့ ပန်းနှမ်း တစ်ပိဿာ ၁၆၆၇ ကျပ် (တစ်တန် ၁၀၂၀၈၅၄ ကျပ်)နဲ့ ဈေးမာပြီး နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲဆန် (၁ လုံးဆန်) တစ်ပိဿာ ၂၅၅၀ ကျပ်နဲ့ ဈေးငြိမ်လျက်ရှိပေမယ့် နေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပဲအများစု ဈေးမာနေပေမယ့် ဝယ်လိုအား နည်းတာကြောင့် အရောင်းအဝယ်ဖြစ်တဲ့ပမာဏ အနည်းငယ်လျော့ကျပြီး၊ ပြောင်းဖူးစေ့များ အရောင်းအဝယ် သွက်လက်လာပါတယ်။ နှမ်းမျိုးစုံမှာ ဈေးအေးသလို အရောင်းအဝယ်အေးပြီး မြေပဲဆန်မှာ ပြည်ပ (တရုတ်) ဝယ်လိုအားကောင်းကြောင်း ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

**၂၇-၄-၂၀၁၅ မှ ၃၀-၄-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 156 | 5,906,786.022 |
| 2 | Form D | 36 | 2,684,819.050 |
| 3 | Form E | 57 | 862,981.660 |
| 4 | Korea GSP | 3 | 123,536.000 |
| 5 | Form AK | 23 | 930,355.350 |
| 6 | Form AJ | 9 | 182,129.780 |
| 7 | Form AI | 30 | 946,742.553 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 314 | 11,637,350.415 |

## နနွင်း

### ယခင်တစ်ပတ်ထက် နနွင်းတန်ချိန် ၂၇၀ ကျော် ပိုမိုတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီလ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း နနွင်း ၅၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်ကို ၁၀၄ တန်၊ မလေးရှားနိုင်ငံကို ၂၄၂ တန်၊ စင်ကာပူ ကို ၁၆၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံကို အများ ဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၂၄၀ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၇၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၆၁၄၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်းနနွင်းဈေးကွက်ကို ပင်းတယနနွင်း အဝင်များ

ရှမ်းနနွင်းလည်း သင်္ကြန်ပြီးကာလမှာ အရောင်းအဝယ်ကောင်းခဲ့ပေမယ့် ဒီတစ်ပတ်၊ နှစ်ပတ်မှာတော့ အရောင်းအဝယ်က ပြန်အေးသွားပါတယ်။ အဝင်ကလည်းပုံမှန်သာရှိနေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ပင်းတယဘက်မှ နနွင်းတွေသာ အဝင်များပါတယ်။ မူဆယ်ဝယ်လက်တွေကလည်း အဝယ်နားနေပြီး၊ ပြည်တွင်းသုံးအတွက်သာ အနည်းအကျဉ်းဝယ်ယူနေလို့ နနွင်းကလည်း ချင်းလိုပဲ အရောင်းအဝယ် ခပ်အေးအေးသာဖြစ်နေပါတယ်။ နနွင်းကလည်း တစ်နှစ်ပတ်လုံး ရောင်းရတဲ့ ပစ္စည်းဖြစ်တာကြောင့် အသစ်နဲ့ အဟောင်းက ဆက်စပ်နေပါတယ်။ အခုဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတာက နနွင်းအသစ်တွေဖြစ်ပြီး၊ အဟောင်းကတော့ လက်ကျန်က မရှိသလောက်ဖြစ်သွားပြီလို့လည်း သိရပါတယ်။ ဒီနှစ်က အိမ်နီးချင်းနိုင်ငံတွေအနက် တရုတ်ကသာ ခပ်များများဝယ်ယူနေပါတယ်။ နနွင်းကို ဟင်းခပ်အမွှေးအကြိုင်အတွက်နဲ့ ကျန်းမားရေးအတွက် ဆေးဖော်စပ်ဖို့ ဝယ်ယူနေလို့ မနှစ်ကထက်တော့ အရောင်းသွက်လာပါတယ်။ ဒီတစ်ပတ် နနွင်း တစ်ပိဿာ ပေါက်ဈေးတွေကတော့ ပင်းလောင်းနနွင်းဆိုရင် ၁၂၀၀ ကျပ်-၁၃၀၀ ကျပ်၊ တောင်ပို့လက ၁၄၀၀ ကျပ်-၁၈၀၀ ကျပ်၊ ဆင်တောင်နနွင်းက ၂၂၀၀ ကျပ်-၂၃၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## မန်ကျည်း

### ပြည်မန်ကျည်းသီးအရောင်းအဝယ်ဖြစ်

စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်တဲ့ မန်ကျည်းသီးကတော့ ပွဲရုံများတွင် အဝယ်ဖွင့်လျက်ရှိပြီး တင်ပို့မှုနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိနေကြောင်း တွေ့ရပါတယ်။ ပွဲရုံများသို့ ပြည်မြို့အနီးအနားဒေသများမှ ထွက်ရှိသော မန်ကျည်းသီးများ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ မှော်ဇာ၊ ပေါင်းတလည်နဲ့ ဆင်တဲ၊ ပန်းတောင်း၊ ဥသျှစ်ပင်တို့မှ တစ်နေ့ကို မန်ကျည်းသီး ပိဿာချိန် ၄၀၀၊ ၅၀၀ ဝင်ရောက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်ဘက်မှ အဝယ်ရှိခြင်းကြောင့် ရခိုင်၊ တောင်ကုတ်တို့မှ တစ်ရက်ကို ပိဿာချိန် ၃၀ ပါ အိတ် ၂၈၀-၃၀၀ အတင်ရှိကြောင်းလည်း သိရပါတယ်။

ပြည်ပွဲရုံတွင် မန်ကျည်းသီး တစ်ပိဿာ ပေါက်ဈေး အစေ့လွတ် ၈၅၀ ကျပ်နဲ့ အစေ့ပါ တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး၊ လက်လီတစ်ပိဿာ ဈေး အစေ့လွတ်ကတော့ ၁၀၀၀ ကျပ်-၁၂၀၀ ကျပ်ဈေးအထိ ဖြစ်ခါ အရောင်းအဝယ် ဖြစ်လျက် ရှိနေပါတယ်။

**နီနီဝင်း-ပြည်**

### ကျောက်ပန်းတောင်းမြို့ မန်ကျည်းဈေးကွက်

ကျောက်ပန်းတောင်းမြို့နယ်တွင် မန်ကျည်းအသား ထိပ်စ ၁၀၅၀ ကျပ်၊ အသားအလတ်စ ၉၅၀ ကျပ်၊ အောက်စ ၈၅၀ ကျပ်ရှိပြီး၊ မန်ကျည်းအသားထိပ်စ ပုပ္ပါးစ ၁၂၀၀ ကျပ်၊ မန်ကျည်းအလုံး အကြောဆွဲ တစ်ပိဿာ ၆၀၀ ကျပ်၊ မန်ကျည်းအလုံးအကြောပါ (ရှမ်းစ) တစ်ပိဿာ ၄၇၀ ကျပ်၊ မန်ကျည်းအလုံး အကြောပါ (ကျောက်ပန်းတောင်းစ) ၅၄၀ ကျပ်၊ မန်ကျည်းစေ့ တစ်ပိဿာ ၃၀၀ ကျပ်နဲ့ မန်ကျည်းအစေ့ကိုလှော်ပြီး ဝက်စာအဖြစ်အသုံးပြုကြပါတယ်။ မန်ကျည်းအသား တစ်ပိဿာ သုံးသောင်းကျပ်ခန့် ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ တင်ပို့ရောင်းချကြောင်း သိရပါတယ်။

**ထားအိဝင်း-မန္တလေး**



## ချင်း

### သင်္ကြန်ကျော်လို့ အရောင်းအဝယ်အေးသွားတဲ့ ပြည်ချင်းဈေးကွက်

ပြည်ချင်းဈေးမှာ ယခုတစ်ပတ်အတွင်း တစ်ပိဿာကို (ဂွန်) ၁၂၀၀ ကျပ်-၁၄၀၀ ကျပ်၊ (ရှယ်) ၁၅၀၀ ကျပ်-၁၉၀၀ ကျပ်တို့ဖြစ်ပြီး သင်္ကြန်မတိုင်ခင်ဈေးထက် အနည်းငယ်ကျသွားပါတယ်။ အဝင်အားဖြင့် အောင်ပန်းဘက်မှ ချင်းများအခါသင်္ကြန်မတိုင်မီ တစ်ပတ်ကို ပိဿာ ၃၀ ဝင်အိတ် ၁၀၀ ခန့် အဝင်ရှိခဲ့ပြီး ယခုတစ်ပတ်အဝင်မှာတော့ အဝင်မရှိဘဲ လက်ကျန်ချင်းများနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ဈေးကွက်ရှိ ပွဲရုံများ၌ သင်္ကြန်ရက်အတွင်း တစ်နေ့ကို ပိဿာချိန် ၈၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခုတစ်ပတ်အတွင်း တစ်နေ့ ပိဿာချိန် ၁၅၀ ခန့်နဲ့ အရောင်းအဝယ် အေးသွားပါတယ်။ ဧရာဝတီနဲ့ ရခိုင်ပြည်နယ်သို့ ပြည်ဈေးကွက်မှ တစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့်တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ချင်းခက်အလုများ ဈေးမြင့်ပြီး အရောင်းအေးတဲ့ အောင်ပန်းချင်း

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်းအဝင်ကပုံမှန်ရှိနေပေမဲ့ ဈေးကတော့ နည်းနည်းအေး နေပါတယ်။ တောင်သူတွေရဲ့ လက်ထဲမှာတော့ ပစ္စည်း လက်ကျန်က ရှိနေပါသေးတယ်။ မူဆယ်ဝယ်လက်တွေ ကတော့ ချင်းမျိုးဝယ်ယူနေတာကို ခဏရပ်သွားတာရယ်၊ ဈေးပတ်သမားတွေလောက်သာ အဝယ်ရှိနေတာရယ်ကြောင့် ဈေးကလည်း အေးသွားပါတယ်။ ဈေးကွက်ထဲမှာလည်း ညှံ့စနဲ့ လတ်စကသိပ်မရှိဘဲ၊ ထိပ်စတွေဖြစ်တဲ့ အခက်ကြီး၊ လှတွေသာ များပါတယ်။ တစ်ရက်ကို ပိဿာချိန် နှစ်ထောင်မှ လေးထောင်ခန့် အဝင်ရှိပြီး ဈေးပတ်သမားတွေကို ပြန်ရောင်းရတာကတော့ တစ်ရက်ကို ပိဿာချိန် တစ်ထောင့်နှစ်ရာမှ နှစ်ထောင်ခန့် သာရှိပါတယ်။ ချင်းဈေးကမြင့်နေတော့ အရောင်းအဝယ်ကလည်း ခပ်အေးအေးသာ ဖြစ်တယ်လို့ သိရပါတယ်။ တချို့တောင်သူတွေကတော့ သင်္ကြန်မတိုင်မီမှာ ခပ်စောစောပဲပြန်စိုက်နေကြသလို တချို့တောင်သူကတော့ အခုမှ မျိုးတွေကို ဝယ်ယူနေတုန်းပါပဲ၊ ဥမတွေကတော့ အစောဆုံး ခုနစ်လပိုင်းမှာပြန်ပြီးထွက်နိုင်တယ်လို့ ဆိုပါတယ်။ အခုဈေးကွက်မှာရှိနေတဲ့ ထိပ်စချင်းတွေကတော့ တစ်ပိဿာကို ၁၀၀၀ ကျပ်-၁၁၀၀ ကျပ်-၁၁၅၀ ကျပ် ဈေးရှိပါတယ်။ လက်ကျန်တွေလည်း အတော်များများရှိနေသေးတာကြောင့် အဝင်များလာရင် ဈေးကတော့ ဒီထက်ကျလာနိုင်သေးတယ်လို့ သိရပါတယ်။ ဈေးပတ်သမားတွေကတော့ ချင်းထိုးဖို့နဲ့ လက်လီရောင်းဖို့အတွက်သာ ဝယ်ယူနေတာကြောင့် ခပ်များများလည်း အရောင်းအဝယ်မဖြစ်ဘူးလို့ ချင်းပွဲရုံတွေက သိရပါတယ်။ ချင်းခြောက်ကိုတော့ ပွဲရုံတွေက တစ်ပိဿာကို ၁၈၀၀ ကျပ်-၂၀၀၀ ကျပ်ဈေးနဲ့ ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။


**ဇေခိုင်-တောင်ကြီး**

## ကြက်သွန်နီ

### ပြည်ကြက်သွန်နီ အဝင်လျှိုင်၍ ဈေးအနည်းငယ်ကျ

ဧပြီလနောက်ဆုံးပတ် ပြည်ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီအိတ်များ လျှိုင်လျှိုင်ဝင်ရောက်လာတာ တွေ့ရပါတယ်။ အခါသင်္ကြန်ပြီး အရောင်းအဝယ်လည်း ဖြစ်နေပါတယ်။ ပြည်အနီးတစ်ဝိုက် အောင်လံ၊ တောင်တွင်း၊ မကွေးတို့ဘက်မှလည်း အဝင်ရှိပြီး ဒေသတွင်းဖြစ်သော ပြည်၊ မှော်ဇာ၊ ပေါင်းတလည်တို့မှ ကြက်သွန်များလည်း ပွဲရုံများသို့ ဝင်ရောက်လာတာလည်း တွေ့ရပါတယ်။ ယခုကြက်သွန်နီ (ပွဲရုံ) ပေါက်ဈေး (ကြီး) တစ်ပိဿာ ၄၀၀ ကျပ်၊ (လတ်) ၃၆၀ ကျပ်နဲ့ (သေး) ၃၀၀ ကျပ်တို့ဖြစ်ပြီး လက်လီ၊ လက်ကားဈေးသည်များကတော့ တစ်ပိဿာကို (ကြီး) ၅၅၀ ကျပ်၊ (လတ်) ၅၀၀ ကျပ်နဲ့ သေး ၄၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိနေပါတယ်။ ကြက်သွန်နီပွဲရုံများအနေဖြင့် တစ်ရက်ကို အိတ် ၈၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**



## သီဟိုဠ်

### မြဝတီနဲ့ ကော့သောင်းနယ်စပ်မှ သီဟိုဠ်စေ့ ၁၉ တန်နီးပါးတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဧပြီလ ၁ ရက်မှ ၂၄ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၄၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၉ တန်နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။မြဝတီကုန်သွယ်ရေးဇုန်က သီဟိုဠ်စေ့ တန်ချိန် ၃ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်းတင်ပို့နိုင်ခဲ့ပြီး ကော့သောင်းနယ်စပ်စခန်းကတော့ တန်ချိန် ၁၅ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၁၈သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်အတွင်း သီဟိုဠ်စေ့တင်ပို့မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| စဉ် | လ | တန် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဧပြီ | ၃၂. ၈၀၀ | ၀. ၂၄၉ |
| ၂။ | မေ | ၁၂. ၈၀၀ | ၀. ၀၉၇ |
| ၃။ | ဇွန် | ၁၆. ၅၀၀ | ၀. ၁၂၅ |
| ၄။ | ဇူလိုင် | ၁၃. ၃၂၀ | ၀. ၁၀၁ |
| ၅။ | ဩဂုတ် | ၃၅. ၁၈၀ | ၀. ၂၆၇ |
| ၆။ | စက်တင်ဘာ | ၃၃. ၄၂၀ | ၀. ၂၅၄ |
| ၇။ | အောက်တိုဘာ | ၉. ၁၀၀ | ၀. ၀၆၉ |
| ၈။ | နိုဝင်ဘာ | ၁၉. ၂၀၀ | ၀. ၁၂၀ |
| ၉။ | ဒီဇင်ဘာ | ၂၆. ၆၀၀ | ၀. ၂၀၂ |
| ၁၀။ | ဇန်နဝါရီ | ၁၇. ၇၀၀ | ၀. ၁၃၅ |
| ၁၁။ | ဖေဖော်ဝါရီ | ၁၁. ၈၈၀ | ၀. ၀၉၀ |
| ၁၂။ | မတ် | ၁၉. ၅၂၀ | ၀. ၁၄၈ |

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက သီဟိုဠ်စေ့တန်ချိန် ၂၄၈ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၈၅၇ သန်း တင်ပို့နိုင်ခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နဲ့ နှိုင်းယှဉ်ပါက ၁၂၉ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

# စီးပွားရေးထိခိုက်လွယ်မှုနှင့် လွဲဟန်ရှိသောအယူအဆ

|သိန်းမြင့်ဝေ|

**နိုင်ငံငယ်နှင့်ပြင်ပရိုက်ခတ်မှု**

နိုင်ငံငယ်များစွာသည် ပြင်ပစီးပွားရေး ရိုက်ခတ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်ပြီး မိမိတို့နိုင်ငံ၏ တစ်ဦးကျတိုင်းပြည်ဝင်ငွေ (GDP per capita) မြင့်မားရေးကို စီမံခန့်ခွဲကြပါသည်။ တစ်နည်းအားဖြင့် စီးပွားရေး ထိခိုက်လွယ်မှုနှင့် ဆက်နွယ်လျက်ရှိသော ဆိုးကျိုးများကို ချေဖျက်နိုင်သည့်နည်းလမ်းများကို အသုံးပြုစီမံခန့်ခွဲနေကြသည်ဟု ပြောဆိုနိုင်သည်။ ဤအခြင်းအရာကို ပါမောက္ခဘရီဂူဂလီယို က စင်ကာပူနိုင်ငံ၏ လွဲဟန်ရှိသောအယူအဆ (Singapore paradox) အဖြစ် ခေါ်ဝေါ်သမုတ်ခဲ့သည်။ ဆိုလိုသည်မှာ ကျွန်းနိုင်ငံငယ်ဖြစ်သော စင်ကာပူသည် ပြင်ပရိုက်ခတ်မှု (Exogenous shock) များစွာကို ရင်ဆိုင်ကြုံတွေ့ရသော်လည်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားစေရန် စွမ်းဆောင်နိုင်ပြီး တစ်ဦးကျ တိုင်းပြည်ဝင်ငွေမြင့်မားစေရန် စီမံခန့်ခွဲနိုင်ခဲ့သည်။ ပြင်ပရိုက်ခတ်မှုများအား စင်ကာပူ၏ တုံ့ပြန်ဖြေရှင်းနိုင်စွမ်းသည် ကုန်သွယ်ရေးနှင့် စီးပွားရေးကို လွတ်လပ်ခွင့်ပြုပြီး စီးပွားရေးထိခိုက်လွယ်မှုနှင့် ရင်ဆိုင်နေရသည့် မြန်မာကဲ့သို့ သောနိုင်ငံငယ်များအတွက် အတုယူဖွယ်ဖြစ်သည်။

**လက်ရှိစီးပွားရေးထိခိုက်လွယ်မှုညွှန်းကိန်း**

မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇူလိုင် လ ၂၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ စီးပွားရေး ထိခိုက်လွယ်မှုညွှန်းကိန်းနှင့် သက်ဆိုင်သည့် အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

- ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းကို ကုလသမဂ္ဂက ၂၅ နိုင်ငံဖြင့် စတင်သတ်မှတ်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ၄၈ နိုင်ငံရှိပါသည်။ မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်မှစတင်၍ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ခဲ့ပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံသတ်မှတ်ရေး ပြန်လည်သုံးသပ်မှု စံနှုန်းများမှာ ဝင်ငွေနိမ့် ကျမှုညွှန်းကိန်း (Gross National Income-GNI)၊ လူသား အရင်းအမြစ်ညွှန်းကိန်း (Human Assets Index-HAI) နှင့် စီးပွားရေး ထိခိုက်လွယ်မှု ညွှန်းကိန်း (Economic Vulnerability Index-EVI) တို့ဖြစ်ပါသည်။
- EVI သည် လူဦးရေ၊ ဝေးလံခေါင်သီမှု၊ ပို့ကုန်အမယ်နည်းပါးမှု၊ ဂျီဒီပီတွင် လယ်ယာသားငါး သစ်တောကဏ္ဍပါဝင်မှုအချိုး၊ မြေနိမ့်ကမ်းခြေဒေသရှိလူဦးရေ အချိုး၊ ပို့ကုန်နှင့် ပြည်ပဝန်ဆောင်မှုလုပ်ငန်းများ မတည်ငြိမ်မှု၊ သဘာဝဘေးသင့်ဒုက္ခသည်များ၊ လယ်ယာကဏ္ဍထုတ် လုပ်မှုမတည်ငြိမ်ခြင်း စသည့်ညွှန်းကိန်းများကို ပေါင်းစည်းတွက်ချက်ခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရန် EVI အဆင့် ၃၂ မှတ်ရှိရပါမည်။ လက်ရှိ မြန်မာနိုင်ငံ၏ EVI သတ်မှတ်မှုအဆင့်မှာ ၄၅ မှတ်ခန့်ရှိနေသောကြောင့် သတ်မှတ်ချက် ပြည့်မီရန် လိုအပ်လျက်ရှိပါသည်။

**စီးပွားရေးထိခိုက်လွယ်မှု**

စီးပွားရေးထိခိုက်လွယ်မှု သို့မဟုတ် စီးပွားရေးအထိခိုက်မခံနိုင်ခြင်းဆိုသည်မှာ စီးပွားရေးကို အလွန် အမင်းဖွင့်လှစ်ပြီး ပို့ကုန်အပေါ် မှီခိုလွန်းသည့် နိုင်ငံငယ်များအတွက် ပြင်ပရိုက်ခတ်မှုများ (External shocks) ကို ရင်ဆိုင်ကြုံတွေ့ရခြင်းဖြစ်သည်။ ဤအခြေအနေတွင် လိုအပ်သော ညှိနှိုင်းမှုများနှင့် ကောင်းမွန်သောပေါ်လစီတုံ့ပြန်မှုများမရှိပါက ဆုံးရှုံးနိုင်ခြေ (Risk) ပိုမိုများပြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆိုးကျိုးဖြစ်စေနိုင်သည်။ ဒုက္ခပေးသည့်ရိုက်ခတ်မှုများ (Downside shocks) ၏သက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနိုင်ခြေက စီးပွားရေးတိုးတက်မှုအပေါ် ဆိုးကျိုးဖြစ်စေနိုင်သည်။ ဤဆိုးကျိုးသည် အကျိုးပြုသည့်ရိုက်ခတ်မှုများ (Positive shocks) ကြောင့်ဖြစ်ပေါ်လာသည့် ကောင်းကျိုးထက် အဆများစွာ ပိုမိုကြီးမားနိုင်သည်။ စီးပွားရေးလွတ်လပ်ခွင့် ပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် External shocks ကိုမတုံ့ပြန်နိုင်ပါက ကောင်းကျိုးထက် ဆိုးကျိုးကိုပို၍ ခံစားရမည်ဟု ဆိုလိုသည်။ အထူးသဖြင့်ဂျီဒီပီ (GDP) နှင့် ပို့ကုန်ရငွေ (Export earnings) အတက်အကျပြင်းထန်ခြင်းကို ရင်ဆိုင်ရမည်ဖြစ်သည်။

**စီးပွားရေးပြန်လည်ဦးမော့နိုင်စွမ်း**
**(Economic Resilience)**

စီးပွားရေးပြန်လည်ဦးမော့နိုင်စွမ်း ဆိုသည်မှာ ပြင်ပဆိုးကျိုးသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ပြီး နိုင်ငံ၏ စီးပွားရေး ပြန်လည်တိုးတက်လာစေရန်အတွက် ပေါ်လစီချမှတ်သူများ (Policy makers) နှင့် ပုဂ္ဂလိကစီးပွားရေး ကိုယ်စားလှယ်များ (Private economic agents) ၏ ပေါ်လစီများ (Policies) နှင့် လုပ်ဆောင်ချက်များ (Actions) ကိုဆိုလိုပါသည်။ စီးပွားရေးအရ အထိခိုက်မခံနိုင်ခြင်းကို ကုစားသည့် ပေါ်လစီအစီအမံများဖြစ်သည်။


တစ်နည်းအားဖြင့် နိုင်ငံ၏ စီးပွားရေးဖွင့်လှစ်မှုကြောင့် ရင်ဆိုင်ကြုံတွေ့ရသည့် ဆိုးကျိုးသက်ရောက်မှုများ (Adverse effects of shocks) ကို ပေါ်လစီချမှတ်ပြီး တုံ့ပြန်ဖြေရှင်းနိုင်သောကြောင့် ထိလွယ်ရှလွယ်ဖြစ်သော နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာခြင်းဖြစ်သည်။ ထို့ပြင် ကောင်းမွန်သော ပြင်ပရိုက်ခတ်မှုများ (Positive shocks) ကြောင့်ဖြစ်ပေါ်လာသော ကောင်းကျိုးများကို ပိုမိုရရှိစေသည့် Action များသည်လည်း Economic resilience တွင် အကျုံးဝင်ပါသည်။

**လွဲဟန်ရှိသော အယူအဆ**

လွဲဟန်ရှိသော အယူအဆဆိုသည်မှာ ဝိရောဓိဖြစ်နေသည်ဟု ထင်ရခြင်းဖြစ်သည်။ "နိုင်ငံသေးငယ်သည်။ စီးပွားရေးကို ဖွင့်ပေးသည်။ ပြင်ပရိုက်ခတ်မှုများခံရသည်။ ထို့ကြောင့် စီးပွားရေးကျဆင်းသည်"ဟူ၍ ယူဆနိုင်သည်။ ဤအယူအဆကို မှန်ကန်သည်ဟု ထင်ရသည်။ တစ်ဘက်တွင်မူ "နိုင်ငံသေးငယ်သည်၊ စီးပွားရေးကိုဖွင့်ပေးသည်။ ပြင်ပရိုက်ခတ်မှုများခံရသည်၊ သို့သော် စီးပွားရေးတိုးတက်သည်" ဟူ၍ ယူဆနိုင်သည်။ ဤအယူအဆသည် မှားသည်ဟု ထင်ရသော်လည်း တကယ့်လက်တွေ့တွင် မှန်ကန်နေသည်။

စင်ကာပူသည် နိုင်ငံငယ်ပြီး စီးပွားရေးကိုဖွင့်ပေးသောကြောင့် ပြင်ပရိုက်ခတ်မှုများခံရသော်လည်း (စီးပွားရေးမကျဆင်းဘဲ) တစ်ဦးကျဝင်ငွေမြင့်မားစေရန် ဆောင်ကျဉ်းနိုင်ခဲ့သည်။ ဤသည်ကိုပင် စင်ကာပူနိုင်ငံ၏ လွဲဟန်ရှိသော အယူအဆ (Singapore paradox) ဟူ၍ခေါ်ဝေါ်သည်။ ဤအယူအဆကို အခြေခံ၍ နိုင်ငံများအား အုပ်စု ၄ မျိုးခွဲခြားထားပါသည်။

*The Four Scenarios*




***Source:****Briguglio (2004)*

**အုပ်စု လေးမျိုး**

ပါမောက္ခဘရီဂူဂလီယိုက နိုင်ငံများ၏ စီးပွားရေးထိခိုက်လွယ်မှုနှင့် ပြန်လည်တိုးတက်နိုင်စွမ်းအားတို့အပေါ် မူတည်ပြီး နိုင်ငံများကို လေးမျိုးခွဲခြားဖော်ထုတ်ထားသည်။ ၎င်းတို့မှာ အကောင်းဆုံးနိုင်ငံများ (Best-case)၊ အဆိုးဆုံးနိုင်ငံများ (Worst-case)၊ ကိုယ်ထူး ကိုယ်ချွန်နိုင်ငံများ (Self-made) နှင့် ငွေကြေးဖြုန်းတီးသော နိုင်ငံများ (Prodigalson) ဟူသော အုပ်စု လေးမျိုးဖြစ်ပါသည်။

ပထမအမျိုးအစားဖြစ်သည့် အကောင်းဆုံးနိုင်ငံများအုပ်စု (Best-case) တွင်ပါဝင်သော နိုင်ငံများသည် စီးပွားရေးထိခိုက်လွယ်မှု ကြာကြာမဖြစ်ပေါ်ဘဲ စီးပွားရေးပြန်လည်ဦးမော့စေသည့် ပေါ်လစီများ (Resilience-building policies) ကိုချမှတ်ကျင့်သုံးသော နိုင်ငံများဖြစ်သည်။ ဒုတိယအုပ်စု Worst-case တွင်ပါဝင်သော နိုင်ငံများသည် စီးပွားရေးထိခိုက်လွယ်မှု ကြာကြာနှင့် များများဖြစ်ပေါ်ပြီး ယင်း၏ဆိုးကျိုးများကို ရင်ဆိုင်နေရကာ စီး ပွားရေးပြန်လည်တိုးတက်စေသော ပေါ်လစီများကို ထိထိရောက်ရောက် ချမှတ်ကျင့်သုံးနိုင်ခြင်းမရှိသော နိုင်ငံများဖြစ်သည်။

တတိယအုပ်စုဝင် Self-made နိုင်ငံများသည် စီးပွားရေးထိခိုက်လွယ်မှုများစွာကို ကာလရှည်ကြာ ရင်ဆိုင်ကြုံတွေ့ရသော်လည်း သင့်လျော်သော ပေါ်လစီများ (Appropriate policies) ချမှတ်တုံ့ပြန်နိုင်သော နိုင်ငံများဖြစ်သည်။ နောက်ဆုံးအုပ်စုမှာ Prodigalson နိုင်ငံများဖြစ်သည်။ ၎င်းတို့သည် စီးပွားရေးထိခိုက်လွယ်မှုကို အနည်းငယ်သာ ရင်ဆိုင်ရသော်လည်း ပေါ်လစီတုံ့ပြန်မှုအားနည်းသောကြောင့် ပြင်ပရိုက်ခတ်မှုများ၏ ဆိုးကျိုးကိုခံစားနေရသော နိုင်ငံများဖြစ်သည်။ ဤနိုင်ငံများတွင် ထိရောက်မှုမရှိသောအားနည်းသည့် ပေါ်လစီများကို ချမှတ်ကျင့်သုံးနေသောကြောင့် ငွေကြေးအချည်းနှီးဖြုန်းတီးလျက်ရှိကြောင်း တွေ့မြင်နိုင်သည်။

**အားသာချက်နှင့်ပေါ်လစီကောင်းများ**

အဆိုပါဖြစ်ရပ် ၄ မျိုးကိုပုံဖြင့် ဖော်ပြထားသည်။ ဒေါင်လိုက်ဝင်ရိုးသည် စီးပွားရေးအရ အထိခိုက်မခံနိုင် ခြင်း (Economic Vulnerability) ကို ဖော်ပြသည်။ အလျားလိုက်ဝင်ရိုးသည် External shock များကိုကျော်လွှားပြီး စီးပွားရေးပြန်လည်ဦးမော့လာစေရန် ကျင့်သုံးသော ပေါ်လစီ (Economic resilience) ကိုဖော်ပြသည်။

ဤချဉ်းကပ်နည်း၏ အားသာချက် သို့မဟုတ် ကောင်းကျိုးသုံးမျိုးရှိပါသည်။ ပထမအချက်မှာ စီးပွားရေးထိခိုက်လွယ်မှုကို လုံးဝထိန်းချုပ်ခြင်းမရှိသော နိုင်ငံ သို့မဟုတ် ပေါ်လစီအားနည်းသော နိုင်ငံတွင် EVI အဆင့်သည် ကြာရှည်မြင့်မားနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် EVI အဆင့်မြင့်မားသော နိုင်ငံများသည် မှားယွင်းသော ပေါ်လစီနည်းလမ်းများ ကျင့်သုံးသောကြောင့် စီးပွားရေးထိခိုက်လွယ်မှုကို ကြာရှည်ခံစားရကြောင်း တွေ့မြင်ရခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ပေါ်လစီ ညွှန်းကိန်း (Resilience Index) ဖြစ်သည်။ ပေါ်လစီညွှန်းကိန်း၏ အဆင့် သို့မဟုတ် ရမှတ် (Scores) များ အပေါ် မူတည်ပြီး စီးပွားရေးထိခိုက် လွယ်မှုကို ကုစားရန်သင့်လျော်သည့် ပေါ်လစီကို ရွေးချယ်ကျင့်သုံးနိုင်သည်။ တတိယကောင်းကျိုးမှာ ညွှန်းကိန်း ၂ မျိုးစလုံးကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ပြင်ပရိုက်ခတ်မှုကြောင့် ထိခိုက်မည့်ဘေးရန်များကိုသိရှိပြီး ပေါ်လစီ လက်နက်ကောင်းကို ရွေးချယ်နိုင်ခြင်း ဖြစ်သည်။

ဖြစ်ရပ် လေးမျိုးဖော်ပြထားသည့်ပုံ ကိုကြည့်ခြင်းအားဖြင့် ဒေါင်လိုက်ရွေ့လျားရန် ခက်ခဲကြောင်းနှင့် အလျားလိုက် ရွေ့လျားရန် လွယ်ကူကြောင်း တွေ့မြင်နိုင်သည်။ ဆိုလိုသည်မှာ ဒေါင်လိုက်ဝင်ရိုးတွင် ဖော်ပြထားသည့် Vulnerability သည်နိုင်ငံအများစုတွင် ရှိနေတတ်သည်။ ပြောင်းလဲရန် ခက်ခဲနိုင်သည်။ အလျားလိုက်ဝင်ရိုးတွင် ဖော်ပြထားသည့် ပေါ်လစီ Resilience ကို ပြောင်းလဲကျင့်သုံးရန် လွယ်ကူနိုင်ကြောင်း တွေ့ရသည်။ အလျားလိုက်ရွေ့ လျားမည်ဖြစ်သောကြောင့် Worst-case နိုင်ငံမှ Self-made နိုင်ငံသို့လည်းကောင်း၊ Prodigalson နိုင်ငံမှ Best-case နိုင်ငံသို့လည်းကောင်း စီးပွားရေး ပေါ်လစီကောင်းများဖြင့် ပြောင်းလဲနိုင်ခြေရှိသည်။

***Source:****Research Paper No.2008/55, United Nations University.*

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၇၅၃ တန်ကျော်ဝင်

ဧပြီလ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်းကန်ဒေါ်လာ ၁၃၇၃၅၄၆၈ တန်ဖိုးရှိ ဓာတ်ဆီ ၂၃၉ ဒသမ ၅၉၂ တန်နဲ့ ကန်ဒေါ်လာ ၃၉၁၆၉၈၅၆ တန်ဖိုးရှိ ဒီဇယ် ၆၁၄ ဒသမ ၃၁၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီ အဝင်နဲ့ယှဉ်ရင် ၁၇၇ ဒသမ ၉၉၂ တန်၊ ဒီဇယ်အဝင်နဲ့ယှဉ်ရင် ၄၆၂ ဒသမ ၄၄၁ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဧပြီလ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး ၊ ရန်ကုန်နဲ့ မော်လမြိုင်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာဓာတ်ဆီရော ဒီဇယ်ပါဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်မှာဈေးငြိမ်ပြီး အဆင့်မြင့်ဒီဇယ်မှာ ၁၀ ကျပ် ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ကျပ် ၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၆၄၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီလ ၂၇ ရက်နေ့ ဓာတ်ဆီ ဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၂၉ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဧပြီလ ၂၇ ရက်မှာ ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၂၉ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၈၀၀၀ ကျပ်ဈေးမြင့်လာခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ် ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓါတ်ဆီ၊ ဒီဇယ်အရောင်းအဝယ် သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များမှာ ရောင်းချနေတဲ့ ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်မြင့်လာပြီး ဓာတ်ဆီမှာ ဈေးနည်းနည်း ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၇၅၀ ကျပ်၊ ဒီဇယ် ၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီလ ၂၇ ရက်နေ့က ဒီဇယ်ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၂၉ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၆၀၀၀ ကျပ်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ဓါတ်ဆီဈေးမှာ ဧပြီလ ၂၇ ရက် ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၉၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပ လက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓါတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီး ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၀၅ ကျပ်၊အောက်တိန်း ၂၉၇၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဒီဇယ်ဈေးငြိမ်ပြီး ဓာတ်ဆီမှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၁၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

| Energy NYMEX | Price | Change | Change % |
|---|---|---|---|
| 30-4-2015 | | | |
| WTI Crude Future (USD/bbl.) | 58.61 | 0.03 | 0.05 |
| Brent Crude Futr (USD/bbl) | 65.57 | -0.27 | -0.41 |
| Gasoline Rbob Fut (Cent/gal) | 200.70 | -1.09 | -0.54 |
| Natural Gas Futr (USD/MMBtu) | 2.59 | -0.02 | -0.58 |
| Heating Oil Futr (Cent/gal) | 194.15 | -0.66 | -0.34 |

# ငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်ခဲ့သလို ပြင်ပငွေဈေးကွက်တွင်လည်း ငွေလဲနှုန်းများ ဆက်လက်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

သင်္ကြန်ကာလလွန်မြောက်ခဲ့ပြီးနောက် အရောင်းအဝယ်များ ပြန်လည်သွက်လက်လာခဲ့သဖြင့်လည်း ငွေလဲနှုန်းများမြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် အိမ်ခြံမြေဈေးကွက်များတွင် အရောင်းအဝယ်များ ကျဆင်းလာခဲ့သဖြင့်လည်း အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံထားသူများက ဒေါ်လာဘက်သို့ ဦးတည်လာကြသဖြင့်လည်း ဈေးများ ယခုကဲ့သို့ မြင့်တက်လာရခြင်းဖြစ်နိုင်ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူများက သုံးသပ်လျက်ရှိ သည်။

"ဈေးကွက်ထဲမှာ သင်္ကြန်အပြီးက ဈေးသိပ်မတက်ဘဲ ဒီလကုန်ပိုင်းကျမှ ဈေးက တက်လာတယ်။ ဈေးကွက်ထဲမှာ ဒေါ်လာကတော့ ရှိနေတယ်။ အဝယ်ရော အရောင်းရောပုံမှန်ရှိနေတယ်။ ဗဟိုဘဏ်ရဲ့ရည်ညွှန်းငွေလဲနှုန်းကလည်း လိုက်ပြီးတက်လာတဲ့အတွက် ကျွန်တော်တို့ဈေးကွက်မှာလည်း လိုက်ပြီးတက်ရတာပါ။ နောက်ပြီး အိမ်ခြံမြေသမားတွေ ဒီဘက်ကို လှည့်လာတယ်လို့ထင်တယ်။သူတို့က အဲဒီဘက်မှာ တော်တော်လေးကို အရှုံးပေါ်နေတော့ တွက်ခြေကိုက်မယ့် ဒီဘက်ကို လှည့်လာတာလည်း ဖြစ်နိုင်တယ်"ဟု အနော်ရထာလမ်းပေါ်ရှိ ငွေလဲလှယ်ရေး စင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပုဂ္ဂလိကဘဏ်များရှိ ငွေလဲစင်တာများနှင့် ပြင်ပငွေလဲစင်တာများ၏ ဈေးနှုန်းများမှာလည်း ကွာခြားချက် နည်းပါးစွာဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းမှာ ဧပြီလ ၂၇ရက်နေ့က ၁၀၇၅ကျပ်ရှိခဲ့သော်လည်း ဧပြီလ ၂၉ရက်နေ့တွင် ၁၀၇၈ ကျပ်သို့ သုံးကျပ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း ငွေလဲနှုန်းများမှာ ဧပြီ ၂၇ရက်က ရောင်းဈေး ၁၀၈၇ ကျပ်၊ ဝယ်ဈေး ၁၀၈၃ ကျပ်ရှိခဲ့ပြီး ဧပြီလ ၂၈ ရက်တွင် ရောင်းဈေး ၁၀၉၀ကျပ်၊ ဝယ်ဈေး ၁၀၈၅ ကျပ်သို့ မြင့်တက်လာခဲ့သည်။ ဧပြီလ ၂၉ ရက်နှင့်၃၀ရက်နေ့တို့တွင် ရောင်းဈေး ၁၀၉၅ကျပ်၊ ဝယ်ဈေး ၁၀၉၀ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

# တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ်တစ်သောင်းကျော် မြင့်တက်

သင်္ကြန်ကာလအပြီးကတည်းက တည်ငြိမ်လျက်ရှိသည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်မူ ဈေးမြင့်တက်လာကာ တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

သင်္ကြန်အပြီးတွင် အရောင်းအဝယ်များအေးစက်နေသော်လည်း ယခုတစ်ပတ်တွင်မူ နေ့စဉ်ဈေးများ ဆက်တိုက်မြင့်တက်ခဲ့မှုကြောင့် ဈေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်လာခဲ့သည်။ ဈေးမြင့်တက်လာခဲ့သဖြင့် ရောင်းထုတ်သူများလည်း ဆက်တိုက်များပြားလာခဲ့သည်။ ရွှေကုန်သည်များ ခန့်မှန်းထားသည့်အတိုင်း ဈေးမြင့်တက်လာခဲ့သဖြင့် အရောင်းအဝယ်များ ပြန်လည်သွက်လက်လာခဲ့ကြောင်း ရွှေကုန်သည် တစ်ဦးက ပြောကြားခဲ့သည်။

"ရွှေဈေးက ဒီရက်ထဲမှာ ပြန်ပြီးမြင့်တက်လာတယ်။ သင်္ကြန်အပြီးတုန်းက ရွှေဈေးက ဘယ်လိုပြောရမှန်းတောင် မသိဘူး။ ဒီတစ်ပတ်မှာတော့ ဈေးမြင့်လာတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ပြန်ကောင်းလာတယ်။ ကျပ်ခုနစ်သိန်းနီးပါးလောက်အထိ တက်လာတဲ့အတွက် ပြန်ရောင်းသင့်ပြီလို့ ယူဆထားတဲ့သူတွေက ပြန်ရောင်းကြတဲ့အတွက် ဈေးကွက်ထဲမှာ လှုပ်လှုပ်ခတ်ခတ်ပြန်ဖြစ်လာပါတယ်။ ကမ္ဘာ့ရွှေဈေး ပြန်တက်လာတဲ့အတွက်လည်း မြန်မာ့ရွှေဈေးတက်လာရတာပါ"ဟု ရွှေဘုံသာလမ်းရှိ ရွှေကုန်သည်အသိုင်းအဝိုင်းထံမှ သိရသည်။

မြန်မာ့ရွှေဈေးသည် ဧပြီလ ၂၆ ရက်က ကျပ် ၆၈၁၅၀၀ ရှိခဲ့ရာမှ ဧပြီလ ၂၇ရက် ရုံးဖွင့်ရက်မှစတင်ကာ ကျပ် ၆၈၂၅၀၀ သို့မြင့်တက်လာခဲ့ပြီး ဧပြီလ ၂၈ရက်နေ့တွင်မူ ကျပ် ၆၈၇၅၀၀ သို့ မြင့်တက်ခဲ့သည်။ ထို့ပြင် ဧပြီ ၂၉ ရက်တွင်လည်း ကျပ် ၆၉၂၀၀၀ သို့ ဆက်တိုက်မြင့်တက်လာခဲ့ပြီး ဧပြီ ၃၀ ရက်တွင်မူ ကျပ် ၆၈၈၉၀၀ သို့ ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည်လည်း ဧပြီလ ၂၆ ရက်နေ့က ၁၁၈၀ ဒေါ်လာရှိခဲ့ပြီး ဧပြီလ ၂၇ရက်တွင် ၁၁၈၂ ဒေါ်လာသို့လည်းကောင်း၊ ဧပြီ ၂၈ရက်တွင် ၁၂၀၁ ဒေါ်လာသို့လည်းကောင်း မြင့်တက်ခဲ့ပြီး၊ ဧပြီ ၂၉ရက်တွင် ၁၂၁၁ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ဧပြီလ ၃၀ရက်တွင်မူ ၁၂၀၂ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

April 30, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 77.73 |
| CAD | Canada Dollars | 1.20 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.90 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.65 |
| IDR | Indonesia Rupiahs | 12947.85 |
| JPY | Japan Yen | 119.03 |
| MYR | Malaysia | 3.57 |
| PKR | Pakistan Rupees | 101.63 |
| PHP | Philippines Pesos | 44.58 |
| RUB | Russia Rubles | 51.20 |
| SGD | Singapore Dollars | 1.32 |
| KRW | South Korea Won | 1074.06 |
| LKR | Sri Lanka Rupe | 133.09 |
| THB | Thailand Baht | 32.89 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21588.95 |

*Source : xe.com*

## World Gold Price

April, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1181 | 1181 | 1182 |
| 28 | 1197 | 1197 | 1199 |
| 29 | 1207 | 1207 | 1208 |
| 30 | 1198 | 1199 | 1199 |
| 1 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-4- 2015 | 682.00 | 681.90 |
| 28-4- 2015 | 686.00 | 686.40 |
| 29-4- 2015 | 691.50 | 691.60 |
| 30-4- 2015 | 689.00 | 688.60 |
| 1-5- 2015 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6 .20 | 32.63 | 77.71 | 63.59 |
| 28 | 6. 20 | 32.60 | 77.68 | 63.36 |
| 29 | 6 .20 | 32.65 | 77.81 | 63.21 |
| 30 | 6 .20 | 32.89 | 77.73 | 63.65 |
| 1 | - | - | - | - |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27-April | 15.86 | 2284.80 | 1804.77 | 6151.71 | 1122.00 |
| 28-April | 16.31 | 2314.14 | 1809.25 | 6139.17 | 1140.00 |
| 29- April | 16.52 | 2323.78 | 1855.39 | 6165.60 | 1153.00 |
| 30- April | 16.45 | 2348.19 | 1868.61 | 6226.98 | 1143.00 |
| 1- May | - | - | - | - | - |

# ဘိလပ်မြေ

## ထိုင်းနဲ့ အိန္ဒိယမှ ဘိလပ်မြေများဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီလ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၇၃၂၂၂၂ တန်ဖိုးရှိ ဘိလပ်မြေ ၈၀၇၂၆ ဒသမ ၇၇၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ်မှာ အိန္ဒိယမှ ရန်ကို ဘိလပ်မြေ ၄၀၈၈ တန်နဲ့ စိန်ဘိလပ်မြေ ၁၅၂၀၀ တန်၊ ဆင်ဘိလပ်မြေ တန် ၂၀၀၀၀ နဲ့ အခြားတံဆိပ်ဘိလပ်မြေ ၄၁၄၃၈ ဒသမ ၇၇၂ တန်ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်နဲ့ ယှဉ်ရင် ၁၈၈၁၃ ဒသမ ၇၇၂ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## ယခင်တစ်ပတ်ထက် ဈေးကွက်သွက်လာတဲ့ ဘိလပ်မြေ

ဧပြီလ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၈၀၇၂၆ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၆၁၉၁၃ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ ၁၈၈၁၃ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၇၅၅၃ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၅၁၉၂ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၇၆၃၈ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ အရောင်းပုံမှန်ရှိပေမယ့် ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ မြင်းခေါင်းက ပစ္စည်းပြတ်နေဆဲဖြစ်ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း)၅၅၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေကအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ သင်္ကြန်ပြီး နောက်ရက်ပိုင်းမှာတော့ ရောင်းအားပြန်တက် လာသလို ဈေးလည်း နည်းနည်းတက်လာတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အေသုံးလုံးက ၄၀၀ ကျပ်၊မြန်မာဆင်၊ ဆင်မင်း (ကျောက်ဆည်)၊ ကျားခေါင်း၊ မြင်းခေါင်းက ၂၀၀ ကျပ်၊ ဆင်(ထိုင်း)နဲ့ စိန်(ထိုင်း) က ၄၀၀ ကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၅၂၀၀ ကျပ်၊မြန်မာဆင် ၄၉၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်)၄၈၀၀ ကျပ်၊ကျားခေါင်း ၄၈၀၀ ကျပ်၊ မြင်းခေါင်း ၄၈၀၀ ကျပ်၊ဆင်(ထိုင်း)၇၂၀၀ ကျပ်၊ စိန်(ထိုင်း) ၇၂၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းသွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ စိန်(ထိုင်း) ၅၈၀၀ ကျပ်၊ဆင်(ထိုင်း) ၅၉၀၀ ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အနီ)၅၅၀၀ ကျပ်(အစိမ်း) ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

# ဓာတ်မြေသြဇာ

## စင်ကာပူနဲ့ ထိုင်းမှ မြေဆီများဝင်

ကန်ဒေါ်လာ ၁၀၁၄၉၀၀ တန်ဖိုးရှိ မြေသြဇာ ၃၉၁၀ ဒသမ ၇၈၃ တန်ကို ဧပြီ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၅၁၀ ဒသမ ၈၀ တန်နဲ့ စင်ကာပူမှ ၃၃၉၉ ဒသမ ၉၈၃ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်မြေသြဇာအဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၁၅၉ ဒသမ ၅၃၃ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## ယခင်တစ်ပတ်ထက်အရောင်းအဝယ်သွက်လာခဲ့တဲ့ မြေသြဇာ

ဧပြီလ ၁၉ ရက်မှ ၂၅ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာတန်ချိန် ၃၉၁၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၂၇၅၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၁၅၉ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၃၈၀၈ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၄၁၅၃၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၇၇၂၄ တန်ကျော်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး၊ ရန်ကုန်မှာ မြေသြဇာဈေးငြိမ်ပြီး တောင်ကြီးမှာ ဈေးအတက်အကျအနည်းငယ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာ အရောင်းကောင်းလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းပစ္စည်းများ ဈေးတက်သလို တရုတ်ပစ္စည်းတွေလည်း ဈေးတက်တယ်လို့ သိရပါတယ်။ ၂၂ ရက်နောက်ပိုင်း ကျန်ရောင်းကျန်ဝယ်ဖြစ်တာကြောင့် ဈေးနည်းနည်းမြင့်သလို ရောင်းအားတက်လာတာကြောင့်လည်း ဈေးနည်းနည်းတက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်)(ထိုင်း) ၃၂၀၀၀ ကျပ်၊ ကွန်ပေါင်း(၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၁၉၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်သွက်သလို ဈေးလည်း တက်တယ်လို့ သိရပါတယ်။ တရုတ်ယွမ်ဈေး တက်တာကြောင့်လည်း မြေသြဇာဈေးနည်းနည်းတက်တယ်လို့ ဆိုပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၁၀၀ ကျပ်၊ တီစူပါ (GTSP ၄၆%-တရုတ်) ၁၇၅၀၀ ကျပ် ၊တီစူပါ (GSSP ၁၆%-တရုတ်)၉၀၀၀ ကျပ်၊ တီစူပါ(GSSP ၁၂%- တရုတ်)၈၂၀၀ ကျပ်၊ ကွန်ပေါင်း(၁၀း၁၀း၅) ၁၂၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)(အပြာ) ၁၃၆၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၃၄၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၄၈၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၆၅၀၀ ကျပ်၊ အာမို(၁၆း၁၆း၈) ၃၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၁၉၂၀၀ ကျပ်၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၁၈၈၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၃၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရ ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာက အရောင်းအဝယ် ပုံမှန်ရှိပေမယ့် မြေသြဇာဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား - (နေရွက်လှေ- တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ-တရုတ်) ၃၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

# နို့ဆီ/နို့မှုန့်

## နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီလ ၁၉ ရက်မှ ၂၅ ရက်အတွင်း ကန်ဒေါ်လာ ၃၄၂၀၂၂ တန်ဖိုးရှိ အိုကေနို့ဆီ ၂၄၈ ဒသမ ၄၀တန်နဲ့ကန်ဒေါ်လာ ၂၅၁၇၆၀ တန်ဖိုးရှိ Lucky Cow နို့စိမ်း ၂၀၅ ဒသမ ၂၀ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့ဆီအဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၄၀၅ တန်ကျော်အဝင်ပိုခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ် စင်ကာပူနိုင်ငံမှပဲ ဝင်လာတာတွေ့ရပါတယ်။ ဝင်လာခဲ့တဲ့ တန်ချိန်မှာ ၅၁ ဒသမ ၉၃၇ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၂၅၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့ဆီအမျိုးမျိုးနဲ့ ပြည်တွင်းဖြစ်နို့ဆီတွေရဲ့ ဈေးကွက်အသီးသီး လက်လီဈေးတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

| နို့ဆီလက်လီဈေး | တစ်ဘူး/ကျပ် ရန်ကုန် | တစ်ဘူး/ကျပ် မန္တလေး |
|---|---|---|
| ဒွန်း (နို့ဆီ) | ၇၅၀ | ၇၆၀ |
| ဒွန်း (နို့စိမ်း) | ၆၇၀ | ၆၂၅ |
| ဝမ်းတီးနို့ဆီ | ၆၅၀ | ၆၆၀ |
| အိုကေ(နို့ဆီ) | ၆၇၀ | ၆၁၅ |
| အိုကေ(နို့စိမ်း) | ၆၇၀ | ၆၀၀ |

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၈/၄ မှ ၂၄/၄ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၈/၃ မှ ၁၇/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၇၅၃.၅၀ | ၆၅၄၄.၇၅ | (-) ၅၇၉၁.၂၅ |
| ၂။ | လွယ်ဂျယ် | ၄၁၈.၀၀ | ၁၆၀၆.၀၀ | (-) ၁၁၈၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၀.၀၀ | - | (+) ၂၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၀၁၁.၀၀ | ၅၄၅၄.၃၀ | (-) ၁၄၄၃.၃၀ |
| ၅။ | တာချီလိတ် | ၁၀၅၀၀.၀၀ | ၃၀၀၀.၀၀ | (+) ၇၅၀၀.၀၀ |
| ၆။ | မြဝတီ | ၃၁၀၆.၁၀ | ၁၈၈၂.၉၀ | (+) ၁၂၂၃.၂၀ |
| ၇။ | ကော့သောင်း | ၈၅၆၅.၀၀ | ၂၃၉၅၄.၂၅ | (-) ၁၅၃၈၉.၂၅ |
| ၈။ | မြိတ် | - | ၂၇၅၀.၀၀ | (-) ၂၇၅၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၇၅၅၃.၆၀ | ၄၅၁၉၂.၂၀ | (-) ၁၇၆၃၈.၆၀ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၈/၄ မှ ၂၄/၄ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၈/၃ မှ ၁၇/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၃၂၇.၂၅၀ | ၃၉၇၄၇.၅၅၀ | (-) ၃၆၄၂၀.၃၀၀ |
| ၂။ | လွယ်ဂျယ် | - | ၁၁၇.၀၀၀ | (-) ၁၁၇.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၁၃၀.၉၈၀ | ၁၀၉၆.၃၆၉ | (-) ၉၆၅.၃၈၉ |
| ၆။ | ကော့သောင်း | ၁၅၀.၀၀၀ | - | (+) ၁၅၀.၀၀၀ |
| ၇။ | မြိတ် | - | ၃၅၅.၀၀၀ | (-) ၃၅၅.၀၀၀ |
| ၈။ | ရိဒ် | ၂၀၀.၀၀၀ | ၂၁၆.၅၀၀ | (-) ၁၆.၅၀၀ |
| | စုစုပေါင်း | ၃၈၀၈.၂၃၀ | ၄၁၅၃၂.၄၁၉ | (-) ၃၇၇၂၄.၁၈၉ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### စခန်းစုံမှ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း မှ ဧပြီလ ၁၈ ရက်မှ ဧပြီ ၂၄ ရက်တာအတွင်း ကန်ဒေါ်လာ သုည ဒသမ ၇၆၅ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၅၀၄ တန်တင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း နှမ်းညို တန်ဝက်ခန့် တင်ပို့ခဲ့ပါတယ်။

သကြၤန်ကာလအတွင်းက မူဆယ်စခန်းတစ်ခုတည်းမှသာ နှမ်းတင်ပို့မှု ရှိခဲ့တာဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်ဈေး ၁၆၃၂၁၀၆ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၁၆၄၇၆၂၃ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန်ကို ၁၈၈၈၉၅၅ ကျပ်မှ ၁၉၀၆၉၁၄ ကျပ်သို့ဈေးများ ထပ်မံမြင့်တက်လာခဲ့တာတွေ့ရပါတယ်။ နှမ်းဖြူနဲ့ နှမ်းနက်က တရုတ်နဲ့ရန်ကုန်ဘက်က အဝယ်လိုက်တာကြောင့် ဈေးတက်လာတာဖြစ်တယ်လို့ သိရပါတယ်။ စခန်းအလိုက် နှမ်းရောင်စုံ တင်ပို့နိုင်မှုများကို ဖော်ပြပေးလိုက်ပါတယ်-

**တန်ဖိုး-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | - | ၇၂ | - |
| နှမ်းနက် | ၆၈ | ၃၂၈ | - |
| နှမ်းညို | - | - | ၀.၆ |
| နှမ်းဖြူ (အခွံချွတ်) | ၃၆ | - | - |

**မော်မော်အောင် MIRT**

### ဝယ်လက်အဝယ်လိုက်လို့ ပြည်မြေပဲဆန် အရောင်းအဝယ်သွက်ပြီး ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်၌ မြေပဲဆန်ဈေးမြင့်နေတာ တွေ့ရပါတယ်။ အဝင်မှာ တစ်နေ့ကို အိတ် ၇၀၀ ခန့်သာ ဝင်ရောက်မှုရှိပြီး ဝယ်လက်မှာ အဝယ်ရှိနေသဖြင့် ဈေးမှာ မြင့်နေတာ တွေ့ရပါတယ်။ မြေပဲဆန်မှာ ဈေးကွက်တွင် လက်ကျန်နည်းနေပြီး အဝယ်လိုက်နေသဖြင့် ဈေးမြင့်နေတာ တွေ့ရပါတယ်။

ယခုအချိန်တွင် ပြည်ဈေးကွက်၌ Export ဝယ်လက်များက မြေပဲအပါအဝင် ပဲမျိုးစုံကို အဝယ်လိုက်နေသဖြင့် ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာကို ၂၂၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာကို ၂၄၀၀ ကျပ်ဈေးဖြင့် ယခုတစ်ပတ် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### ရင်းဂစ်တန်ဖိုး ဆက်လက်မြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီတန်ဖိုး ရှစ်လအတွင်း အနိမ့်ဆုံးသို့ကျဆင်း

မလေးရှားရင်းဂစ်တန်ဖိုး ဆက်လက်မြင့်တက်မယ့် အလားအလာတွေ တွေ့နေရတဲ့အချိန်၊ စားအုန်းဆီ ထုတ်လုပ်မှုမြင့်တက်နေတဲ့အတွက် ပင်လယ်ရပ်ခြား ဝယ်လက်တွေက စားအုန်းဆီကို ဝယ်ဖို့လက်ရှောင်နေမှာကို စိုးရိမ်ပူပန်နေရတဲ့ အချိန်မှာ စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးက ဧပြီ ၂၈ ရက်မှာ ရှစ်လအတွင်းရှိခဲ့တဲ့ ဈေးနှုန်းတွေအနက် အနိမ့်ဆုံးဈေးကို ရောက်ရှိနေပါတယ်။

မလေးရှားရင်းဂစ်ငွေကြေး တန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်တဲ့အခါမှာ တစ်ဒေါ်လာကို ၃ ဒသမ ၅၄၄၀ ရင်းဂစ်အထိ ရောက်ရှိခဲ့ပါတယ်။ ဒီဖလှယ်နှုန်းက ဖေဖော်ဝါရီ ၉ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ပါတယ်။ ဒါကြောင့် ရင်းဂစ်နဲ့ ဈေးသတ်မှတ်ရောင်းချနေတဲ့ စားအုန်းဆီဈေးက နိုင်ငံရပ်ခြား ဖောက်သည်တွေအတွက် တန်ဖိုးမြင့်မားနေတာ တွေ့ရပါတယ်။

“ ရင်းဂစ်တန်ဖိုး မြင့်တက်နေတဲ့အတွက် စားအုန်းဆီဈေးကို ဂယက်ရိုက်ခတ်မှု ရှိခဲ့ပါတယ်။ ပြီးတော့ ထုတ်လုပ်မှုမြင့်တက်မယ်ဆိုတဲ့ ခန့်မှန်းချက်ကလည်း ရှိနေပါတယ်”လို့ မလေးရှားရှိ နိုင်ငံခြားကုန်စည်တွေကို ပွဲစားလုပ်နေတဲ့ ကုန်သည်တစ်ဦးက ပြောပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange ) မှာဧပြီ ၂၈ရက် နံနက်ပိုင်းက တစ်တန်ကို ၂၀၇၅ ရင်းဂစ်နှုန်းထိ ရောက်ရှိခဲ့ရာ စက်တင်ဘာ ၂၂ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးကို ရောက်ရှိခဲ့ပါတယ်။ ဒီနောက်ပိုင်း ဧပြီ ၂၈ ရက်ဈေးပိတ်ချိန်မှာတော့ တစ်တန်ကို ၂၀၉၂ ရင်းဂစ်နှုန်း (၅၈၉ ဒေါ်လာ) ကိုပြန်လည်ရောက်ရှိခဲ့ပါတယ်။

ဧပြီ ၂၈ရက်က စုစုပေါင်းရောင်းရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၆၇၅၄၀ တွဲရှိတဲ့အတွက် ပျမ်းမျှပုံမှန်ရောင်းရတဲ့နှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ အထက် အများကြီးမြင့်တက်ကြောင်း သိရပါတယ်။

ကိန်းဂဏန်းအချက်အလက်တွေကို အခြေခံတွက်ချက်မှုအရ အနိမ့်ဆုံးဈေး တစ်တန်ကို ၂၀၇၆ ရင်းဂစ်နှုန်းရှိပြီး၊ ဒီနှုန်းကနေထပ်ပြီး ကျလာမယ်ဆိုရင် ၂၀၃၉ ရင်းဂစ်ထိ ဖြစ်မယ်လို့ ခန့်မှန်းကြောင်း ရိုက်တာသတင်းဌာနမှ လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

စားအုန်းဆီနဲ့ အပြိုင်ရှိနေတဲ့ ပဲပုပ်ဆီဈေးကို ကြည့်ရင် အာရှဈေးကွက်မှာ အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဇူလိုင်ကြိုရောင်းစာချုပ်ဈေးက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပါတယ်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်မှာရှိတဲ့ ပဲပုပ်ဆီရဲ့ စက်တင်ဘာအတွက် ချုပ်ဆိုရောင်းချတဲ့ဈေးက သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပါတယ်။ **ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၄-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၈၀၀ | ၃၈၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၃၀ | ၁၃၀၅ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၃၀၀ | △ | ၃၅၀၀ | ၄၀၀၀ | △ | ၁၄၄၀ | ၁၄၂၀ | ▽ |
| ပဲခူး | ၂၇၀၀ | ၂၇၀၀ | □ | ၅၁၀၀ | ၅၁၀၀ | □ | ၁၄၂၀ | ၁၄၂၀ | □ |
| မကွေး | ၄၁၀၀ | ၄၃၀၀ | △ | ၄၀၀၀ | ၄၂၀၀ | △ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၄၅၀၀ | ၄၆၀၀ | △ | ၃၉၀၀ | ၄၀၀၀ | △ | ၁၄၆၀ | ၁၄၇၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၂၇-၄-၂၀၁၅ မှ ၃၀-၄-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၇-၄-၂၀၁၅ | ၆၆၅ |
| (၂) | ၂၈-၄-၂၀၁၅ | ၆၆၀ |
| (၃) | ၂၉-၄-၂၀၁၅ | ၆၇၀ |
| (၄) | ၃၀-၄-၂၀၁၅ | ၆၆၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၄-၂၀၁၅ US$/Ton

| အမျိုးအစား | ဧပြီလတတိယပတ် | ဧပြီလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၅.၅၀ | ၆၁၆.၀၀ | △ |
| RBD P.Olein | ၆၀၉.၀၀ | ၆၁၆.၀၀ | △ |
| RBD P.Strarin | ၅၉၈.၅၀ | ၅၉၃.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀ - ၄ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၁၈၈.၇၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၂.၉၇ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၅.၉၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၅၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၈.၅၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၃၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၂၁.၉၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၄-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၅ဒေါ်လာ၊ FOB ၆၄၀ဒေါ်လာနှင့် Earning ဈေး ၁၀၉၄ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၃၀-၄-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့်ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၉၃ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးတွင် စင်ကာပူနိုင်ငံရှိ Sembcorp လုပ်ငန်းစုမှ ရင်းနှီးမြှုပ်နှံမည်

မန္တလေးတိုင်းဒေသကြီးအတွင်း၌အကြီးမားဆုံးသောသဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပြုမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံရှိ Sembcorp လုပ်ငန်းစုမှ ဧပြီ ၂၄ ရက်က ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

Sembcorp ၏သတင်းထုတ်ပြန်ချက်၌ ၎င်းတို့လုပ်ငန်းစုလက်အောက်ရှိ Sembcorp Utilities လုပ်ငန်းခွဲသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အတွင်း စွမ်းအား ၂၂၅ မဂ္ဂါဝပ်ရှိသော သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ရုံကို တည်ဆောက်လုပ်ကိုင် လွှဲပြောင်းသည့် BOT စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနထံမှ ခွင့်ပြုမိန့်ရရှိခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းရှိ နိုင်ငံတကာရန်ပုံငွေကော်ပိုရေးရှင်း၏ အတိုင်ပင်ခံဆောင်ရွက်မှုဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ခေါ်ယူသော နိုင်ငံတကာတင်ဒါကို အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုစီမံကိန်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်ရှိပြီး Sembcorp မှ ၈၀ ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်ကြောင်း၊ တည်ဆောက်မှုလုပ်ငန်းများအား ၂၀၁၇ ခုနှစ်အတွင်း ပြီးစီးရန်မျှော်မှန်းထားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ချုပ်ဆိုထားသည့် ၂၂နှစ် သက်တမ်းရှိလျှပ်စစ်ဓာတ်အားဝယ်ယူမှု သဘောတူညီချက်အရ စီမံကိန်းမှထုတ်လုပ်သော ဓာတ်အားကိုမြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသို့ ပေးသွင်းရမည်ဖြစ် ကြောင်း၊ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သဘောတူညီချက်နားလည်မှု စာချွန်လွှာကို ဆက်လက်လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေဖြည့်ဆည်းခြင်းကို အီကွီတီရှယ်ယာများနှင့်မူရင်းကုမ္ပဏီအပေါ် ပြန်လည်တောင်းခံခြင်းကိုကန့်သတ်မှုပြုသည့် ချေးငွေစာချုပ်များထုတ်ဝေသည့်စနစ် (Limited recourse Financing ) အရောအနှော ပုံစံဖြင့် ၂၀၁၅ခုနှစ်ဒုတိယ နှစ်ဝက်အတွင်းအပြီးသတ် ဆောင်ရွက်ရန် မျှော်မှန်းထားကြောင်းစသည်ဖြင့်ဖော်ပြထားပါသည်။

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံခြင်းမှာ ၎င်းတို့အတွက် မြန်မာနိုင်ငံ၌အလားအလာရှိသောရေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်ဆက်လက်ပါဝင်ဆောင် ရွက်နိုင်ရန်ခြေကုပ်ရယူခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခုသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းမှာ Sembcorp ၏ကမ္ဘာ့စီးပွားရေး နယ်ပယ်သို့ ရေနှင့် လျှပ်စစ်အသုံးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ တိုးချဲ့ရေး လုပ်ငန်းစဉ်နှင့်ကိုက်ညီလျက်ရှိကြောင်း၊ ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုအရည်အသွေးများ အရ ဤစီမံကိန်းကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်ယုံကြည်မှုအပြည့်အဝရှိကြောင်း စသည်ဖြင့် အဆိုပါလုပ်ငန်းစု၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သူ Mr.Tang Kin Fei က ပြောဆိုပါသည်။ Sembcorp အနေဖြင့် စင်ကာပူမှ ၁၀ နာရီကြာလေကြောင်းခရီးဖြင့်ရောက် ရှိနိုင်သော ထွန်းသစ်စဈေးကွက်များအတွင်း ၎င်းတို့၏ အသုံးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်း များကို ချဲ့ထွင်လုပ်ကိုင်ရန် ရည်မှန်းချက် ထားရှိဆောင်ရွက်လျက်ရှိကြောင်းစင်ကာပူ သတင်းဌာနများမှရေးသားဖော်ပြကြပါ သည်။

Sembcorp Industries သည် စင်ကာပူအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ လုပ်ငန်းစုတစ်ခု ဖြစ်သော Temasek Holdings မှ ပိုင်ဆိုင်မှု ၄၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကမှ ပိုင်ဆိုင်မှု ၅၀ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြင့် တည်ထောင် ထားသည့် စီးပွားရေးလုပ်ငန်းစုတစ်ရပ်ဖြစ်ပြီး စွမ်းအင်၊ ရေနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစသည့် အသုံးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်လျက်ရှိပါသည်။ Sembcorp၏ကမ္ဘာ့တစ်ဝန်းရှိဈေးကွက် အရင်းအနှီးတန်ဖိုးမှာစင်ကာပူဒေါ်လာ ရှစ်ဘီလီယံခန့်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၌လုပ်ငန်း လှည့်လည်မှုပမာဏမှာ စင်ကာပူဒေါ်လာငွေကြေးအားဖြင့် ၁၀ ဒသမ၉ဘီလီယံသို့ရောက်ရှိခဲ့ပြီးအသားတင် အမြတ်ငွေ ၈၀၁ သန်း ရရှိခဲ့ပါသည်။ Sembcorp ၏အစုရှယ်ယာဈေးနှုန်းမှာ ဧပြီ ၂၄ ရက်နေ့ စင်ကာပူစတော့ အိတ်ချိန်း၌ စင်ကာပူဒေါ်လာ ၄ ဒသမ ၆၁ နှုန်းဖြင့် ဈေးကွက်ပိတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# မဲဆောက်၌ မြေဈေးနှုန်းများ မြင့်တက်

ထိုင်းနိုင်ငံ၊ တာ့ခ်ပြည်နယ် (Tak Province) ရှိမဲဆောက်ခရိုင်၌ မြေဈေးနှုန်းများသည် ပြီးခဲ့သည့် ၁၂လ အတွင်းနှစ်ဆ မြင့်တက်ခဲ့ကြောင်း၊ ထိုင်း-မြန်မာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု မြင့်တက်လာခြင်းသည် မြန်မာရင်းနှီးမြှုပ်နှံသူများနှင့် ထိုင်းစီးပွားရေးလုပ်ငန်းကြီးများ၏ မြေ အိမ်ရာအဆောက်အအုံ ဝယ်လိုအားကို တစ်ဟုန်ထိုး မြင့်တက်စေခဲ့သောကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

ဒုတိယမြောက် ထိုင်း-မြန်မာချစ် ကြည်ရေးတံတားတည်ရှိမည့် မဲဆောက်၌ မြေအိမ်ရာအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းကြောင်း၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံနှင့် လေဆိပ်တိုးချဲ့ခြင်း စသည်တို့သည် လာမည့်သုံးနှစ်အတွင်း နယ်စပ်ကုန်သွယ်မှုကို သုံးဆ/လေးဆ မြင့်တက်သွားစေနိုင်ကြောင်း သုံးသပ်ကြပါသည်။

ယခုနှစ်တွင် မဲဆောက်၏ အဓိက နယ်စပ်နေရာများရှိမြေဈေးနှုန်းသည် တစ်ရိုင်(သုည ဒသမ ၄ ဧကခန့်)လျှင် ဘတ်သန်း ၂၀-၃၀ ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ပျမ်းမျှဈေးနှုန်း၏ နှစ်ဆဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်၌ ရှိခဲ့သော ဈေးနှုန်းထက် အဆများစွာ မြင့်မားကြောင်း သိရှိရပါသည်။

တာ့ခ်ပြည်နယ်သည် အထူးစီးပွား ရေးဇုန်များ ပေါ်ထွန်းလာမည်ဖြစ်သည့်အတွက် မြေအိမ်ရာအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသော ပြည်နယ် ၆ခုအနက် တစ်ခုဖြစ်ပါသည်။ အခြားပြည်နယ် ၅ခုမှာ ချင်းရိုင်၊ ကန်ချနာဘူရီ၊ နောင်ခိုင်၊ မုဒါဟန်(Mukdahan)၊ ဆုန်ခလာ (Songkla) ပြည်နယ်များ ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု နှစ်စဉ်တိုးတက်လျက်ရှိသော အဆိုပါ ပြည်နယ်များ၌ မြေဈေးနှုန်းများ မြင့်တက်မည့် အလားအလာရှိနေသောကြောင့် (မြေဝယ်ယူ) ရင်းနှီးမြှုပ်နှံရန် စဉ်းစားသင့်ကြောင်း သုံးသပ်ကြပါသည်။ မြန်မာရင်းနှီးမြှုပ်နှံသူများသည်လည်း မြဝတီစက်မှုဇုန်ထက် မဲဆောက်ရှိ အိမ်ရာများ၌ အိမ်ခန်းများဝယ်ယူရန် ပိုမိုစိတ်ဝင်စားကြသည်ဟု Neramit Nakon Co. မှ Mr. Thanawan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကိုရီးယားထိပ်တန်းကုမ္ပဏီကြီးများ အလုပ်အကိုင်သစ်ဖန်တီးမှု နည်းပါး

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီကြီးများသည် ကျဆင်းနေသော နိုင်ငံ၏စီးပွားရေးအခြေအနေကြောင့် ယမန်နှစ်က အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှုနည်းပါးခဲ့ကြောင်း၊ ဈေးကွက်သုတေသနလုပ်ငန်းဖြစ်သည့် CEO Score ကသတင်းထုတ်ပြန်ခဲ့သည်။ ယင်းသုတေသနလုပ်ငန်းသည် Chaebol ခေါ် ကုမ္ပဏီစုကြီးများ၏ သတင်းအချက်အလက်များကို အထူးသုတေသနပြုနေသည့် အဖွဲ့အစည်းဖြစ်ပြီး၊ LG, Hyundai, Samsung and SK တို့အပါအဝင် ထိပ်တန်းကုမ္ပဏီကြီး ၃၀ နှင့် ၎င်းတို့၏ လုပ်ငန်းခွဲ ၂၇၄ ခုတို့သည် ယမန်နှစ်က အလုပ်အကိုင်နေရာသစ် တစ်သန်းခန့်သာ ထုတ်ဖော်ခဲ့ကြောင်း ၂၀၁၃ ခုနှစ်ကထက်စာလျှင် သုည ဒသမ ၃ရာခိုင်နှုန်းကျဆင်းသွားကြောင်း အစီရင်ခံတင်ပြခဲ့သည်။

ထိပ်တန်းကုမ္ပဏီကြီးများ၏ အလုပ်အကိုင်ဖန်တီးနိုင်မှု စွမ်းအားလျော့ကျလာခြင်းသည် စိုးရိမ်ဖွယ်ဖြစ်ကြောင်း Hyundai Motor Group နှင့် Samsung Group တို့သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ် အတွင်း တောင်ကိုရီးယားနိုင်ငံ ဂျီဒီပီ၏ ၃၅ ရာခိုင်နှုန်းကို ထုတ်လုပ်နေသည့် ကုမ္ပဏီကြီးနှစ်ခုဖြစ်ကြောင်း၊ CEO Score ကဖော်ပြခဲ့သည်။ Chaebol ကြီးများသည် ၂၀၁၄ခုနှစ်က အလုပ်သစ်ခန့်ထားမှု၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၃ ဒသမ ၃ ရာခိုင်နှုန်းရှိ ခဲ့သည်။ ၂၀၁၃ ခုနှစ်က၎င်းတို့၏ အလုပ်သစ်ခန့်ထားမှု ၁ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိစဉ်တွင် စီးပွားရေးဖွံ့ဖြိုးမှု ၂ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့သည်။

CEO Score ၏ဖော်ပြချက်အရ ထိပ်တန်းကုမ္ပဏီကြီးများနှင့် ၎င်းတို့၏ လုပ်ငန်းခွဲများသည် အလုပ်အကိုင်လုံခြုံစိတ်ချရမှု နည်းပါးသည့် စာချုပ်ခန့်လုပ်သားများသာ အများအပြား ခန့်ထားပြီး၊ ၎င်း တို့၏ လစာနှင့် ရပိုင်ခွင့်များသည်လည်း ပုံမှန်လုပ်သားများထက် လျော့နည်းကြောင်း တွေ့ရသည်။ ၂၀၁၄ခုနှစ်က ကုမ္ပဏီကြီး ၃၀ သည် ပုံမှန်လုပ်သား ၉၃၆,၂၃၀ ဦးခန့်ထားပြီး ၂၀၁၃ ခုနှစ်ကထက် ၁ ရာခိုင်နှုန်းသာ တိုးတက်ခန့်ထားခဲ့သည်။ သို့သော် ၆လ၊ တစ်နှစ်စသည့် စာချုပ်ဖြင့်ခန့်ထားသည့် လုပ်သားဦးရေသည် ၇၇,၇၆၄ ဦး (၄ ဒသမ ၂ ရာခိုင်နှုန်း) တိုးတက်ခန့်ထားခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တရုတ်နှင့်ဂျပန်တို့၏ ကော်ပိုရိတ်အမြတ်အစွန်းများ ကိုရီးယားထက် သာလွန်

ကိုရီးယားလုပ်ငန်းရှင်များ၏ ကော်ပိုရိတ်အမြတ်အစွန်း တိုးတက်မှုနှုန်းသည် ပြိုင်ဖက်များဖြစ်သော တရုတ်နှင့်ဂျပန်တို့ထက် နောက်ကျကျန်နေခဲ့သည်မှာ လွန်ခဲ့သည့်နှစ်နှစ် သုံးနှစ်ခန့်ကတည်းကဖြစ်သည်။ ဂျပန် ယန်းငွေတန်ဖိုးကျ၍ ၎င်းတို့၏ ထုတ်ကုန်များ ဈေးကောင်းမရနိုင်သော်လည်း ဂျပန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ အမြတ်အစွန်းများကို နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ကြံဆမှုလုပ်ငန်းများမှ တိုးတက်ရရှိနေသည်။ တရုတ်လုပ်ငန်းရှင်များသည် ပြိုင်ဖက်သုံးဦးတွင် ပထမဆုံးအဆင့်တွင် ရပ်တည်နေပြီး၊ အဓိကအကြောင်းမှာ ပြည်တွင်း၌ လုပ်ခငွေများ အလွန်သက်သာခြင်းကြောင့် ဖြစ်သည်။

Federation of Korean Industries-FKI ၏အဆိုအရ ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကိုရီးယား၊ တရုတ်နှင့်ဂျပန်ကုမ္ပဏီများ ၅,၅၉၈ ရှိသည့်အနက် ကိုရီးယားကုမ္ပဏီများ၏ ဘဏ္ဍာငွေသည် ၂၀၁၃ခုနှစ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း၍ ၂၀၁၄ ခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းသာ ပြန်တက်လာခဲ့သည်ကို တွေ့ရသည်။ ဂျပန် ကုမ္ပဏီများ၏ အရောင်းစံနှုန်းသည် ၂၀၁၃ ခုနှစ်တွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်းတိုးလာ၍ ၂၀၁၄ ခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်းတိုးလာခဲ့သည်။ တရုတ်ကုမ္ပဏီများသည် အလားတူကာလများအတွင်း ၆ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် ကိုရီးယားကုမ္ပဏီများသည် ပြည်ပဈေးကွက်ကို ထိတွေ့ဖို့လိုအပ်ကြောင်းနှင့် လက်တင် အမေရိကနှင့်အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့တောင်အာရှဒေသများသို့ စီးပွားရေး ချဲ့ထွင်သွားရန်လိုအပ်ကြောင်း FKI မှ Eom Chi-sung ကအကြံပြုခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ရော်ဘာလုပ်ငန်းအတွက် အတိုးနှုန်းသက်သာသော ချေးငွေအစီအစဉ်ကို ထိုင်းနိုင်ငံတွင်စတင်

ထိုင်းနိုင်ငံအစိုးရသည် ပိုလျှံနေသော ရော်ဘာရောင်းလိုအား လျော့ကျသွားစေရန်နှင့် ရော်ဘာဈေးနှုန်းမြင့်တက်စေရန် ရော်ဘာကုမ္ပဏီများအနေဖြင့် ပြည်တွင်းရော်ဘာကုန်ကြမ်းများ ပိုမိုဝယ်ယူနိုင်စေရန် အတိုးနှုန်းသက်သာသော ချေးငွေအစီအစဉ်ကို စတင်လိုက်ပြီ ဖြစ်ပါသည်။

ရော်ဘာချေးငွေ အစီအစဉ်တွင် ပါဝင်သော (ရော်ဘာလုပ်ငန်း) ကုမ္ပဏီများအတွက် ဘတ် ၃ ဒသမ ၁ သန်းကို အတည်ပြုပေးပြီးဖြစ်ကြောင်း အဆိုပါ ဘတ် ၃ ဒသမ ၁ သန်းသည် အစီအစဉ်တွင် ပါဝင်သည့် ပထမဆုံး ရော်ဘာကုမ္ပဏီ ၁၉ခု အတွက်လျာထားသည့် ပထမအသုတ် ချေးငွေဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် Ms. Atchaka က ပြောကြားခဲ့ပါသည်။

အစိုးရသည် ရော်ဘာချေးငွေ အစီအစဉ်အရ (အစီအစဉ်တွင်ပါဝင်သည့် ဘဏ်များမှတစ်ဆင့်) ထုတ်ချေးပေးရန် ဘတ် ၁၀ ဘီလီယံလျာထားပါသည်။ အတိုးနှုန်းမှာ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၎င်းအတိုးနှုန်း၏ သုံး ရာခိုင်နှုန်းကို အစိုးရအသုံးစရိတ်မှ ကျခံပေးမည် ဖြစ်ကြောင်း၊ ကျန် နှစ်ရာခိုင်နှုန်းသာလျှင် ရော်ဘာကုမ္ပဏီများက ပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရော်ဘာကုမ္ပဏီ ၃၉ ခုသည် ရော်ဘာချေးငွေအစီအစဉ်တွင် ပါဝင်ရန် စာရင်းသွင်းခဲ့ကြပါသည်။ အများစုသည် ပြည်ပတင်ပို့သည့် ရော်ဘာပြားများ ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ (တာယာထုတ်လုပ်သူများထံသို့) တင်ပို့ရောင်းချလျက်ရှိသည့် ကုမ္ပဏီများဖြစ်ပါသည်။

ရော်ဘာချေးငွေအစီအစဉ်သည် ရော်ဘာကုမ္ပဏီများ၏ ငွေဖြစ်လွယ်မှုကို မြှင့်တင်ပေးပြီး ရော်ဘာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် ယုံကြည်မှုကိုလည်း မြှင့်တင်ပေးပါသည်။ ၎င်းတို့အနေဖြင့် ရော်ဘာပိုမိုဝယ်ယူစေနိုင်သောကြောင့် ရော်ဘာစိုက်ပျိုးသူများအား သွယ်ဝိုက်၍ အထောက်အကူပေးနိုင်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

ထို့ပြင် ရော်ဘာစိုက်ပျိုးသူများအား ခြောက်လှန့်လျက်ရှိနေသည့် ကျဆင်းနေသော ရော်ဘာဈေးနှုန်းများကို ကျားကန်ပေးရန်ဆောင်ရွက်သည့် အစိုးရ၏စီမံကိန်းသစ်ဖြစ်ပါသည်။ ထို့ပြင်အစိုးရသည် ရော်ဘာကိုအစိုးရချင်းစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်မည့်နည်းလမ်းများကို ရှာဖွေလျက်ရှိပါသည်။

ရေရှည်တွင် ဈေးနှုန်းများ ကျဆင်းနေသည့် ပြဿနာကို ဖြေရှင်းနိုင်ရန် အစိုးရသည် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၅-၂၀၁၉)ကို အတည်ပြုပြီး ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငါးနှစ်စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးကဏ္ဍ တစ်ခုလုံးကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ ပြောင်းအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၏ ရောင်းလိုအားနှင့် ဝယ်လိုအားဟန်ချက်ညီမှု၊ မွေးမြူရေးလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ်တို့ကို ထိန်းပေးရန် ရည်ရွယ်၍ ရေးဆွဲထားကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# မြန်မာနိုင်ငံရှိ လုပ်ငန်းများကို Index Creative Village ကယာယီ ရပ်ဆိုင်း

ထိုင်းနိုင်ငံမှ Index Creative Village Plc. သည် မြန်မာနိုင်ငံ၏ တင်းကျပ်သော သတ်မှတ်ချက်များ (ခွင့်ပြုမိန့်အတွက် လိုအပ်သောသတ် မှတ်ချက်များ)ကြောင့် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် ၎င်း၏လုပ်ငန်းစီမံကိန်းများကို ယာယီရပ်ဆိုင်းထားကြောင်း သိရှိရပါသည်။ Index သည် မြန်မာနိုင်ငံသို့ ပထမဆုံးဝင်ရောက်လာသည့် ထိုင်း နိုင်ငံမှ ပွဲစီစဉ်ကျင်းပသည့် ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံမှ Forever Group နှင့် ပူးပေါင်း၍ ဖက်စပ်ကုမ္ပဏီအဖြစ် Myanmar Index Creative Village ကုမ္ပဏီကို တည်ထောင်ထားပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအရ မသေချာမှုများ ဖြစ်ပေါ်လာခြင်းကြောင့် ကြီးမားသောလူစုလူဝေး နှင့်ပတ်သက်၍ ပိုမိုတင်းကျပ်သော ညွှန်ကြားချက်များကို အစိုးရအား ပြဋ္ဌာန်းစေခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေ တည်ငြိမ်သည်အထိ ၎င်း၏ပွဲအစီအစဉ်များကို ရပ်ဆိုင်းထားမည်ဟု Index မှ ပြောကြားခဲ့ကြောင်း Bangkok Post သတင်းစာ၌ ဖော်ပြထားပါသည်။

Index သည် ၂၀၁၃နှင့် ၂၀၁၄ ခုနှစ်များတွင် မြန်မာနိုင်ငံ၌ သင်္ကြန်ပွဲ စီစဉ်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကျင်းပခဲ့ခြင်းမရှိကြောင်း၊ ကုန်စည်ပြပွဲကဲ့သို့သော အခြားပွဲအစီအစဉ်များကိုလည်း ရပ်ဆိုင်းခဲ့ကြောင်း၊ သို့ရာတွင် Index အနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ် အလားအလာအပေါ် ယုံကြည်ဆဲ ဖြစ်ကြောင်းသိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကိုရီးယားလူငယ်များဆိုးရွားသော အိမ်ရာအခြေအနေများနှင့် ရင်ဆိုင်နေရ

ကိုရီးယား လူငယ်ငါးဦးတွင် တစ်ဦးသည် အိမ်ခေါင်မိုးထပ်(ခိုအိမ်)များတွင် နေထိုင်လျက်ရှိကြကြောင်း စစ်တမ်းတစ်ရပ်က ဖော်ပြခဲ့သည်။ Min Snail Group ကပြုလုပ်ခဲ့သော အဆိုပါစစ်တမ်းက ၂,၂၉၄,၄၉၄ ဦးကို မေးမြန်းခဲ့ရာ ကိုရီးယားလူငယ် အသက် ၁၉နှစ်မှ ၃၄ နှစ်ကြားတို့သည် ဆိုးရွားသော အိမ်ရာအခြေအနေနှင့် ရင်ဆိုင်နေကြကြောင်း ၂၂ ဒသမ ၉ ရာခိုင်နှုန်းက ဆိုသည်။ ၂၀၁၀ ခုနှစ်က လူလွတ် ၃၄၀,၀၀၀ဦးတွင် ၃၆ ဒသမ ၃ ရာခိုင်နှုန်းသည် နုံချာသည့် အိမ်ရာများတွင် နေထိုင်လျက်ရှိကြပြီး၊ ၎င်းတို့ အနက် ၅၈[illegible]၀၀ဦးသည် အလွန်ညံ့သော နေရာများကို အိမ်သဖွယ်ပြုလုပ်၍ နေထိုင်လျက်ရှိကြကြောင်း Min Snail Group က စစ်တမ်းထုတ်ထားခဲ့သည်။

ယင်းကိန်းဂဏန်း အချက်အလက်များသည် ၂၀၀၀ ပြည့်နှစ်က ၂၁ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ပိုမိုများလာခြင်းဖြစ်ပြီး၊ အခြေခံ နေထိုင်စရိတ်များ ဖြစ်သည့် အိမ်ငှားခ၊ ရေဖိုး၊ မီးဖိုးတို့သည်လည်း လူငယ်များအတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေခဲ့သည်။ ၂၀၁၂ ခုနှစ်က အဆိုပါ စရိတ်များသည် လူငယ်များဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါဝင်ငွေ၏ ၆၉ ဒသမ ၉ ရာခိုင်နှုန်းအထိရှိလာခဲ့သည်။ အိမ်ငှားခလည်း လစဉ် ဆက်တိုက်မြင့်တက်နေခဲ့သည်။ ၁၉၉၀ ခုနှစ်က အသက် ၂၅နှစ် မှ ၂၉ နှစ်ကြား လူငယ်များ၏ ၉ ဒသမ ၅ ရာခိုင်နှုန်းသည် အိမ်ပိုင်ရှိကြပြီး၊ ၃၀ ဒသမ ၆ ရာခိုင်နှုန်းကသာ အိမ်ငှားနေထိုင်ခဲ့ကြသည်။ ၂၀၁၀ ခုနှစ်တွင်မူ အိမ် ပိုင်လူငယ်များ၏ အချိုးအစားသည် ၇ ဒသမ ၈ ရာခိုင်နှုန်းသို့ကျဆင်းသွားပြီး၊ အိမ်ငှားနေသူများ အချိုးအစားသည် ၅၀ ဒသမ ၃ ရာခိုင်နှုန်းသို့တက်လာခဲ့သည်။ အသက် ၂၀ နှစ်မှ ၂၄နှစ်ကြား လူငယ်များ၏ အိမ်ငှားခပေးရမှုသည် ၁၉၉၀ ခုနှစ်တွင် ၄၃ ဒသမ ၆ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၇၃ ဒသမ ၈ရာခိုင်နှုန်း သို့တက်သွားခဲ့သည်ကို တွေ့ရသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# စီးကရက်ဈေးနှုန်းများ တက်လာခြင်းကြောင့် ကိုရီးယားတွင် ဆေးလိပ်ဖြတ်သူ များပြားလာ

ယခုနှစ် ဇန်နဝါရီလက တက်နေခဲ့သည့် ဆေးရွက်ကြီးဈေးနှုန်းများကြောင့် တောင်ကိုရီးယားတွင် စီးကရက်သောက်သုံးမှုကို လျော့ကျစေခဲ့ပါသည်။ ထို့ကြောင့် စီးကရက်ဖြန့်ဖြူးရောင်းချမှု ပမာဏသည် လျော့ကျသွားပြီး၊ ဆေးလိပ်ဖြတ်ရန် ဆုံးဖြတ်ခဲ့ကြသည့်လူများ ပိုမိုတိုးလာသည်ဟု စစ်တမ်းတစ်ရပ်က ဖော်ပြခဲ့သည်။ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အဆိုအရ ယခုနှစ် ပထမသုံးလပတ်တွင် စီးကရက်ဘူးပေါင်း ၅၁၉ သန်းကို ကိုရီးယားနိုင်ငံအတွင်း ဖြန့်ဖြူးခဲ့ပြီး၊ နှစ်အလိုက်အနေ ဖြင့် ၂၀၁၄ ခုနှစ်က ဖြန့်ဖြူးရောင်းချခဲ့သည့် ၉၃၀ သန်းထက် ၄၄ ဒသမ ၂ ရာခိုင်နှုန်းလျော့ကျခဲ့သည်ဟု သိရှိရသည်။ လွန်ခဲ့သည့်ငါးနှစ်က ပထမသုံးလပတ်တွင် စီးကရက်ဘူးပေါင်း တစ်ဘီလီယံခန့် ဖြန့်ဖြူးရောင်းချခဲ့ရသည်။

ယခုနှစ် မတ်လအကုန်တွင် လူ ၂၈၀,၀၀၀ သည် နိုင်ငံအနှံ့ရှိပြည်သူ့ကျန်းမာရေးဌာနများတွင် ဆေးလိပ်ဖြတ်ရန် စာရင်းပေးသွင်းခဲ့ကြသည်။ ယမန်နှစ် အလားတူကာလက ဆေးလိပ်ဖြတ်ရန် စာရင်းပေးသွင်းခဲ့ကြသည့် လူ ၁၀၃,၀၀၀ ဦးထက် ၂ ဒသမ ၇ ရာခိုင်နှုန်းပိုမိုများပြားခဲ့သည်ကို တွေ့ရသည်။ မိမိကိုယ်တိုင်ဆေးလိပ်ဖြတ်ရန် ကြိုးစားသူထက် ကျန်းမာရေးဌာန၏ အထူးအစီအစဉ်အနေဖြင့် ဆေးလိပ်ဖြတ်ခြင်းသည် ပိုမိုအောင်မြင်နိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးဌာနများက ဆောင်ရွက်ပေးနေသည့် ဆေးလိပ်ဆန့်ကျင်ရေး အစီအစဉ်တစ်ခုခုတွင် ပါဝင်၍ ဆေးလိပ်ဖြတ်ခြင်းသည် ပိုမိုကောင်းမွန်ပါကြောင်း၊ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ အရာထမ်းတစ်ဦးက ပြောဆိုခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အခွန်နှင့်ပတ်သက်၍ ထိုင်းကားတာယာထုတ်လုပ်သူများ စိုးရိမ်လျက်ရှိ

ထိုင်းနိုင်ငံ၌ ရော်ဘာဥပဒေမူကြမ်းကို အထူးသဖြင့် တာယာ ပြည်ပတင်ပို့သူများထံမှ အခွန် သို့မဟုတ် အထူးအခွန် (cess) ကောက်ခံမှုကို ပြင်ဆင်ရန် အစိုးရအားတိုက်တွန်းလျက်ရှိကြပါသည်။ အဆိုပါ အခွန်သည် တာယာထုတ်လုပ်မှုလုပ်ငန်း၏ ယှဉ်ပြိုင်မှုစွမ်းအားအတွက် အဟန့်အတားဖြစ်သည်ဟု ယူဆကြပါသည်။

အဆိုပါအခွန်သည် ပြည်ပတင်ပို့သည့် ရော်ဘာထုတ်ကုန်အားလုံး အကျုံးဝင်သည်ဟု ရော်ဘာဥပဒေသစ်တွင် ဖော်ပြထားသဖြင့် စိုးရိမ်လျက်ရှိကြောင်း၊ တာယာဈေးနှုန်းသတ်မှတ်ရာတွင် အပိုစရိတ်များကို ထပ်ပေါင်းရမည်ဖြစ်သောကြောင့် အခွန်သည်တာယာ ထုပ်လုပ်သူများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို ထိခိုက်စေမည်ဖြစ်ကြောင်း ထိုင်း မော်တော်ကားတာယာ ထုတ်လုပ်သူများအသင်း (Tatma) ဥက္ကဋ္ဌ Mr. O' Connor ကပြောကြားခဲ့ပါသည်။

လောလောဆယ်တွင် ထိုင်းနိုင်ငံပြင်ပသို့ ရောင်းချသော ရော်ဘာပြားများအတွက်သာလျှင် ရော်ဘာဈေးနှုန်းအပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် သုည ဒသမ ၉ - ၅ ဒသမ ၅၀ ဘတ် အခွန်ပေးဆောင်ရကြောင်းသိရှိရပါ သည်။

ရော်ဘာပြန်လည်စိုက်ပျိုးရေး ရန်ပုံငွေအဖွဲ့ (Rubber Replanting Aid Fund-RRAF) သည် အခွန်ဝင်ငွေများကို အဓိကအားဖြင့် အရည်အသွေးမမီတော့သော ရော်ဘာပင်များနေရာတွင် အပင်သစ်များဖြင့် အစားထိုးစိုက်ပျိုးရာ၌ အသုံးပြုပါသည်။

ရော်ဘာဥပဒေမူကြမ်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလ၌ အမျိုးသားဥပဒေပြုလွှတ်တော် (National Legislative Assembly) ၌ ပထမအဆင့် အတည်ပြုချက်ရရှိပြီး ဖြစ်ပါသည်။ အဆိုပါဥပဒေဖြင့် တည်ဆဲရော်ဘာ လုပ်ငန်းဆိုင်ရာ ဥပဒေ ၈ခုကို အစားထိုးမည်ဖြစ်ပြီး ထိုင်းနိုင်ငံရော်ဘာ အာဏာပိုင်အဖွဲ့ (Rubber Authority of Thailand) ကိုဖွဲ့စည်းတည် ထောင်မည်ဖြစ်ပါသည်။

ရော်ဘာဥပဒေမူကြမ်းအရ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရှိ ရော်ဘာသုတေသနဌာန (Rubber Research Institute) ရော်ဘာပြန်လည် စိုက်ပျိုးရေးရန်ပုံငွေအဖွဲ့နှင့် ရော်ဘာနယ်မြေအဖွဲ့ (Rubber Estate) တို့ကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (state enterprise) သစ်အဖြစ်ပေါင်းစပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ခြင်းမှ မြန်မာ့အိမ်ခြံမြေအပေါ်သက်ရောက်မှု

|မယ်သီတာ|



၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) စတင်တော့မည်ဖြစ်ပြီး ၎င်းလုပ်ဆောင်မှုမှ မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်အပေါ်တွင် သက်ရောက်နိုင်မှုများအား House.com.mm မှ လေ့လာခဲ့သည်။

အာဆီယံသည် ၁၉၉၂ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများကြား လွတ်လပ်စွာ ကုန်သွယ်မှုဇုန်အား ထူထောင်ရန် သဘောတူညီခဲ့ကြပြီး ၁၉၉၃ ခုနှစ်မှ စတင်၍ ၁၅ နှစ်ကြာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သည်။

သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း မတူညီခြင်း၊ ကွဲပြားခြားနားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အကောက်ခွန်နှုန်း အမျိုးမျိုးရှိခြင်းတို့ကြောင့် စီမံကိန်းကာလအတိုင်း အကောင်အထည်ဖော်ရန် ခက်ခဲစေခဲ့သည်။

သို့သော်လည်း အာဆီယံအနေ ဖြင့် ၎င်းစီမံကိန်းအား ၂၀၁၅ ခုနှစ်တွင် နောက်ဆုံးထား အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ ၂၀၁၅ ခုနှစ်အကုန်ပိုင်းတွင် အာဆီယံ စီးပွားရေးအသိုက်အဝန်းအနေဖြင့် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ကုန်စည်များ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှု၊ အကောက်ခွန်နှုန်းထားများ ပယ်ဖျက်လျှော့ချမှု၊ လုပ်သားစုများ နယ်စပ်ဖြတ်ကျော် ပြောင်းရွှေ့နိုင်မှုများကို အာဆီယံစီးပွားရေး အသိုက်အဝန်းအတွင်း လုပ်ဆောင်နိုင်ရန် သဘောတူညီထားကြသော်လည်း ကနဦးကာလတွင် အကောက်ခွန်နှုန်းထားများ ဖြေလျှော့ခြင်းကိုသာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး အခြားသော သဘောတူညီမှုများကို အကောင်အထည်ဖော်နိုင်ဦးမည် မဟုတ်ပေ။

၎င်းမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွားနှင့်အာဆီယံဒေသတွင်း အကျိုးစီးပွားတို့ကို ဟန်ချက်ညီညီ ထိန်းညှိပြီး စီးပွားရေးအသိုက်အဝန်း ထူထောင်မှုအား တိုးမြှင့်သွားမည် ဖြစ်သည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခွင့်အလမ်းကောင်းများကို ဖြစ်ပေါ်စေနိုင်ပြီး အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းမှု၊ ရင်းနှီးမြှုပ်နှံမှုများ စီးဆင်းဝင်ရောက်မှု စသည်တို့ကို ပိုမိုတိုးပွားလာစေမည်ဖြစ်သည်။

ထို့အပြင် အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်မှုကြောင့် မြန်မာ့ စီးပွားရေး မြင့်တက်လာစေပြီး အိမ်ခြံမြေဈေးကွက်အပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်းကို လေ့လာတွေ့ရှိရပေသည်။

**အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်မှုမှ မြန်မာ့အိမ်ခြံမြေဈေးကွက်အတွင်း အကျိုးသက်ရောက်မည့် အဓိကအချက်များမှာ စီးပွားရေးလုပ်ငန်းသုံးနေရာများ တောင်းဆိုမှုမြင့်တက်လာ နိုင်ခြင်း၊ ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ခြင်း၊ အိမ်ခြံမြေဈေးနှုန်းများ တည်ငြိမ်လာစေခြင်းတို့**

အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်မှုမှ မြန်မာ့အိမ်ခြံမြေဈေးကွက်အတွင်း အကျိုးသက်ရောက်မည့် အဓိကအချက်များမှာ စီးပွားရေးလုပ်ငန်းသုံးနေရာများ တောင်းဆိုမှုမြင့်တက်လာနိုင်ခြင်း၊ ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ခြင်း၊ အိမ်ခြံမြေဈေးနှုန်းများ တည်ငြိမ်လာစေခြင်းတို့ဖြစ်သည်ကို တွေ့ရှိရသည်။

### စီးပွားရေးလုပ်ငန်းသုံးနေရာများ

လွတ်လပ်စွာကုန်စည်စီးဆင်းနိုင်မှု၊ လုပ်သားအင်အားစုများ ရွှေ့ပြောင်းနိုင်မှုတို့သည် နိုင်ငံတကာစီးပွားရေး လုပ်ငန်းကြီးများအား မြန်မာနိုင်ငံအတွင်း လုပ်ငန်းများအခြေချ လုပ်ဆောင်စေနိုင်သည့် အခွင့်အလမ်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုကဲ့သို့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာနိုင်သည့်အတွက် စီးပွားရေးလုပ်ငန်းသုံးရန် နေရာလိုအပ်ချက်များအတွက် တောင်းဆိုမှု မြင့်တက်လာစေ မည်ဖြစ်သည်။

ပတ်ဝန်းကျင်အခြေအနေ အထောက်အပံ့ပြုမှုကြောင့် အသေးစား၊ အလတ်စားလုပ်ငန်းများ တိုးပွားလာနိုင်မှုသည်လည်း ဈေးကွက်အတွင်း နေရာလိုအပ်ချက် တောင်းဆိုမှုများကို ပိုမိုများပြားလာစေနိုင်ကြောင်းကို လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် အိမ်ခြံမြေဈေးကွက်အတွင်း ပြင်ဆင်မှုများပြုလုပ်နေကြသော်လည်း လတ်တလောအနေအထားတွင် ဈေးကွက်၏ လက်ရှိတောင်းဆိုမှုကိုပင် ဖြည့်ဆည်းနိုင်ခြင်းမရှိသေးပေ။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းသုံး နေရာပမာဏသည် အခြားသော အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းနေပြီး အကြီးဆုံးမြို့ဖြစ်သော ရန်ကုန်မြို့တွင်ပင် စုစုပေါင်း ၁၀၇,၀၀၀ စတုရန်း မီတာသာရှိသည်။

### ဈေးကွက်ပိုမိုကျယ်ပြန့်လာစေခြင်း

အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်မှုကြောင့် မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်အပေါ်တွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာပြီး ဈေးကွက်ပိုမို ကျယ်ပြန့်လာမည်ဖြစ်သည်။ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင်သာမက နိုင်ငံတွင်းရှိ အခြားသောမြို့များတွင်ပါ အိမ်ခြံမြေဈေးကွက်တိုးတက်မှုဖြစ်ပေါ် လာနိုင်သည်ကို လေ့လာတွေ့ရှိရသည်။

နိုင်ငံခြားသားများအား အိမ်ခြံမြေ ဝယ်ယူနိုင်ရန် ခွင့်ပြုထားသည့် ကွန်ဒိုမီနီယံ ဥပဒေကြမ်းကို အတည်ပြုထုတ်ပြန်ခဲ့လျှင်လည်း ဈေးကွက်ကို ပိုမိုအကျိုးသက်ရောက်စေမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအတွင်း အခြားနိုင်ငံများမှ လုပ်ငန်းများလည်း ဝင်ရောက်လာမှုနှင့်အတူ နိုင်ငံရပ်ခြား ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်သူများလည်း များပြားလာမည်ဖြစ်ပြီး ၎င်းတို့အတွက် ဝယ်ယူငှားရမ်းနေထိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းမီ နေရာများကို တောင်းဆိုမှုသည်လည်း ဈေးကွက်ကို ပိုမိုကျယ်ပြန့်စေမည်ဖြစ်သည်။

ထို့အတူပင် ဈေးကွက်အတွင်းရှိ အိမ်ခြံမြေများ၏ အရည်အသွေးသည်လည်း ပိုမို မြင့်မားလာမည် ဖြစ်သည်။

### ဈေးနှုန်းတည်ငြိမ်စေခြင်း

ယေဘုယျအားဖြင့် ဈေးကွက်အတွင်း တောင်းဆိုမှုမြင့်မားပါက ဈေးနှုန်းများ မြင့်တက်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်တွင်မူ ရေရှည်ကာလတွင် ဈေးနှုန်းမျှတ တည်ငြိမ်မှုကိုဖြစ်ပေါ်စေမည်ဖြစ်သည်။

မြန်မာ့အိမ်ခြံမြေဈေးကွက်အတွင်း ဈေးနှုန်းကြီးမြင့်နေမှုများမှာ အဓိကအားဖြင့် အခြားသော ရင်းနှီးမြှုပ်နှံရာ အခွင့်အလမ်းနည်းပါးမှုနှင့် ငွေကြေးခဝါချမှုများကြောင့် ဖြစ်သည်။ အာဆီယံ စီးပွားရေးအသိုက်အဝန်း ထူထောင်မှုသည် စီးပွားရေးလုပ်ငန်း အများအပြားကို ပေါ်ထွန်းလာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများအတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းအမျိုးမျိုးကို ရွေးချယ်ရရှိ စေမည်ဖြစ်သည်။

မြန်မာ့အိမ်ခြံမြေဈေးကွက်သည် ဈေးနှုန်းများ အလွန်အမင်းမြင့်မားနေပြီး ရင်းနှီးမြှုပ်နှံရန် ဝယ်ယူထားသူများမှလည်း အမြတ်အစွန်းရရှိရန်အတွက် အချိန်ကြာမြင့်စွာ ကိုင်ဆောင်ထားကြသည်။ နိုင်ငံတကာစီးပွားရေးလုပ်ငန်း များ ဝင်ရောက်လာပါက ရင်းနှီးမြှုပ်နှံရန် အခြားသော အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမည်ဖြစ်ပြီး အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရသော အိမ်ခြံမြေကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံမှုထက် ပိုမိုအကျိုးကျေးဇူးရရှိမည်ဖြစ်သည်။ အိမ်ခြံ မြေဈေးနှုန်းများမှာ နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားနေပါကမြန်မာနိုင်ငံအတွင်း စီးပွားရေးဝင်ရောက်လုပ်ကိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အခွင့်အလမ်း ကျဆင်းသွားမည်ဖြစ်သည့်အတွက်ကြောင့်လည်း ဈေးကွက်အတွင်း ထိန်းညှိလုပ်ဆောင်ရမည်ဖြစ်သည်။

၂၀၁၅ နှစ်ကုန်ပိုင်းတွင်ပင် ပေါ်ထွန်းလာမည့် ရန်ကုန်စတော့အိတ်ချိန်းသည်လည်း အခြားသော ရွေးချယ်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်း ပေါ်ပေါက်လာခြင်းသည် မြန်မာနိုင်ငံသားတို့အတွက် ရင်းနှီးမြှုပ်နှံစရာ၊ ငွေကြေးဈေးကစားရာ ဈေးကွက်တစ်ခု ဖြစ်လာနိုင်သဖြင့် စတော့ဈေးကွက် ပေါ်ပေါက်လာရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ မျှော်လင့်နေကြခြင်း ဖြစ်သည်။

ငွေကြေးခဝါချမှုကို ထိန်းချုပ်ရန်အတွက် အစိုးရ၏ လုပ်ဆောင်မှုများသည်လည်း ငွေကြေးခဝါချမှုကို လျော့ကျစေပြီး ဈေးကွက်ကို တည်ငြိမ်စေမည် ဖြစ်သည်ဟုဆိုသည်။

Jan Sommerfeld က "အာဆီယံစီးပွားရေးအသိုက်အဝန်းဟာ မြန်မာနိုင်ငံအတွက် သိသာထင်ရှားတဲ့ စီးပွားရေး အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မှာဖြစ်သလို အိမ်ခြံမြေ ဈေးကွက်အတွက်လည်း ကြီးမားတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာပါ။ ဒါပေမယ့်လည်း ဒီအခွင့်အလမ်းတွေကို အပြည့်အဝ ရယူနိုင်ဖို့အတွက် မြန်မာနိုင်ငံအနေနဲ့ တချို့သောအရာတွေကို လုပ်ဆောင်ဖို့လိုအပ်နေပါတယ်။ တည်ငြိမ်မျှတတဲ့ အိမ်ခြံမြေဈေးကွက် ဖော်ဆောင်ဖို့နဲ့ ကွန်ဒိုမီနီယံ ဥပဒေကိစ္စရပ်တွေကိုပြဋ္ဌာန်းနိုင်ဖို့ဟာ အရင်ကထက် ပိုပြီးတော့ အရေးပါနေပါပြီ"ဟု သုံးသပ်ပြောကြားခဲ့သည်။ **Ref: House.com.mm**

# ကိန်းဂဏန်းများက ပြောသော ကြက်သွန်နီ

သကြ်န်မတိုင်မီက ပခုက္ကူမှာ ကြက်သွန်နီထိပ်စ တစ်ပိဿာ ၃၀၀ ကျပ်၊ အလတ်စ ၂၅၀ ကျပ်၊ အောက်စ ၁၀၀ ကျပ်ဈေးပဲရှိနေခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ သကြ်န်အပြီးမှာ ကြက်သွန်နီ ထိပ်စ တစ်ပိဿာ ၃၃၅ ကျပ်၊ အလတ်စ ၃၀၀ ကျပ်၊ အောက်စ ၂၀၀ ကျပ်ဈေးနဲ့ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်မှာ ထိပ်စ ၃၆၅ ကျပ်၊ အလတ်စ ၃၀၀ ကျပ်၊ အောက်စ ၂၀၀ ကျပ် ဈေးတွေ ဖြစ်လာခဲ့လေတော့ သကြ်န်မတိုင်မီ ဖြစ်ခဲ့တဲ့ဈေးနဲ့ သကြ်န်အပြီးဈေးမှာ လှည့်ကြည့်ရင် အတက်ဘက်မှာရှိတယ်လို့သုံးသပ်ရမှာဖြစ်ပါတယ်။

ပခုက္ကူကိုကြက်သွန် အဝင်ဟာ နေ့စဉ် ပိဿာချိန် ငါးသောင်းနဲ့ တစ်သိန်းကြားမှာ ပုံမှန်ဝင်နေတာကို တွေ့ရပါတယ်။ ကြက်သွန်စိုက် တောင်သူများအနေနဲ့ စိုက်ခင်းအားလုံးကို ဖော်ဆောင်ပြီး ကိုယ်နဲ့သက်ဆိုင်ရာသိုလှောင်ရုံတွေပေါ်မှာ ရောက်ရှိ သိုလှောင်ထားကြပြီး ဈေးကွက်အခြေအနေကိုစောင့်လို့ ဈေးကွက်အတွင်း ဝင်ရောက်ဖို့ အဆင်သင့်ဖြစ်နေကြပြီဖြစ်ပါတယ်။ ကြက်သွန်စိုက်တောင်သူတွေကို လေ့လာမေးမြန်းစုံစမ်းကြည့်ရာမှာတော့ တစ်ဧကကို စိုက်ပျိုးစရိတ်က ကုန်ကျမှုမှာ ၇၄၈၇၀၀ ကျပ် မှ ၁၁၀၁၅၀၀ ကျပ်ထိ ရှိတယ်လို့ သိရပါတယ်။ တစ်ဧကကုန်ကျစရိတ် ကွာခြားရတာကတော့ ရေဖြန်းမှု၊ နွားချေး၊ နှမ်း ဖတ်၊ ပိုးသတ်ဆေး မြေဩဇာအစရှိတဲ့ သွင်းအားစုအသုံးပြုမှု ထည့်သွင်းမှုအပေါ် မူတည်လို့ ကွာဟသွားရကြောင်း ပြောပါတယ်။ ငွေကြေးကုန်ကျမှု ကွာဟသလို အထွက်နှုန်းထွက်ရှိမှု အပေါ်မှာလည်း အကျိုးသက်ရောက်မှု ကွာခြားတာကို တွေ့ရပါတယ်။ တစ်ဧကကို ကြက်သွန်နီ ပိဿာချိန် ၃၈၀၀ ပိဿာမှ ၅၈၀၀ ပိဿာထိ အထွက်ကွာသလို အချို့လူရဲ့ ဝီရိယ စိုက်ထုတ်မှု၊ သွင်းအားစု ပိုမှုဆိုတာတွေအလိုက် တစ်ဧကကို ပိဿာချိန် ၇၀၀၀ -၈၀၀၀ ထွက်ရှိသူတွေလည်း ရှိတယ်လို့ သိရကြားရပါတယ်။

တစ်ဧကေ ကုန်ကျစရိတ်၊ အထွက်နှုန်းနဲ့ တစ်ပိဿာ ကုန်ကျစရိတ်ကို တွက်ကြည့်ရအောင်ပါ။ ကုန်ကျစရိတ် ၇၄၈၇၀၀ ကျပ် ÷ တစ်ဧကထွက်ပိဿာ ၃၈၀၀ = ၁၉၇ ကျပ် ကုန်ကျစရိတ် ၁၁၀၁၅၀ ကျပ် ÷ တစ်ဧကအထွက် ပိဿာ ၅၈၀၀ = ၁၈၉ ကျပ် ဒီအနေအထားအရဆိုရင် တစ်ပိဿာ အထွက်ကုန်ကျစရိတ်ဟာ ၂၀၀ ကျပ် တစ်ပတ်လည်လို့ ပြောရမှာပါ။ သကြ်န်အပြီး ဖြစ်ပေါ်နေတဲ့ အမြင့်ဆုံးဈေးကို မျှခြေတွက်ကြည့်ရင် တစ်ပိဿာ ထိပ်စ ၃၆၀ + အလတ်စ ၃၀၀ ကျပ် + အောက်စ ၂၀၀ ကျပ်= ၈၆၀ ကျပ် ÷ ၃ = ၂၈၇ ကျပ်၊ ဒီအနေအထား ကြက်သွန်စိုက်တောင်သူ တစ်ပိဿာ အပေါ် ၈၇ ကျပ် အမြတ်ထွက်တယ်။ ဒါပေမယ့် ဈေးကွက်တည်ရှိရာ ပခုက္ကူကို သယ်ယူလာရတဲ့ သယ်ယူစရိတ် ပွဲခ၊ လုပ်သားခဆိုတာတွေပါ။ ထည့်တွက်ရင် တစ်ပိဿာ ၅၀ ကျပ်တော့မြတ်တယ်လို့ တွက်လို့ရနေပါတယ်။ တစ်ဧကေ အနိမ့်ဆုံး အထွက် ၃၈၀၀ ပိဿာ × အမြတ် ၅၀ ကျပ်= ၁၉၀၀၀၀ ကျပ်၊ တစ်ဧကေ အမြင့်ဆုံးအထွက် ၅၈၀၀ ပိဿာ× ၅၀ ကျပ် = ၂၉၀၀၀၀ ကျပ်၊ ဒီအခြေအနေမှာ ကြက်သွန်စိုက်တောင်သူအဖို့ တစ်ဧကေ နှစ်သိန်းကျပ် တစ်ပတ်လည်မှာ မြတ်တယ်လို့ သုံးသပ်ရမှာပါ။ ကြက်သွန်နီရဲ့ ပေါ်ဦးပေါ်စ အခြေအနေမှာဆိုတော့ အလျော့တွက် တွက်ရင်လည်း ဒီအချိန်မှာ အလျော့တွက်အနည်းဆုံးလို့ ပြောရမှာပါ။ ဘယ်နေရာ ဘယ်ဒေသမှာပဲ စိုက်စိုက် ထွက်ရှိလာတဲ့ ကြက်သွန်နီဟာ ကုန်စိမ်းတစ်ခုပါပဲ။ ကုန်စိမ်းရဲ့ သဘာဝ ထိခိုက်လွယ်၊ ပျက်စီးလွယ်၊ ဆုံးရှုံးမှုများတယ် ဆိုတာကတော့ မငြင်းနိုင်တဲ့ သဘာဝတရားတစ်ခုပါ။ ကြက်သွန်စိုက်တောင်သူများကို တွေ့ဆုံမေးမြန်းကြည့်တော့ ယခင့် ယခင်နှစ်များက ကြက်သွန်နီစိုက်ပျိုးရာမှာ အရှုံးပေါ်ခဲ့ကြတယ်လို့ တစ်ညီတစ်ညွတ်တည်း ပြောကြပါတယ်။



ကောင်းပြီ၊ ဒီနှစ် အနေအထားကိန်းဂဏန်းကပြောသော ကြက်သွန်နီအရတော့ တောင်သူများမြတ်နေပါပြီ။ ဒီအပေါ်မှာ လောဘထားကြဦးမှာလား၊ ဈေးထပ်တက်မယ် ထင်သလား၊ နိုင်ငံခြားဆွဲလက်ရှိမယ်ထင်သလား၊ လေ့လာကြ၊ သုံးသပ်ကြ၊ ဆုံးဖြတ်ကြပေ့ါ။ တစ်ခါ ပြောစရာရှိတာက ကျွန်တော်တို့ တစ်နယ်လုံး ကရှိတဲ့ ကြက်သွန်နီ ဈေးကွက်ထဲကို အကုန်ဝင်လာရင်လည်း ဒီဈေးရှိနိုင်မလားဆိုတာကိုပါ။ ဘယ်နှစ်တုန်းက၊ ဘယ်တုန်းကမှ တစ်ပြိုင်တည်း ရောင်းတယ်ဆိုတာ၊ မရှိသလောက်ပါ။ ဈေးကျရင်လည်း တက်နိုးနိုး၊ ဈေးတက်ရင်လည်း ဆက်တက်နိုးနိုး စောင့်ခဲ့ကြတာတွေပဲ ရှိပါတယ်။

ကိုယ့်ပစ္စည်းက အခုဈေးအခြေအနေမှာ ----မကမြတ်နေတယ်၊ ဘယ်စောင့်ရင် ဘယ်ခရီး လောက်မှ မရရတဲ့အထဲ အလျော့ဆိုတာကြီးက ရှိနေလေတော့ ကိုင်းစဉ်းစားကြရအောင်ပါ။ ကိန်းဂဏန်း များက ပြောသောကြက်သွန်နီ ဒီအနေအထားမှာ ပြတ်နေပြီ ရောင်းမလား ဈေးအတက်ဆက်စောင့်မလား စဉ်းစားကြရအောင် ပါ----။

**မြင့်ဦး - ပခုက္ကူ**

# အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေး အထောက်အကူပြုနိုင်ရန်အတွက် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

အလုပ်သမား၊ အလုပ်အကိုင်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းကျင်းပသော အနည်း ဆုံး အခကြေးငွေသတ်မှတ်နိုင်ရေး အထောက်အကူပြုနိုင်ရန်အတွက် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ ၂၅ ရက်နေ့က ကုန်သည် စက်မှုအသင်းချုပ်၌ ကျင်းပခဲ့ပါသည်။




အဆိုပါဆွေးနွေးပွဲတွင် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အနည်းဆုံး အခကြေးငွေ၏ သဘောတရား၊ အနည်းဆုံး အခကြေးငွေအဘယ့်ကြောင့်သတ်မှတ်သင့်ကြောင်း၊ သတ်မှတ်လိုက်ပါက ဖြစ်ပေါ်လာမည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ကုန်သည်စက်မှုအသင်းချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က ကုန်သည်စက်မှုအသင်းချုပ် အနေဖြင့် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက် ပေးနေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ Minimum Wages ၏ အဓိပ္ပာယ် ဖော်ပြချက်နှင့် ရှင်းလင်းချက်ကိုလည်း ကောင်း ဆွေးနွေးပြောကြားခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦးက အနိမ့်ဆုံး အခကြေးငွေဆိုင်ရာ သုတေသနတင်ပြချက်ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

MMRD မှ ဦးအောင်မင်းက ASEAN နိုင်ငံများတွင် သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ သတ်မှတ်နှုန်းထားများ၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းနှင့် ပတ်သက်သည့် ကောင်းကျိုးနှင့်ဆိုးကျိုးများ ကို ရှင်းလင်းတင်ပြခဲ့ပြီးနိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO) ၏ Chief Technical Adviser Mr. Christopher LanoKaziauskas က အနည်းဆုံး အခကြေးငွေနှင့် ပတ်သက်၍ ILO မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း ဆိုင်ရာများကို ဆွေးနွေးခဲ့သည်

ထို့နောက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင် ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်သင်းက "အထည်ချုပ်ရဲ့တစ်နေ့လုပ်ခ ကျပ်၁၅၀၀ ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ အစိုးရဝန်ထမ်းတွေရနေတဲ့အတိုင်း ကျပ်၃၂၀၀နဲ့၃၄၀၀ကြားမှာ ရနိုင်မယ်။ အစိုးရရဲ့စစ်တမ်းကောက်ချက်အရလည်း ကျပ်၃၀၀၀ ရှိနေပါတယ်။ ကျွန်တော်တို့ တောင်းဆိုထားတာကတော့ကျပ်၄၀၀၀ပါ"ဟုပြောကြားခဲ့သည်။

ဆွေးနွေးတင်ပြမှုများအပြီးတွင် ကဏ္ဍပေါင်းစုံမှ တက်ရောက်လာကြသော လုပ်ငန်းရှင်ကိုယ်စားလှယ်များက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲ၌ လုပ်ငန်းရှင်များအနေဖြင့် အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေး အဆိုပြုချက်များကို တင်ပြဆွေးနွေး သွားခဲ့ကြရာ အဆိုပါအဆိုပြုချက်များကို အလုပ်သမားကိုယ်စားလှယ်များနှင့် ဆက်လက် ဆွေးနွေးသွားရန်ရှိကြောင်း သိရှိရပါသည်။

**မယ်သီတာ**


Commodity Exchange News
Vol: 15, No.16 Monday May 4 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၄–၅–၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လိုအား ပုံမှန်ရှိလို့ ဈေးမာ၊ ပဲစင်းငုံနီ တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို ဈေးကွက်စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၁၅၆၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ သွက်လာတာကြောင့် ဈေးကွက်ပိတ်ချိန်မှာ တစ်တန်ကို ၁၂၁၂၀၀၀ ကျပ်အထိ ဈေးကောင်းထပ်မံရရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် သင်္ကြန်မတိုင်မီကတည်းက ဈေးတက်ရိပ်ပြလာပြီး ဆက်တိုက်ဆိုသလို ဈေးဆက်လက်မြင့်တက်ခဲ့ကာ စံချိန်တင်လောက်တဲ့ဈေးအထိ ဈေးကောင်းရရှိခဲ့ကြောင်း၊ ဘုရင့်နောင် အခြေစိုက်ပဲကုန်သည်တစ်ဦးက ပြောပါတယ်။ ဒါ့အပြင် ယခင်တစ်ပတ်က ရောင်းဈေး ဝယ်ဈေးညှိမရတဲ့ ပဲစင်းငုံနီကို အိန္ဒိယဝယ်လက်က ဈေးမြှင့်အဝယ်ရှိတာကြောင့် ဈေးသိသာစွာမြင့်တက်ခဲ့ပြီး တစ်တန်ကို ၁၁၀၀၀၀၀ ကျပ်ဈေးထိဈေးကောင်းရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။



## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(သစ်)ပုံမှန်ဝင်ရောက်လာ

ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(သစ်)တွေ နယ်စုံမှ ဝင်ရောက်လာပေမယ့် အဝင်တော့ မလျှိုင်သေးကြောင်း သိရပါတယ်။ လောလောဆယ်အဝင်ရှိသလောက်တော့ ဝယ်လက်တွေ ဈေးကောင်းပေးအဝယ်ရှိနေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၅၃ကျပ်(တစ်တန်ကို ၁၃၁၈၄၇၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မြို့ခံပဲခွဲစက်၊ နယ်စုံမှ ပဲခွဲစက်များနှင့် သိုလှောင်မည့်သူများက ကုလားပဲဖြူလုံးကြီးကို ဝယ်လိုအား ပုံမှန်ရှိတာကြောင့်ဈေးမြင့်လာပြီး တစ်ပိဿာ ၁၀၀၀ ကျပ် (တစ်တန်ကို ၆၁၂၃၉၀ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံ မှာပစ္စည်းလက်ကျန်နည်းနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာ ၁၇၄၀ ကျပ်(တစ်တန်ကို ၁၀၆၅၅၅၈ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံ အရောင်းအဝယ်ပုံမှန်ရှိလို့ ဈေးကောင်းရ

မန္တလေးဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်တွေဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၃၃ကျပ်(တစ်တန်ကို ၁၁၂၂၅၁၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တရုတ်အဆွဲသွက်ခဲ့တဲ့ ပဲတီစိမ်းကြီးကတော့ တစ်ပိဿာ ၂၁၉၆ ကျပ် (တစ်တန်ကို ၁၃၄၄၈၀၈ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်း နေပေမယ့် ဈေးကောင်းရလို့ ထုတ်ရောင်းမှုတွေရှိလာကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၇၃၀ ကျပ်(တစ်တန်ကို ၁၀၅၉၄၃၄ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ရေသွင်းပဲတီစိမ်း(သစ်)တွေဝင်ရောက် ပဲစင်းငုံနီလက်ကျန် နည်းပေမယ့် ရန်ကုန်အဝယ်ပုံမှန်ရှိနေ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ချောင်းဦးနယ်ဘက်မှ ရေသွင်း ပဲတီစိမ်း(သစ်)တွေ အဝင်လျှိုင်နေသလို Export အတွက်ဝယ်ယူနေတဲ့ ဝယ်လက်တွေကလည်းအဝယ်သွက်လို့ တစ်ပိဿာ ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ လတ်တလော ဈေးကောင်းရလို့ ရောင်းသူကုန်သည်တွေ အရောင်းများခဲ့ကြောင်း၊ ဒါပေမယ့် ကုန်သည်လက်ဝယ်မှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၇၃၅ကျပ် (တစ်တန်ကို ၁၀၆၂၄၉၆ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ မှ ၈၀၀ ကြားဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန် ဈေးပေးအဝယ်ရှိ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၄၀ ကျပ်(တစ်တန်ကို ၁၀၆၅၅၅၈ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်က သိပ္ပံနှမ်းနက်ကို တစ်ပိဿာ ၄၇၇၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲတီစိမ်း(သစ်)တွေ ဆက်တိုက်ဝင်ရောက်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်း(သစ်)တွေ နယ်စုံမှ ဆက်တိုက်ဝင်ရောက်မှုတွေရှိနေသလို မန္တလေးဝယ်လက်ကလည်း တစ်ပိဿာကို ၂၀၀၀ ကျပ်(တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် ဈေးဖွင့် အဝယ်ရှိခဲ့ကြောင်းသိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကိုတော့ မြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ပြီး တစ်ပိဿာ ၈၈၀ ကျပ် (တစ်တန်ကို ၅၃၈၉၀၃ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ မှ ၃၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လိုအားပုံမှန်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း ပုံမှန်အရောင်းရှိခဲ့လို့ တစ်ပိဿာ ၁၈၈၀ ကျပ် (တစ်တန်ကို ၁၁၅၁၂၉၃ ကျပ်)ဈေးဖြင့်အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေးဝယ်လိုအား ပုံမှန်ရှိနေ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိတာကြောင့် တစ်ပိဿာ ၃၉၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၅ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအားပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေက တက်ဈေးမျှော်ပြီး အရောင်းပါးသွားတယ်လို့ သိရပါတယ်။ ပစ္စည်းလက်ကျန်နည်းတော့ တချို့ကုန်သည်တွေက ဈေးကောင်းရရင် ထုတ်ရောင်းမှုတွေရှိပြီး ဈေးကျချိန်မှာတော့ အရောင်းနည်းသွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၃၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၂ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနှင့် ကုလားပဲ ဈေးကောင်းရ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ရောင်းသူကုန်သည်များ ဈေးကောင်းရနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၈၅ ကျပ် (တစ်တန်ကို ၁၁၅၄၃၅၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ် လက်ကတော့ ဈေးကောင်းပေးအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၇၂၀ ကျပ် (တစ်တန်ကို ၁၀၅၃၃၁၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(သစ်) အရောင်းအဝယ်ပုံမှန်ရှိနေ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (သစ်)တွေ ပုံမှန်ဝင်ရောက်မှုရှိသလို မြို့ခံပဲခွဲစက်တွေကလည်း အရည်အသွေးပေါ်မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၈၀ ကျပ် (တစ်တန်ကို ၅၃၈၉၀၃ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀ မှ ၂၀၀ ကြားဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံဝင်ရောက်မှုနည်းနေ

မူဆယ်ဈေးကွက်မှာ ပြောင်းဝင်ရောက်မှုနည်းနေပေမယ့် တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၉၄ ယွမ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# Phytosanitary Certificate ပေးပို့တင်ပြရန် ပျက်ကွက်တဲ့ ကုမ္ပဏီများကို Import Cartificate ထုတ်ပေးခြင်းကိစ္စအား ပြန်လည်သုံးသပ်သွားမည်

စိုက်ပျိုးရန် ရည်ရွယ်၍ မျိုးစေ့တင်သွင်းခွင့် လျှောက်ထားလာသူများရဲ့ တောင်းဆိုချက်အရ သွင်းကုန် လိုင်စင်/ပါမစ် လျှောက်ထားရာတွင် စိုက်ပျိုးရေးဌာနရဲ့ Import Certificate(IC) နဲ့သာ လျှောက်ထားခွင့်ပြုရန်နဲ့ မျိုးစေ့များရောက်ရှိလာတဲ့အခါ မျိုးစေ့နမူနာနဲ့အတူ မူရင်း Phytosanitary Certificate (PC) ကို တင်ပြမယ်ဆိုတဲ့ ကတိခံဝန်ချက် (Undertaking) နဲ့ လိုင်စင်ခွင့်ပြုပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ PC တင်ပြရန် ပျက်ကွက်ပါက နောင်တွင် IC ထုတ်ပေးခွင့်မပြုကြောင်းလည်း အသိပေးထားပြီးဖြစ်ပါတယ်။

ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှာ IC ကို ခံဝန်ချက်ပြု လျှောက်ထားသွားသော်လည်း နမူနာနဲ့အတူ ပစ္စည်းတင်ပို့တဲ့ မူရင်းနိုင်ငံရဲ့ အပင်ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် PC ကို လာရောက်အပ်နှံခြင်းမပြုတဲ့ ကုမ္ပဏီများ ရှိနေကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် IC ထုတ်ပေးရန်ကိစ္စကို ပြန်လည် သုံးသပ်သွားမယ်လို့ သက်ဆိုင်ရာကုမ္ပဏီများသို့ အကြောင်းကြားထားတယ်လို့သိရှိရပါတယ်။

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၀၁၅ ခုနှစ် ဧပြီ ၇ ရက် အထိ စိုက်ပျိုးရန်ရည်ရွယ်၍ မျိုးစေ့တင်သွင်းမှုအပေါ် ထုတ်ပေးထားသော IC များအနက် PC မရရှိတဲ့ ကုမ္ပဏီ ခြောက်ခုရှိတယ်လို့ သိရပါတယ်။

အဆိုပါကုမ္ပဏီများက တင်သွင်းတဲ့ မျိုးစေ့တွေကတော့ ပန်းဂေါ်ဖီစေ့၊ ခရမ်းချဉ်သီးစေ့၊ ဟင်းသီးဟင်းရွက်စေ့၊ ပြောင်းစေ့၊ ဝါစေ့၊ နေကြာစေ့၊ ရုံးပတီသီးစေ့၊ Mucuna bracteata ပဲမျိုးစေ့၊ Coriander နံနံစေ့တို့ဖြစ်ပြီး အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ အီတလီ၊ ဟောင်ကောင်၊ ကိုရီးယားနဲ့ ကော့စတာရီကာနိုင်ငံတို့မှ တင်သွင်းထားတာဖြစ်ပါတယ်။

**ပန်**




## ရန်ကုန်မြို့တွင် စင်ကာပူအိမ်ခြံမြေ ကုမ္ပဏီ လုပ်ငန်းခွဲ တည်ထောင်မည်

စင်ကာပူ အိမ်ခြံမြေကုမ္ပဏီတစ်ခုဖြစ်သည့် Oxley Holding ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် အိမ်ခြံမြေလုပ်ငန်းခွဲတစ်ခုကို တည်ထောင်လိုက်ပြီဖြစ်ကြောင်း ကုမ္ပဏီ၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်ကို ကိုးကား၍ The Business Times သတင်းစာတွင် ဖော်ပြထားသည်။

ယင်း Oxley Holding ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Oxley Consultancy & Management Company သည် မြန်မာနိုင်ငံတွင် တည်ထောင်မည့် အိမ်ခြံမြေကုမ္ပဏီတွင် အစုရှယ်ယာတစ်စုလျှင် အမေရိကန် တစ်ဒေါ်လာတန်ဖိုးရှိသည့် အစုရှယ် ယာပေါင်း ၅၀၀၀၀ အပါအဝင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရင်းနှီးမြှုပ်နှံ မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစုရှယ်ယာပေါင်း ငါးသောင်းအနက် Oxley Yangon Company က ရှယ်ယာပေါင်း၄၉၉၉၉ ကို ပိုင်ဆိုင်ကာ ကျန်ရှယ်ယာတစ်ခုကို ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဥက္ကဋ္ဌချင်းချက်ကွမ်က ပိုင်ဆိုင်မည်ဖြစ်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ ကုမ္ပဏီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ အနည်းဆုံး ရှယ်ယာရှင်နှစ်ဦး လိုအပ်သဖြင့် ယခုကဲ့သို့ ပေါင်းစပ်ဖွဲ့စည်းရခြင်းဖြစ်သည်ဟုဆိုသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံတွင် Café Bene က ကော်ဖီဆိုင်ခွဲများ ဖွင့်လှစ်နိုင်ရန် စုံစမ်းလျက်ရှိ

တောင်ကိုရီးယားနိုင်ငံတွင် အောင်မြင်လျက်ရှိသည့် Café Bene သည် မြန်မာနိုင်ငံတွင် ကော်ဖီဆိုင်ခွဲများဖွင့်လှစ်ရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

Café Bene အနေဖြင့် မြန်မာနိုင်ငံ၏ဈေးကွက်အခြေအနေကို စုံစမ်းလျက်ရှိသကဲ့သို့ ၎င်းတို့နှင့်တွဲဖက်လုပ်ကိုင် ပူးတွဲဆောင်ရွက်နိုင်မည့် မြန်မာလုပ်ငန်းရှင်များရှိမရှိကိုလည်း တောင်ကိုရီးယားနိုင်ငံ စီးပွားရေးသံမှူးမှတစ်ဆင့် မေးမြန်းစုံစမ်းခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ စီးပွားရေးသံမှူးမှ ပေးပို့လာသည့် သတင်းတွင် ဖော်ပြထားသည်။

Café Bene ကုမ္ပဏီမှ ကိုယ်စားလှယ်နှစ်ဦးသည် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စီးပွားရေးသံမှူးနှင့် တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံခဲ့ရာတွင် စီးပွားရေးသံမှူးက မြန်မာနိုင်ငံတွင် ကော်ဖီဆိုင်ယဉ်ကျေးမှုသည် စတင်ထွန်းကားစ ပြုနေပြီဖြစ်ပါကြောင်း၊ Fast Food ဆိုင်များ၊ KFC ကဲ့သို့နာမည်ကြီးဆိုင်များ စတင်အခြေချနေပြီဖြစ်ပါကြောင်း၊ Café Bene ကဲ့သို့ Coffee Franchise ဆိုင်များ လောလောဆယ်တွင် မရှိသေးပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ LOTTE Group သည်လည်း မြန်မာနိုင်ငံတွင် ကောင်းစွာအခြေကျနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ သွားရောက်၍ ဈေးကွက်အခြေအနေကို ကောင်းစွာလေ့လာစေလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

Café Bene သည် ၎င်း၏ပထမဦးဆုံးသော ကော်ဖီဆိုင်ကို ဆိုးလ်မြို့တွင် ၂၀၀၈ ခုနှစ် ဧပြီလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး ကိုရီးယားနိုင်ငံတွင် ဥရောပစတိုင်လ် ကော်ဖီအခင်းအကျင်းနှင့် စတင်မိတ်ဆက်ပေးခဲ့သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။ Bene သည် အီတလီစကားဖြစ်ပြီး Good or Well ဟု အဓိပ္ပါယ်ရကြောင်း သိရသည်။

Café Bene ဆိုင်များတွင် ကော်ဖီအမျိုးအစား ၁၇မျိုး၊ ဖျော်ရည် ၅၅မျိုး၊ အီတလီဂျယ်လီ Italian Gelato ၁၂ မျိုး၊ ဝေဖာနှင့်ပျားရည်ပေါင်မုန့် ၁၇ မျိုး၊ ကိတ်မုန့်အမျိုးမျိုး ၁၃မျိုးနှင့် ချောကလက်နှင့် အခြားစားဖွယ်ရာ ၇၅ မျိုးခန့်အား ကိုယ်တိုင်ထုတ်လုပ်ရောင်းချနေသည့် Coffee Franchise ကုမ္ပဏီကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




# အိမ်ငှားဈေးကွက် ဆက်လက်မြင့်တက်ကာ ဝယ်လိုအားများ ဆက်လက်ကျဆင်း

မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်သည် မြန်မာ့နှစ်ဆန်းပိုင်းတွင် နှစ်စဉ်လိုလို ဝယ်ယူမှုများမြင့်တက်ခဲ့သော်လည်း ယခုနှစ်ဆန်းပိုင်းတွင် ဝယ်လိုအားမှာ ဆက်လက်ကျဆင်းနေပြီ အငှားဈေးကွက်သာ ဆက်လက်ရှင်သန်နေကြောင်း တွေ့ရှိရသည်။

ရောင်းလိုအားနှင့်အတူ မြင့်တက်နေသော အငှားဈေးကွက်၏ ဈေးနှုန်းမှာလည်း ကျဆင်းနိုင်မည့်အခြေအနေတွင်မရှိဘဲ ဈေးနှုန်းများမှာလည်း အလွန်ပင် မြင့်တက်လာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက် တစ်ခုဖြစ်သော Ads.com.mm တွင် အိမ်ခြံမြေနှင့် ပတ်သက်သည့် အခြေအနေများကို ယင်းဝက်ဘ်ဆိုက်၏ ပြော ဆိုခွင့်ရှိသူ Mr Elijah Htang က "ကျွန်တော်တို့ဝက်ဘ်ဆိုက်ရဲ့ အိမ်ခြံမြေကဏ္ဍမှာ ရောင်းလိုအားက ဆက်လက်မြင့်တက်နေတယ်။ ပြီးတော့ အငှားဈေးကွက်မှာပဲ ဆက်လက်မြင့်တက်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အငှားဈေးကွက်မှာ ဈေးကွက်သွက်နေသလိုပဲ ဈေးနှုန်းတွေကလည်း အရမ်းမြင့်တက်လာတာကို တွေ့ရပါတယ်။ မနှစ်က မြန်မာ့နှစ်ဆန်းပိုင်းတုန်းကဆို အရောင်းပိုင်းမှာ သွက်ပေမယ့် ဒီနှစ်မှာတော့ အငှားဈေးကွက် ဆက်လက်မြင့်တက်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ အိမ်ခြံမြေပေါင်း ၈၂၃ ခု ရှိပါတယ်။ အရောင်းကဏ္ဍမှာ အိမ်ခြံမြေပေါင်း ၆၀၀ ရှိပြီး အငှား ကဏ္ဍ မှာတော့ ၂၂၃ ခု ရှိနေတဲ့အတွက် ရွေးချယ်စရာတွေ အများကြီးရှိပါတယ်။ လွန်ခဲ့လကထက် အိမ်ခြံမြေပေါင်း ၁၀၀ ကျော် တက်လာတာကိုလည်း တွေ့ရမှာပါ" ဟု ပြောကြားခဲ့သည်။

မြန်မာပြည်၏ အိမ်ခြံမြေဈေးကွက်နှင့်ပတ်သက်၍ အကျိုးဆောင်ပွဲစား တစ်ဦးဖြစ်သည့် စမ်းချောင်းမှ ဒေါ်ဝါဝါလွင်က "ကျွန်မတို့ စမ်းချောင်းမှာ ပွဲစားလုပ်လာတာ လေးနှစ်လောက်ရှိပြီ၊ ဒီနှစ်ကတော့ အငှားဈေးကွက်က အရမ်းမြင့်နေတယ်၊ အရောင်းဈေးကွက်က သိပ်မသွက်တော့ဘူး။ အငှားဈေးကွက်မှာဆိုရင် အိမ်လခတွေက ဈေးအရမ်းများတော့ အရင်တုန်းက ၆ လချုပ်တွေကို ၁ လစာယူဖြစ်တယ်။ ဒါပေမယ့် ခုချိန်မှာအငှားဘက်က လူတွေကိုလည်း ထည့်သွင်းစဉ်းစားပေးနေရတော့ ဝန်ဆောင်ခအဖြစ် လဝက်စာကိုပဲ ယူရတော့တယ်။ မကြာခင် အိမ်ခြံမြေ ပိုမိုများပြားလာခဲ့ရင်တော့ ငှားရမ်းခတွေလည်း ပြန်လည်ကျဆင်းလာနိုင်ပါ တယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်သည် မြန်မာ့နှစ်ဆန်းပိုင်းတွင် အကျဘက်သို့ အနည်းငယ် ဦးတည်နေသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ မျက်စိကျနေဆဲ ဈေးကွက်ကြီးတစ်ခုဖြစ်နေကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း တွေ့ရှိလာရသည်။

**မယ်သီတာ**

## မြဝတီနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများက ၂၀၁၅ ဧပြီ ၁၈ ရက်မှ ၂၄ ရက်ကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၄၈၆ သန်းတန်ဖိုးရှိ ရေထွက် ၂၄၂၀ တန် ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မြဝတီကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ ၀ ဒသမ ၁၆၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၅၉ တန်နီးပါး၊ ကဏန်း ၂၈ တန်ကျော် ပုဇွန် ၁ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၇ တန် ကျော်ပိုမိုတင်ပို့နိုင်ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ သုည ဒသမ ၈၄၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်သော ငါးမျိုးစုံ ၈၉၅ တန်ကျော် ပုစွန် ၁၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၅၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ ၁ ဒသမ ၄၈၁ သန်းတန်ဖိုးရှိ ရေငန်ငါး ၁၂၉၃ တန်နီးပါး၊ ရေငန်ပုစွန် ၁၈ တန်ကျော်၊ ငါးမှုန့် ၁၀၅ တန်၊ ကင်းမွန် ၂ တန်ကျော်နဲ့ သဲကဏန်း အနည်းငယ် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၉၃၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ် MIRT**

## စစ်တွေကုန်သွယ်ရေးစခန်းက လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နဲ့ စက်မှုကုန်ချော ၃၆၆ တန်ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းက ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်ထိ ကာလအတွင်း လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နဲ့ စက်မှုကုန်ချော ၃၆၆ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၆၅ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က သင်္ကြန်ကာလ ပိတ်ရက်ဖြစ်တဲ့အတွက် လုပ်ငန်းဆောင်ရွက်မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းတွေကတော့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ဆီးသီးခြောက် ၁၃၃ တန်၊ နနွင်းတက် ၈ တန်၊ မန်ကျည်းစေ့ ၁၈၇ တန်၊ မန်ကျည်းသီး (အစေ့ပါ) ၅ တန်၊ မန်ကျည်းဖတ် ၄ တန်ကျော်နဲ့ ချင်းအစို ၄ တန်တို့ဖြစ်ကြပါတယ်။ သစ်တောထွက်ကုန်ပစ္စည်းဖြစ်တဲ့ကြိမ် ၃ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၂၂ တန်ကိုလည်း တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း MIRT**

## နမ့်ခွမ်ရွာအနီး စုပုံထားတဲ့ကျပ်ငါးဆယ့်ခြောက်သိန်းကျော်တန်ဖိုးရှိ မီးသွေးအိတ်များ သိမ်းဆည်းရမိ

ဧပြီလ ၁၀ ရက်နေ့ ၀၇း၅၅ ချိန်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ထုတ်နုတ်အင်အား Mobile Team အဖွဲ့က မူဆယ် Asia World Toll Gate အနီးစုပုံထားတဲ့ မီးသွေး ၉၄၀ အိတ်၊ ခန့်မှန်းတန်ဖိုးကျပ် ၅၆၄၀၀၀၀အား တွေ့ရှိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်သိမ်းဆည်းထားတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## တစ်ဖက်နိုင်ငံမှ ဘီယာများတင်ဆောင်လာသော တရားမဝင် စူပါကတ်စတန်ယာဉ်သုံးစီးအား မုပ္ပလင်တွင်သိမ်းဆည်းရမိ

တစ်ဖက်နိုင်ငံထုတ် ဘီယာများကို တင်ဆောင်ထားသော စူပါကတ်စတန်ယာဉ်သုံးစီးဟာ မုပ္ပလင်ရှိ xxxx ထမင်းဆိုင်အနီးမှာ ရပ်နားထားပြီး အခြေအနေပေးပါက ရှောင်ကွင်းလမ်းမှ ထွက်ရန် စောင့်ဆိုင်းနေကြောင်း သတင်းရရှိသဖြင့် လရ(၂)အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးနဲ့ လက်ထောက်ညွှန်ကြားရေးမှူးတို့ ဦးစီးပြီး အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပိတ်ဆို့ဖမ်းဆီးမှုများပြုလုပ်ခဲ့ပါတယ်။

ဖြစ်စဉ်မှာ တောင်းအေ့စ် 9c/xxxx ကို စစ်တောင်းတံတား(သစ်) မုပ္ပလင်ဘက်အဆင်းနဲ့ စူပါကတ်စတန် နှစ်စီး (8G/xxxx နဲ့ 1H/xxxx) တို့ကို မုပ္ပလင် xxxx ထမင်းဆိုင်အနီးမှာ ရပ်ထားသည်ကို တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးစဉ် ယာဉ်မောင်းများမှာ မော်တော်ယာဉ်များကို ထားရှိ ထွက်ပြေးသွားကြပါတယ်။ ယာဉ်များကို Mobile Team OSS အဖွဲ့မှ စစ်ဆေးရာမှာ တစ်ဖက်နိုင်ငံထုတ်ဘီယာများယာဉ်နဲ့ အပြည့်တင်ဆောင်ထားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးအခြေအနေကြောင့် ညတွင်းချင်း ရန်ကုန်တိုင်းဒေသကြီး ဆူးလေဆိပ်ကမ်း မြေပြင်ချစစ်အဖွဲ့သို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## တရားမဝင် တင်သွင်းရန် စုပုံထားတဲ့ ဖုန်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

ဧပြီလ ၂၄ ရက်နေ့၂၂း၃၀ ချိန်မှာ ကုန်သွယ်ရေးဦးစီးဌာန ၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အားမှ ဦးစီးအရာရှိ ဦးစီးသော အဖွဲ့သည် မော်ထောင်းရွာအနီး ရှောင်ကွင်းလမ်းမှာ တရားမဝင် တင်သွင်းရန် စုပုံထားတဲ့ ခဲချောင်း ၂၆ ချောင်း(၂၂၅ ကီလိုဂရမ်ခန့်)ကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဧပြီလ ၂၆ရက်နေ့ ၀၆း၀၀ ချိန်တွင် ကုန်သွယ်ရေးဇုန်အလွန် နမ့်အွန်ရွာအနီး ရှောင်ကွင်းလမ်းမှာ တရားမဝင်တင်သွင်းရန် စုပုံထားတဲ့ ဖုန်းဆက်စပ်ပစ္စည်းအမျိုး ၂၀ နီးပါးကို ကုန်သွယ်ရေး(မူဆယ်) စခန်းထုတ်နုတ်အင်အား လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးအဖွဲ့က သိမ်းဆည်းရမိခဲ့တာဖြစ်ပါတယ်။ သိမ်းဆည်းရမိပစ္စည်းတွေကတော့ ZTE ဘတ္တရီ(၁၀)ခု၊ ဟွာဝေးဘတ္တရီ ၅၃၀ ၊ နားကြပ် ၁၉ ခု ၊ ဒက်တော့ ချာဂျာသုံးခု၊ ဟွာဝေးဘလူးတု ၇၀ ခု၊ ဆမ်ဆောင်းဘလူးတု ၁၃၀ ခု၊ Smart Charger ၈၀ ခု၊ ဖုန်းအိတ် ၂၅ လုံး၊ ဘလူးတု ၂၅ ခု ၊ ဟွာဝေးမှန်ကပ် ၄၈၀ ခု၊ Oppo မှန်ကပ် ၁၄၀ ခု၊ ကူးပက်မှန်ကပ် ၁၆၀ ခု၊ Portable JBK ၃၀ လုံး၊ Electric Hanging Scale ၂၀၀၀၀ ကီလိုဂရမ် လျှပ်စစ်ချိတ်ဆွဲ ချိန်ခွင် ၂ လုံး၊ Power Adapter ၁၀ ခု၊ Apple တံဆိပ် Power Bank ၁၀၀ ခု ၊ ဆမ်ဆောင်းတံဆိပ် Power Bank ၆၀ ခု၊ Sony တံဆိပ် Power Bank ၆၀ ခု၊ OPPO တံဆိပ် Power Bank ၂ ခု၊ VIP Tek တံဆိပ် Power Bank ၆၀ ခုနဲ့ တရုတ် လက်ဖက်ခြောက် ၁၉ ဗူးလို့ သိရပါတယ်။ **MIRT**

## တရားမဝင်သယ်ယူရန်စုပုံထားသော ကြက်သွန်ဖြူအိတ်များ ရှာဖွေတွေ့ရှိ

ဝမ်တာပင်းကျေးရွာတစ်ဝိုက် တရားမဝင်ကုန်သွယ်မှုများအား စစ်ဆေးဆောင်ရွက်စဉ် ဧပြီလ ၉ ရက် ၀၉း၀၀ ချိန်ခန့်က မိုင်းလား-ကျိုင်းတုံသွားလမ်းနံဘေး ဝမ်တာပင်းကျေးရွာအနီး တောင်ယာတဲမှာ ပြည်တွင်းသို့ တရားမဝင်သယ်ယူရန် စုပုံထားတယ်လို့ ယူဆရသော တရုတ်နိုင်ငံထွက် ပုပ်သိုးပျက်စီးလွယ် ကြက်သွန်ဖြူ ၂၂ ကီလိုဝင် အိတ် ၂၀အားပိုင်ရှင်မဲ့တွေ့ရှိခဲ့ရသဖြင့် အမှုတွဲဖွင့်သိမ်းဆည်းခဲ့တယ်လို့သတင်းရရှိပါတယ်။ ပုပ်သိုးပျက်စီးလွယ်ဖြစ်သဖြင့် အဖွဲ့ဖွဲ့၍ ကြမ်းခင်းဈေးသတ်မှတ်ပြီး လေလံတင်ရောင်းချခဲ့ရာ ၄၂၀၀၀ ကျပ်နဲ့ လေလံအောင်ခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## တရားမဝင်တင်ဆောင်လာတဲ့ သုံးဘီးဆိုင်ကယ်အသစ်တစ်စီး ခရီးသည်တင်ယာဉ်ပေါ်မှ သိမ်းဆည်းရမိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အား ဦးစီးအရာရှိဦးစီးတဲ့ Mobile Team အဖွဲ့က ဧပြီလ ၂၆ ရက် ၁၂း၄၀ ချိန်မှာ အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီး ပေါ်တွင် ၅ဂ/xxxx ကြယ်တံခွန် တရားမဝင်တင်ဆောင်လာသော သုံးဘီးဆိုင်ကယ်အသစ်တစ်စီးကို ခရီးသည်တင်ယာဉ်ပေါ်မှ သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါသိမ်းဆည်းရမိ သုံးဘီးဆိုင်ကယ်အသစ်အား မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ လွှဲပြောင်းအပ်နှံ၍ အမှုတွဲဖွင့် အရေးယူသွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးမှုန့် ကန်ဒေါ်လာ ၁၁ သန်းကျော်ဖိုးတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကန်ဒေါ်လာ ၁၁ ဒသမ ၂၄၄ သန်းတန်ဖိုးရှိ ငါးမှုန့် ၁၈၂၆၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ငါးမှုန့်တင်ပို့မှုကို လအလိုက် ဖော်ပြပေးလိုက်ပါတယ်-

| စဉ် | လ | တန် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဧပြီ | ၆၂၀. ၆၀၀ | ၀. ၃၄၁ |
| ၂။ | မေ | ၁၅၃၀. ၀၀၀ | ၀. ၈၄၂ |
| ၃။ | ဇွန် | ၁၄၀၀. ၀၀၀ | ၀. ၇၇၀ |
| ၄။ | ဇူလိုင် | ၁၃၄၅. ၀၀၀ | ၀. ၇၅၂ |
| ၅။ | ဩဂုတ် | ၃၁၄၀. ၀၀၀ | ၁. ၇၆၉ |
| ၆။ | စက်တင်ဘာ | ၁၄၇၅. ၀၀၀ | ၀. ၈၃၀ |
| ၇။ | အောက်တိုဘာ | ၁၃၆၀. ၉၀၀ | ၀. ၇၇၁ |
| ၈။ | နိုဝင်ဘာ | ၂၀၃၅. ၀၀၀ | ၁. ၂၀၀ |
| ၉။ | ဒီဇင်ဘာ | ၁၄၈၀. ၀၀၀ | ၀. ၉၉၃ |
| ၁၀။ | ဇန်နဝါရီ | ၁၆၅၀. ၀၀၀ | ၁. ၁၁၅ |
| ၁၁။ | ဖေဖော်ဝါရီ | ၁၂၅၀. ၀၀၀ | ၁. ၀၇၃ |
| ၁၂။ | မတ် | ၉၈၀. ၀၀၀ | ၀. ၇၈၈ |

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဩဂုတ်လတွင် ငါးမှုန့်အများဆုံး တင်ပို့နိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၂ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ် MIRT**

## LED နှစ်ပေ-မီးချောင်းများကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အား အဖွဲ့မှ ဦးစီးအရာရှိ ဦးစီးတဲ့ Mobile Team အဖွဲ့သည် ဧပြီလ ၂၆ ရက်နေ့က အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကြယ်တံခွန်ယာဉ်၃ဂ/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ LED နှစ်ပေမီးချောင်းစုံ ၁၀ ဖာကို စစ်ဆေးတွေ့ရှိ သိမ်းဆည်း ရမိတယ်လို့ ရှေ့ပြေးသတင်းရရှိပါတယ်။ အဆိုပါ သိမ်းဆည်းရမိပစ္စည်းများအား အဖွဲ့စုံဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက် သွားမယ်လို့သိရပါတယ်။ **MIRT**

# CD ယာဉ်ပေါ်မှ ဖုန်းမှန်အရွယ်စုံတို့ကို စစ်ဆေးတွေ့ရှိ

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စခန်း ထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဧပြီလ ၁၉ ရက်နေ့တွင် မူဆယ် အေးရှားဝေါလ်တိုးဂိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် CD ယာဉ်အမှတ် ၈ဈ/xxxx ယာဉ်အား စစ်ဆေးရာ မိုဘိုင်းဖုန်းမှန် ၂၈၂၀ ချပ်နဲ့ မိုဘိုင်းဖုန်း LCD မှန် ၁၁၀ ချပ်တို့ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိသိမ်းဆည်းရမိတဲ့ မိုဘိုင်းဖုန်း မှန်အထူ/အပါးများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၁ ဒသမ ၈၃၄ ခန့်ဖြစ်ပြီး မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အမှုတွဲဖွင့်လှစ်ထားပြီးဖြစ်ပါတယ်လို့ သိရပါတယ်။ **MIRT**

# ရှောင်ကွင်းလမ်းပေါ်မှ ပိုင်ရှင်မဲ့ အလှဆင်ကျောက်တုံးနဲ့ ကလေးကစားစရာသံသေနတ်တွေ့ရှိ

မူဆယ် -မန္တလေးလမ်းကြောင်းတစ်လျှောက်တွင် အေးရှားဝေါလ်တိုးဂိတ်အနီး အခြေပြုတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဧပြီလ ၂၉ ရက်နေ့တွင် ရှောင်ကွင်းလမ်းအားသွားရောက်စစ်ဆေးစဉ် အလှဆင်ကျောက်ဟု ယူဆရသော ကျောက်တုံးတစ်တုံးနှင့် အထုပ်သေးတစ်ထုပ်၊ ကလေးကစားစရာ သံဖြင့်ပြုလုပ်ထားသော သေနတ်တစ်လက်တို့အား ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ အကောက်ခွန်မဲ့ သိမ်းဆည်းရမိ ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

# လာအိုသို့တင်ပို့မယ့် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိ ဆင်စွယ်သုံးတန်ကျော် ထိုင်းဆိပ်ကမ်းတစ်ခုတွင် စစ်ဆေးတွေ့ရှိ



ဧပြီလ ၂၅ ရက်နေ့က ကင်ညာနိုင်ငံ မွန်ဘာဆာမှ လက်ဖက်ခြောက်များကို လာအိုနိုင်ငံ ဆက်လက်ပေးပို့ရန်လို့ Export Declaration မှာကြေညာထားတဲ့ ကုန်သေတ္တာတစ်လုံးအတွင်းမှ ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိတဲ့ ဆင်စွယ် ၅၁၁ ချောင်း၊ တန်ချိန်အားဖြင့် ၃ တန်ကျော်ကို ထိုင်းဆိပ်ကမ်းတစ်ခုမှာ တွေ့ရှိခဲ့ကြောင်း အကောက်ခွန်ဌာနက ပြောကြားတယ်လို့ အေအက်ဖ်ပီ သတင်းအရ သိရပါတယ်။ ဖမ်းဆီးရမိတဲ့ ဆင်စွယ်များ အနက်အချို့မှာ နှစ်မီတာနီးပါး ရှိတယ်လို့လည်း သတင်းမှာ ဖော်ပြထားပါတယ်။

မှောင်ခိုဈေးကွက်၌ ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိတဲ့ ဆင်စွယ်များကို တရားမဝင် ဆင်စွယ်ရောင်းဝယ်မှုကြီးထွားနေတဲ့ လာအိုနိုင်ငံသို့ ပို့ဆောင်သွားမှာလို့သိရပါတယ်။ တရားမဝင်ရောင်းဝယ်တဲ့ဆင်စွယ်များနဲ့ အခြားတောရိုင်းတိရစ္ဆာန်တို့ဖြင့် ပြုလုပ်သော ကုန်ပစ္စည်းလွှဲပြောင်းတင်ပို့ရာ စခန်းအဖြစ် လာအိုနိုင်ငံကို အသုံးချလျက်ရှိနေတာဖြစ်ပါတယ်။ ဧပြီလ ၂၀ ရက်နေ့ကလည်း ဗန်ကောက်ဆိပ်ကမ်းမှာ ကွန်ဂိုနိုင်ငံမှ ရောက်ရှိလာပြီး လာအိုနိုင်ငံသို့ ဆက်လက်တင်ပို့မဲ့ ကုန်သေတ္တာတစ်လုံးအတွင်းမှ ဆင်စွယ်လေးတန်ကိုလည်း စံချိန်တင်သိမ်းဆည်းရမိခဲ့သေးတယ်လို့ သိရပါတယ်။

**ချမ်းမြေ့မောင်**

# မှန်လုံယာဉ်ပေါ်မှ အခန်းအလှဆင်ဆည်းလည်းများ၊ အလှတင်အရုပ်များကိုစစ်ဆေးတွေ့ရှိ

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဧပြီလ ၁၉ ရက်နေ့တွင် မူဆယ်အေးရှားဝေါလ်တိုးဂိတ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ တရားမဝင်တင်ဆောင်လာတဲ့ မှန်လုံယာဉ်အမှတ် 8H/xxxx ပေါ်မှ အခန်းအလှဆင်ဆည်းလည်း (ကြီး) (သေး)၊ အပ်ချည်လုံး၊ အလှတင်အရုပ် / ကလေးဆော့ဘောလုံး၊ LED ဆိုင်းဘုတ်များအား စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်ရှစ်သိန်းကျော်ခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ် နိုင်ခဲ့ပါတယ်။ **MIRT**

# မှန်လုံယာဉ်နှစ်စီးပေါ်မှ အမဲသားခြောက်များနဲ့ တမလန်းသစ်၊ ပိတောက်သစ်များအား သိမ်းဆည်းရမိ

ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်စခန်းထုတ်နုတ်အင်အားမှ ဦးစီးအရာရှိဦးစီးတဲ့ Mobile Team အဖွဲ့သည် ဧပြီလ ၃ ရက်နေ့တွင် ကုန်သွယ်ရေးဇုန်အလွန် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တရားမဝင် တင်ဆောင်လာတဲ့ မှန်လုံယာဉ်အမှတ် 8H/xxxx ပေါ်မှ အမဲသားခြောက် ၁၅ အိတ်နဲ့ သစ်မာဖြတ်စအရွယ်ဆိုဒ်စုံ ၀ ဒသမ ၅ တန်ကိုသိမ်းဆည်းရမိခဲ့ပါတယ်။ ဧပြီလ ၉ ရက်နေ့တွင်လည်း အဆိုပါနေရာမှာပင် ရတနာထွန်း မှန်လုံယာဉ်အမှတ် ၈ည/xxxx ပေါ်မှ တမလန်း ဓားရွေ ၂၂ ချောင်း၊ တမလန်းတိုင် တစ်လုံး၊ ပိတောက်ခွဲသား ၅၈၇ ချောင်းတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ ယာဉ် နှစ်စီး ပေါ်မှ သိမ်းဆည်းရမိ အမဲသားခြောက်များနဲ့ တမလန်းသစ် ပိတောက်သစ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆ ဒသမ ၆၃၀ ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အမှုတွဲဖွင့်လှစ်ထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# ခရီးသည်တင်ယာဉ်ပေါ်မှ အကောက်ခွန်မဲ့ ပိတောက်သားသစ်ချောင်းများ သိမ်းဆည်းရမိ

အေးရှားဝေါလ်တိုးဂိတ်အနီးအခြေပြုတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဧပြီလ ၂၉ ရက်နေ့တွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် မန္တလေးမှ မူဆယ်သို့ လမ်းကြောင်းအတိုင်းဝင်ရောက်စစ်ဆေးခံသော ခရီးသည်တင်ယာဉ်အမှတ် ပ/xxxx ကုန်စုံယာဉ်အားစစ်ဆေးခဲ့တယ်လို့သိရပါတယ်။ ကုန်စုံယာဉ်ပေါ်မှ ပိတောက်သားဖြင့်ပြုလုပ်သည်ဟုယူဆရသော ခေါက်ဆွဲစားတူ (အလတ်) ပြုလုပ်ရန် ပိတောက်ခွဲသားချောင်းများကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့ ရှေ့ပြေးသတင်းအရ သိရပါတယ်။ အဆိုပါ သိမ်းဆည်းရမိသစ်ခွဲချောင်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံသွားမယ်လို့သိရပါတယ်။ **MIRT**

# တစ်ဖက်နိုင်ငံသို့တင်ပို့ရန် ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့လယ်ယာထွက်ကုန်နဲ့ သစ်တောထွက်ကုန်များ သိမ်းဆည်းရမိ

ဧပြီလ ၂၆ ရက်နေ့ ၀၈း၃၀ ချိန် ကုန်သွယ်ရေးဦးစီးဌာန (မူဆယ်) နယ်စပ် ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အားမှ ဒုတိယညွှန် ကြားရေးမှူး ဦးစီးသော Mobile Team အဖွဲ့ဟာ ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်း (ကျိန်စမ်းကျော့ လမ်း)မှာ အကောက်ခွန်မဲ့စုပုံထားသော ဆန် ၄၃ အိတ်၊ မီးသွေးအိတ် ၃၅ အိတ်၊ ထင်းရှူးဆီ ၁၁ အိတ်ကိုလည်းကောင်း၊ ၀၉း၀၀ ချိန်မှာ ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်း (အောက်တုံခန်ရွာအနီး)မှာ အကောက်ခွန်မဲ့စုပုံထားသော ပြောင်းအိတ် ၆၀ တို့အား သိမ်းဆည်းရမိခဲ့တယ်လို့ ရှေ့ပြေးသတင်းရရှိပါတယ်။

ဧပြီလ ၂၇ ရက် ၁၆း၃၀ ချိန်မှာ ကျိန်စမ်းကျော့ရှောင်ကွင်းလမ်းမှာ တရားမဝင် စုပုံထားတဲ့ပိုင်ရှင်မဲ့ ဆန်အိတ်(၄၀)ကိုလည်း ထပ်မံသိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများကို မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနသို့ OSS အဖွဲ့စုံနဲ့ လွှဲပြောင်းအပ်နှံ၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲ ဖွင့်သိမ်းဆည်း သွားမယ်လို့သိရှိရပါတယ်။ **MIRT**

# ဝမ်တာပင်း Mobile Team အဖွဲ့နဲ့ ပူးပေါင်းမူးယစ်အဖွဲ့တို့မှ မိုင်းလား-ကျိုင်းတုံသွား ဖော်ကျူနာယာဉ်ပေါ်မှာ သိုဝှက်သယ်ဆောင်လာသော မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ဧပြီလ ၂၈ ရက် ၁၈း၀၀ ချိန် ဝမ်တာပင်း Mobile Team အဖွဲ့နဲ့ ပူးပေါင်းမူးယစ်အထူးအဖွဲ့ ၂၈ ကျိုင်းတုံတို့ တာဝန်ထမ်းဆောင်စဉ် မိုင်းလားဘက်မှ ကျိုင်းတုံမြို့ တွင်းသို့ မောင်းနှင်လာသော ဖော်ကျူနာယာဉ် YGN 9D/xxxx အားရပ်တန့်စစ်ဆေးရာ မသင်္ကာဖွယ်ရာတွေ့ရှိသဖြင့် မူးယစ်အထူးအဖွဲ့ ၂၈ ကျိုင်းတုံသို့ ယာဉ်မောင်းနှင့်အတူ မောင်းနှင်ခေါ်ဆောင်စစ်ဆေးမှုပြုခဲ့ပါတယ်။

ယာဉ်မောင်းရဲ့ ထိုင်ခုံအောက်အတွင်း သိုဝှက်ထားတဲ့ တိပ်အဝါပတ်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ပြားစီပါ အထုပ် သုံးထုပ်၊ ကားဆီတိုင်ကီအတွင်း သိုဝှက်ထားတဲ့ အဖြူရောင် ပလတ စတစ်ဖြင့် ထုပ်ထားတဲ့ Ice ၁၉ ထုပ် ကီလိုအားဖြင့် ၂၀ကီလို၊ ကားအနောက်ခန်း ဘောက်စ်အတွင်း သိုဝှက်ထားတဲ့ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ ပြား၊ အပြာရောင်ပလတ်စတစ်အိတ်ငယ်ဖြင့် ထုပ်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ အပါအဝင် မြန်မာဆင်းကတ်ပါဖုန်း၊ တရုတ်ဆင်းကတ်ပါဖုန်းများကို ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် သိမ်းဆည်းခဲ့တယ် လို့သိရပါတယ်။ ဆေးပြားများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၄၈၄၅ သိန်းခန့်ရှိတယ်လို့သိရပါတယ်။ ယာဉ်မောင်းအား စစ်ဆေးချက်အရ လူတစ်ဦးက ကျိုင်းတုံသို့ ၎င်းယာဉ်အား မောင်းနှင်ခ ကျပ်သုံးသိန်းနဲ့ ငှားရမ်းခဲ့ခြင်းဖြစ်ပြီး ကျိုင်းတုံ လေယာဉ်ကွင်းအနီး ဆီပန့်အကျော်တွင် ရပ်ထားပေးရန်နှင့် ယာဉ်မောင်းခကို ထိုနေရာတွင် ပေးမည်ဟုညှိနှိုင်းချက်နဲ့ မောင်းနှင်လာခြင်း ဖြစ်တယ်လို့ထွက်ဆိုခဲ့ပါတယ်။ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိတဲ့ ယာဉ်မောင်းနှင်လာသူကိုလည်း အမှုဖွင့်အရေးယူရန် ဆောင်ရွက်နေတယ်လို့သတင်းရရှိပါတယ်။ **MIRT**




ယနေ့ Globalization ခေတ်တွင် နိုင်ငံတိုင်းပြိုင်နေသည်မှာ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။ စစ်အေးကာလပြီးဆုံးခဲ့သည့် ၁၉၈၀ ပြည့်လွန် နှစ်များနောက်ပိုင်း နိုင်ငံတိုင်းနီးပါး အပြင်ကိုရှုမျှော်သည့် တံခါးဖွင့်မူဝါဒ (Outward looking policy) ဖြင့် စီးပွားရေးတိုးတက်မှုကိုဖော်ဆောင်ခဲ့ကြသည်။ ICT ထွန်းကားလာမှုကြောင့်လည်း ကမ္ဘာတစ်ဝန်းလုံး ဆက်သွယ်ရေး လွယ်ကူလာသလို ဆက်သွယ်မှု၊ သွားလာမှု၊ သယ်ယူမှုစရိတ်များ သိသိသာသာ ကျလာခြင်းကြောင့်လည်း ကမ္ဘာ့ထုတ်လုပ်မှုပုံစံ ယခင်ဖွံ့ဖြိုးပြီး နိုင်ငံများတွင် အစအဆုံးစက်မှုလုပ်ငန်းများ ထုတ်လုပ်မှုမှတစ်ဆင့် ယခုအခါ နှိုင်းယှဉ်စရိတ် (လုပ်သားခ) သက်သာသည့် နိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်လာကြသည့်အတွက် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (Global supply chain) ပေါ်ပေါက်လာသည်။ ထို့အတွက် ယခုအခါကုန်သွယ်မှုတွင် ယခင်ကကဲ့သို့ သုံးစွဲရန်အသင့်ရှိသည့် ကုန်စည်များသာမက ကုန်ကြမ်းများ၊ တစ်ဝက်တစ်ပျက်ပြီးကုန်စည်များ၊ Parts and components များပါ အကျုံးဝင်လာကာ Global supply chain trading ပေါ်ပေါက်လာမှုကြောင့် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး အထူးတိုးတက်လာခဲ့သည်။ ယခင်က ကုန်သွယ်မှုသည်တစ်ကြောင်းတည်း (One way trading) ကုန်သွယ်မှုမှ ယခုအခါအသွားအပြန်ရှိသည့် ကုန်သွယ်မှု (Two way trading) ဖြစ်လာခြင်းကြောင့်လည်း ယနေ့ကမ္ဘာ့ နိုင်ငံများ၏ တိုးတက်မှုကို ကုန်သွယ်မှုက ဦးဆောင်နေပေသည်။

## တိုးတက်မှု၏မောင်းနှင်အား (Trade is engine of growth)

အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုကဏ္ဍသည်ဦး ဆောင်ကဏ္ဍ (Leading sector) ဖြစ်ပြီး၊အာရှတွင် ပထမဆုံး တိုးတက်ခဲ့သည့် ဂျပန်နိုင်ငံ၏အတွေ့အကြုံမှ အစပြု၍ အာရှ၏ ကျားလေးကောင်ဟု အမည်တွင်သည့် တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ စင်္ကာပူတို့အပြင်ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှု အမြန်ဆုံးဖြစ်ခဲ့သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံများအထိ ဖွံ့ဖြိုးတိုးတက်လာသည်မှာ ကုန်သွယ်မှုကဏ္ဍ တိုးတက်မှုမှတစ်ဆင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ နိုင်ငံတကာဈေးကွက်များသို့ ၎င်းတို့၏ ပို့ကုန်များကို အရည်အသွေးရော၊ အရေအတွက်ပါ သိသိသာသာတိုးချဲ့တင်ပို့နိုင်မှုကြောင့် ဖြစ်သည်။ အဆိုပါနိုင်ငံများတွင် ပို့ကုန် ဦးစားပေးစက်မှုလုပ်ငန်းများ လျင်မြန်စွာ ထွန်းကားလာမှုကြောင့်လည်း ပို့ကုန် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အာရှနိုင်ငံများ၏ တိုးတက်လာမှုတွင် ပို့ကုန် ဦးဆောင်သည့် တိုးတက်မှုပုံစံ (Export led growth model) အရသာ တိုးတက်လာခဲ့ကြသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွက် (Export led growth model) အကောင်အထည်ဖော်နိုင်ရေး အရေးကြီးဆုံးလိုအပ်ချက်များမှာ အခြေခံပို့ကုန်များမှ တန်ဖိုးမြှင့်ပို့ကုန်များအဖြစ် ပြောင်းလဲနိုင်ရေးအတွက် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရရှိမှုတို့ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွား ရေးစနစ်နှင့် တံခါးဖွင့်မူဝါဒကျင့်သုံးလာခြင်း၊ကမ္ဘာ့နိုင်ငံများ၏ အသိအမှတ်ပြုလာမှုနှင့် စီးပွားရေးပေါင်းစည်းမှု ပိုမိုရှိလာပြီဖြစ်ခြင်း၊ အီးယူ၏ စီးပွားရေးပိတ်ဆို့မှု ကင်းလွတ်လာမှုနှင့်အတူ အထူးကုန်သွယ်ရေး ကင်းလွတ်မှုရရှိလာခြင်း၊ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးဆိုင်ရာ စီမံကိန်းကြီးများပြန်လည်လုပ်ဆောင်လာခြင်း၊ မကြာမီ အေအီးစီကြောင့် ပေါ်ပေါက်လာမည့် စားသုံးသူဦးရေသန်း ၆၀၀ ရှိသည့် ဈေးကွက်ကြီးသို့ပိုမို တင်ပို့ရန် အလားအလာရှိနေခြင်း၊ ယခုနှစ်များအတွင်း ထုတ်လုပ်မှုနှင့်စက်မှုကဏ္ဍများသို့ FDI ပိုမို ဝင်ရောက်လာခြင်း၊ ကမ္ဘာ့ဈေးကွက်အကြီးဆုံးနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊အာဆီယံ၊အီးယူ၊ ဂျပန်တို့နှင့် ကုန်သွယ်မှု အထူးအခွင့်အရေးများဖြင့် အနီးကပ်ဆုံး ဆက်စပ်နေမှုများကြောင့် မြန်မာ့ကုန်သွယ်မှုကဏ္ဍ အထူးသဖြင့် မြန်မာ့ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။

## မြင်သာသည့် ကုန်သွယ်မှုကဏ္ဍ ပြောင်းလဲမှုများ

အစိုးရသစ်တာဝန်ယူခဲ့သည့် ကာလအတွင်း ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဟူ၍ အဘက်ဘက်မှ စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ပြီး၊ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများအနက် ကုန်သွယ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကျဉ်းချုံး၍ ပြန်ကြည့်မည်ဆိုလျှင် နယ်ပယ်ဧရိယာကြီးလေးခုဖြစ်သော ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများ (Trade liberalization)၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး (Trade facilitation)၊ ကုန်သွယ်မှုမြှင့်တင်ရေး (Trade promotion) နှင့်ကုန်သွယ်မှု ပညာပေးရေး (Trade education) တို့ ဖြစ်ပြီး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများအနက် ပထမအဆင့်မှာ ယခင်က အရှိန်အဝါကြီးခဲ့သည့် ကုန်သွယ်မှုကောင်စီ (Trade council) ကို ဖျက်သိမ်းခြင်းပင်ဖြစ်ပြီး၊ ကုန်သွယ်မှုလုပ်ငန်းကို ဝန်ကြီးဌာနကတာဝန်ယူလုပ်ဆောင်စေခဲ့သည်။ ထို့အတူ ယခင်က ကျင့်သုံးခဲ့သည့် ပို့ကုန်ပထမ (Export first)ပေါ်လစီကို ဖျက်သိမ်းခဲ့သည့် အပြင် သွင်းကုန်တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ပို့ကုန်ဝင်ငွေသာမက ဝန်ဆောင်မှုများမှရရှိသည့် နိုင်ငံခြားငွေများကိုပါ ခွင့်ပြုခဲ့သည်။ ဖြေလျှော့မှုများအနက် ထင်ရှားသည့်ပြောင်းလဲမှုမှာ ကုန်သည်များအကြား တန်းတူညီမျှအခွင့်အရေး (Level playing field) ရရှိစေပြီး၊ အထူးအခွင့်အရေးများ ဖျက်သိမ်းခဲ့သည်။ အထူးသဖြင့် ယခင် မော်တော်ကားတင်သွင်းမှု လိုင်စင်နှင့် စားအုန်းဆီ တင်သွင်းမှုများကို အထူးပါမစ်များဖြင့် အုပ်စုတစ်စု၊ ကုမ္ပဏီ တစ်ခုနှစ်ခုကိုသာ ခွင့်ပြုရာမှ၊ အစိုးရသစ်လက်ထက်တွင် မည်သူမဆိုတင်သွင်းနိုင်ရန် ဖြေလျှော့ပေးခဲ့သည်။ထို့ပြင် တင်သွင်းသူများ ပြသသည့်ဘဏ်တွင် ငွေရှိကြောင်း အထောက်အထားမှ စ၍ တင်ပို့သူများအနေဖြင့် ပစ္စည်းပုံကို ဦးစွာပြသသည့် စနစ်၊ သင်္ဘောတင်ပြီးမှ ငွေထုတ်ယူနိုင်သည့်စနစ်များ စသည်တို့ဖြေလျှော့ ပေးခဲ့သည်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေ ရေး (Trade facilitation) နှင့် ပတ်သက်၍လည်း မြင်သာထင်သာသည့် ပြောင်းလဲတိုးတက်မှုများမှာ လိုင်စင်လျှောက်ထားရာတွင် ယခင်ကနှစ်ပတ်၊ ၁၀ ရက်ကြာမြင့်ခဲ့ရာမှ ယခုအခါ သာမန်လိုင်စင်အများစုကို နေ့ချင်းပြီး ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ဥပမာအားဖြင့် ပို့ကုန်ဆိုလျှင် ယခင်အထောက်အထားနှင့် စာရွက်စာတမ်းရှစ်မျိုးတင်ပြစေခဲ့ရာမှ ယခုအခါ နှစ်မျိုး (Letter Head လျှောက်လွှာနှင့် Proforma Invoice) သာတင်ပြရန်လိုပြီး သွင်းကုန်အတွက် ယခင်စာရွက်စာတမ်း ၉ မျိုးမှ ယခုအခါ သုံးမျိုးသာရှိပြီး၊ လိုင်စင်ကြေးများကိုလည်း ယခင် ကျပ် ၄၀၀၀ - မှ ယခု ၂၅၀၀ - ကျပ်သို့သိသာစွာ လျှော့ချလိုက်ပြီဖြစ်သည်။ လိုင်စင်လျှောက်ထားရာတွင် မလိုအပ်သည့် အထောက်အထားများ၊ ထောက်ခံချက်များကိုလည်း သိသိသာသာ လျှော့ချထားပြီးဖြစ်သည်။ ယခင်က လိုင်စင်လုပ်ရန် နေပြည်တော်သို့ သွားရောက်ရသော်လည်း ယခုအခါ လိုင်စင်အများစုကို ရန်ကုန်တွင် လုပ်နိုင်သလို၊ အွန်လိုင်းဖြင့်လည်း အလွယ်တကူလုပ်ဆောင်နိုင်ပြီ ဖြစ်သည်။ ထို့ပြင် နယ်စပ်စခန်းများ၌လည်း လိုင်စင်ထုတ်ပေးနေပြီ ဖြစ်သည်။ ပို၍ အရေးကြီးသည်မှာ ကုန်စည် H.S Code အရ ပို့ကုန်၊ သွင်းကုန် အမယ်သုံးထောင်ဝန်းကျင်အတွက် လိုင်စင်လျှောက်ထားရန်ပင် မလိုဘဲတင်သွင်း/တင်ပို့ခွင့်ရှိလာပြီ ဖြစ်သည်။ Automatic licensing စနစ် ယခုထက်ပိုမို လုပ်ဆောင်တော့မည်ဖြစ်သည်။

**ယခင် ခေတ်အဆက်ဆက် ရှင်သန်ကြီးထွားလာခဲ့သည့် တရားမဝင်ကုန်သွယ်မှုကို mobile team ဖြင့် အရေးယူတားဆီးခဲ့မှုကြောင့် တရားမဝင်ကုန်သွယ်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ခဲ့ပြီး ကုန်သွယ်မှုတန်ဖိုး မြှင့်တင်နိုင်ခဲ့သည်။**

ထို့အတူ ကုန်သွယ်မှုမြှင့်တင်ရေး နှင့် ပတ်သက်၍ မြင်နိုင်သည့် တိုးတက်မှုများမှာ ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း အနက် ၈ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ကို ပပျောက်ခဲ့ပြီး၊ ကျန်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းသာ ပေးဆောင်ရသည်။ ထို့ပြင် ယခင်ပိတ်ပင်ထားခဲ့သည့် ပို့ကုန်/သွင်းကုန်အမယ်များ ခွင့်ပြုလာသလို ပို့ကုန်အသစ်များ၊ သွင်းကုန်အသစ်များပါ ခွင့်ပြုပေးနေပြီဖြစ်သည်။ ဥပမာအားဖြင့် လယ်ယာပို့ကုန်များနှင့် ပတ်သက်၍ ယခင်က ခွင့်ပြုခဲ့သည့် နှမ်းညို၊ နှမ်းနီတို့ပါ ခွင့်ပြုလာသလို ကြက်သွန်နီ၊ ငရုတ်၊ ဆားတို့ကို ခွင့်ပြုခဲ့ပြီး သွင်းကုန်များ၌လည်း ဟင်းခတ်မှုန့်၊ အသင့်စားခေါက်ဆွဲထုပ်များ (instant noodle)၊ အချိုရည် စသည်တို့ တင်သွင်းခွင့်ပြုခဲ့သည့်အပြင် အရက်၊ ဝိုင် စသည်တို့ကိုလည်း တရားဝင်တင်သွင်းနိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။ ကုန်သွယ်မှု တိုးတက်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ

သိသိသာသာလျော့ကျစေဖို့ နယ်စပ်မျဉ်းတစ်လျှောက် လုံခြုံမှုရှိပြီး၊ ဆက်သွယ်ရေးကောင်းသည့်နေရာများ၌ နယ်စပ်ဂိတ်အသစ်များ တိုးချဲ့ဖွင့်လှစ်နေသည်။ ယခင်က နယ်စပ်ဂိတ် ၁၂ ဂိတ်သာရှိခဲ့သော်လည်း၊ ယခုအခါ ၁၅ ဂိတ် ရှိလာပြီဖြစ်သလို မကြာမီ ဂိတ်သစ်သုံးဂိတ်ဖွင့်လှစ်ရန် စီစဉ်နေပြီဖြစ် သည်။ ကုန်သွယ်မှု တိုးချဲ့နိုင်ရေးအတွက် ယခုအခါကုန်သည်အငယ်များပါကုန်သွယ်မှု လုပ်ဆောင်နိုင်ရန် တစ်ဦးချင်း ကုန်သွယ်မှုကတ် (Individual trading card) များ နယ်စပ်ဂိတ်များ၌ ထုတ်ပေးပြီးလုပ်ဆောင်နေပြီဖြစ်သည်။ ယခင်ခေတ်အဆက်ဆက် ရှင်သန်ကြီးထွားလာခဲ့သည့် တရားမဝင်ကုန်သွယ်မှုကို mobile team ဖြင့်အရေးယူ တားဆီးခဲ့မှုကြောင့် တရားမဝင်ကုန်သွယ်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ခဲ့ပြီး ကုန်သွယ်မှုတန်ဖိုး မြှင့်တင်နိုင်ခဲ့သည်။

ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံ ၉ နိုင်ငံ၌ စီးပွားရေးကောင်စစ်ဝန်များ ခန့်အပ်ကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးချဲ့ရေးတို့ကို လုပ်ဆောင်နေပြီဖြစ်သည်။ ယခုအခါ နိုင်ငံတကာမှ ကုမ္ပဏီကြီးများနှင့် ဝယ်သူများ မြန်မာ့ကုန်စည်များကို အလွယ်တကူ ဝယ်ယူနိုင်ရန်နှင့် မြန်မာ့ကုန်သည်များ နိုင်ငံတကာသို့ ပိုမိုတင်ပို့နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များ ပေးနိုင်သည့် "မြန်မာ့ကုန်သွယ်မှုစင်တာ" ကိုရန်ကုန်တွင်ဖွင့် လှစ်ထားပြီး၊ မြန်မာ့ပို့ကုန်များ ခင်းကျင်းပြသထားပြီဖြစ်သည်။

ထို့အတူ ကုန်သွယ်မှုဆိုင်ရာ ပညာပေးရေး တစ်နည်းအားဖြင့် ကုန်သွယ်မှုနှင့်ဆိုင်သည့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမှုသည် လည်းဦးစားပေးအစီအစဉ်တစ်ရပ်ဖြစ်သည်။ အသိပညာခေတ် (Knowledge ) ဖြစ်သည်နှင့်အညီ ယနေ့ခေတ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကပြဌာန်းနေသည်မှာ ကျွမ်းကျင်တတ်မြောက်မှုနှင့် အရည်အချင်းစွမ်းရည်ပြည့်ဝမှု တို့ပင်ဖြစ်သည်။ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးလာစေဖို့စီးပွားရေးကျင့်ဝတ်ရှိပြီး၊ အရည်အသွေးနှင့် စွမ်းဆောင်ရည်ရှိသည့် ကုန်သည်များပိုမိုမွေးထုတ် နိုင်မှသာလျှင်မျှော်လင့်နိုင်မည်ဖြစ်သည်။ ယခုအခါ ကမ္ဘာ့ဈေးကွက် ပြန်လည်ရရှိလာသည့်အတွက်လည်း အဆိုပါဈေးကွက် ထိုးဖောက်ဝင် ရောက်နိုင်ရေးအတွက် သိရှိနားလည်ရသည့် နိုင်ငံတကာ စံချိန်စံညွှန်းများမှအစ Global marketing, Risk management ဈေးကွက်သစ်ထိုးဖောက်ရေးအတွက် သုတေသန၊ global supply chain နှင့် Value chain ဝင်ရောက်နိုင်သည့် နည်းလမ်းများ၊ သိရှိရမည့် အပြည်ပြည်ဆိုင်ရာ Business law ၊ မိမိတို့၏ ယှဉ်ပြိုင်နိုင်မှု စွမ်းအားတိုးတက်လာရေး၊ GSP အထူးအခွင့်အရေး စသည်တို့အသေးစိတ်သိရှိမှသာ ကုန်သွယ်မှု အထူးသဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ထို့ပြင် လက်ရှိတင်ပို့နေသည့် မူလကုန်စည်ပို့ကုန်များမှ တန်ဖိုးမြှင့် ပို့ကုန်များ လုပ်ဆောင်နိုင်ရေးနည်းလမ်းများ သိရှိမှသာတန်ဖိုးမြှင့် ပို့ကုန်များ ပိုမိုထွန်းကားလာမည်ဖြစ်သလို အဆိုပါ လုပ်ငန်းများဖွံ့ဖြိုးလာစေရန် နိုင်ငံတကာလုပ်ငန်းများနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်မည်၊ မကြာမီ ပွင့်လန်းလာမည့် အခွင့်အလမ်းများကြောင့် ပြည်တွင်းဈေးကွက် ဦးတည်သည့် သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပို့ကုန်နှင့်ဆက်စပ်သည့်လုပ်ငန်းများ ပြောင်းလဲနိုင်ရေး အထူးအရေးကြီးလာပြီဖြစ်သည်။

အထူးသဖြင့် ကမ္ဘာ့ဈေးကွက်သည် ယှဉ်ပြိုင်မှုပြင်းထန်သည့်အတွက် ကုန်သည်များအထူး အလေးထားရမည့် ထုတ်ကုန်အရည်အသွေး စံချိန်စံညွှန်း ပြည့်ဝရေး၊ သတ်မှတ်သဘောတူထားသည့်အတိုင်း တိတိကျကျဆောင်ရွက်နိုင်ရေး၊ မှန်မှန်ကန်ကန် လုပ်ဆောင်မှသာ ရေရှည်တည်တံ့သည့်ဈေးကွက်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ကုန်သည် တစ်ဦးတစ်ယောက်မမှန်မကန် လုပ်လျှင်တိုင်းပြည်၏ပုံရိပ် (Image) ကိုပါ ထိခိုက်နိုင်သည့်အတွက် ကုန်သည်တိုင်း စီးပွားရေးကျင့်ဝတ် (Business ethics) သာမကဘဲ လူ့အသိုင်းအဝိုင်းကျင့်ဝတ် (Community ethics) ပါ ပြည့်ဝစေရန် အထူးအရေးကြီးလာပြီဖြစ်သည်။ ထို့အတွက် Trade Training Institute ကို ၂၀၁၂ ခုနှစ်မှ စတင် ပြီးဖွင့်လှစ်ကာ အရည်အသွေးနှင့် စွမ်းရည်ပြည့်ဝစေပြီး စီးပွားရေးကျင့် ဝတ်နှင့်ပြည့်စုံသည့် အလားအလာရှိသည့် ကုန်သည်များတိုးတက်ရေးအတွက် ကုန်သွယ်မှုပညာပေးရေး (သို့မဟုတ်) ကုန်သွယ်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်နေသည့် အမှုထမ်း၊ အရာထမ်းများအတွက်လည်း အရည်အချင်း ပိုမိုပြည့်ဝရေးအတွက် WTO, ITC, UNESCAP, CBI,JICA, KOICA စသည်တို့၏ ကုန်သွယ်မှုနှင့် ဆိုင်သောရက်တိုသင်တန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်နေပြီဖြစ်သည်။ ကုန်သွယ်မှု ကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင်လည်း မြန်မာနိုင်ငံ၏ ပထမဆုံးသော ကုန်သွယ်မှုပေါ်လစီဆန်းစစ်ခြင်း (Trade policy review) ကို ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ နည်းပညာ အကူအညီ ဖြင့်ပြုလုပ်နိုင်ခဲ့သည်။ ထို့ပြင် ပို့ကုန်ကဏ္ဍသိသိ သာသာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား ပို့ကုန်မဟာဗျူဟာ (National export strategy) ကို ဂျာမနီအခြေစိုက် GIZ နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာ (International trade center - ITC) တို့၏ အကူအညီဖြင့် ရေးဆွဲပြီးပြီဖြစ်ရာ အကောင်အထည်ဖော်မှုစတင်နေပြီ ဖြစ်၍မကြာမီတန်ဖိုးမြှင့် ပို့ကုန်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ဖွံ့ဖြိုးမှုအတွက်ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးအစီအစဉ် (Enhanced integrated framework) အရလည်း "ကုန်သွယ်မှု အကူအညီများ" (Aids for trade) ပိုမိုရရှိလာပြီဖြစ်သည်။

## အကျိုးသက်ရောက်မှုများ

ကုန်သွယ်မှုကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ယနေ့ထင်သာမြင်သာသည့် တိုးတက်မှုများရှိနေပြီ ဖြစ်သည်။ အဓိကဖြစ်သည့် ကုန်သွယ်မှု ပမာဏတိုးတက်မှုကို ကြည့်မည်ဆိုလျှင် ယခင်ကာလ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော်သာရှိခဲ့ သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏအမေရိကန် ဒေါ်လာ ၂၈ ဘီလီယံကျော်ရှိသောကြောင့် လေးနှစ်တာကာလအတွင်း နှစ်ဆနီးပါးခန့် သိသိသာသာတိုးတက်လာခဲ့သည်။

➲စာမျက်နှာ ၂၅ သို့

# နိုင်ငံတကာ ဒီဇိုင်းဆုရ မြန်မာ့လက်မှုပစ္စည်းများ

နိုင်ငံတကာမှာ ကုန်သွယ်မှုက အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သလို ဝန်ဆောင်မှုကဏ္ဍကိုလည်း ချန်လှပ်ထားလို့မရပါဘူး။ မြန်မာနိုင်ငံကလည်း နိုင်ငံတကာနဲ့ ကုန်သွယ်ဖို့ပင်လယ်ထွက်ပေါက်ကို ပိုင်ဆိုင်ထားပါတယ်။ ပို့ကုန်တွေများများတင်ပို့နိုင်မှ ကုန်သွယ်မှုတိုးတက်ပြီး၊ ထုတ်လုပ်မှုအခန်းကဏ္ဍ မြင့်မားလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံတွေရဲ့ ဝယ်လိုအား၊ ဈေး ကွက်လိုအပ်ချက်၊ စံချိန်စံညွှန်း၊ ဈေးနှုန်း သတင်းအချက်အလက်၊ ပြည်တွင်းဈေးကွက်အခြေအနေတွေကို ကုန် သွယ်မှုမှာ ပါဝင်ပတ်သက်နေတဲ့အကျိုး တူပူးပေါင်းဆောင်ရွက်သူများကို အချိန်နှင့် တစ်ပြေးညီပံ့ပိုးပေးနိုင်ဖို့ ဝယ်သူရောင်းသူကွင်းဆက်မိအောင် ချိတ်ဆက်နိုင်ဖို့ သတင်းဂျာနယ်နဲ့ ဝက်ဘ်ဆိုက်တွေက တစ်ဆင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။

ယခုအခါ ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်စေဖို့ အဓိကအားဖြင့် ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲ များကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ ပါဝင်ပြသနိုင်ဖို့အတွက် နိုင်ငံတကာသံရုံး၊ အဖွဲ့အစည်းတွေနဲ့ အချိန်နှင့် တစ်ပြေးညီပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။မြန်မာလုပ်ငန်းရှင်တွေ ပါဝင်ဆင်နွှဲခဲ့တဲ့ နိုင်ငံတကာ ကုန်စည်ပြပွဲတွေက China-ASEAN Expo၊ China Kunming Import & Export Fair၊ Foodex၊ Gift Show၊ Interior Design၊ Fashion & Textile Fair၊ Furniture Fair၊ Jewelry Fair နှင့် Handicraft Fair တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လို့ အာဆီယံကုန်စည်ပြပွဲတွေအပြင် နည်းပညာအထောက်အပံ့ပေးရေးအစီအစဉ်အနေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း အာဆီယံ- ဂျပန်စင်တာ၊ အာဆီယံ-ကိုရီးယား စင်တာတို့နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်းပြီး၊ လွန်ခဲ့တဲ့ သုံးနှစ်မှ စတင်ကာ ကျင်းပခဲ့ပါတယ်။ အဆိုပါ ဆွေးနွေးပွဲတွေမှာ သုံးစွဲသူနဲ့ စားသုံးသူများနဲ့ ကြိုက်နှစ်သက်တဲ့ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားတွေအပြင် ထုပ်ပိုးမှုစနစ်၊ စံချိန်စံညွှန်းသတ်မှတ်ချက်၊ ခာတ်ကြွင်းပါဝင်မှုများကို သိရှိနားလည်ခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ်တွင် အာဆီယံ-ဂျပန် စင်တာနဲ့ Japan Institute of Design & Promotion -JDP တို့ပူးပေါင်းပြီး အာဆီယံနိုင်ငံများဖြစ်တဲ့ CLMV နိုင်ငံများရဲ့ ထုတ်ကုန်အရည်အသွေးပိုမိုတိုးတက်စေရန်နဲ့ ခေတ်မီဒီဇိုင်းများ ထုတ်လုပ်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလက ဂျပန်နိုင်ငံမှာ Mekong Design Selection - 2014 ကိုကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ Link 64 Co., Ltd, Bagan House Co., LTd, Everstar ယွန်းထည်ဆိုင်နှင့် YK Collection စသည့် ကုမ္ပဏီလုပ်ငန်း လေးခုက G-mark ဆုရရှိခဲ့ပါတယ်။ G-mark ဆို သည်မှာ ဂျပန်နိုင်ငံရဲ့ အကောင်းဆုံး ဒီဇိုင်းဆုဖြစ်ပြီး၊ JDP မှ ဆုချီးမြှင့်ခြင်း ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံး G-mark ဆုကို လှပသေသပ်သည့် ကြိမ်ထည်ပစ္စည်းများ ထုတ်လုပ်သည့် Bella Interiors Co., Ltd မှ ရရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာကျင်းပခဲ့တဲ့ Innovative Craft Fair ၌လည်း Innovative Craft ၂၀၁၅ ကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်ထပ်မံရရှိခဲ့ရာ ထိုင်းနိုင်ငံကုန်သွယ်ရေး ဒုတိယဝန်ကြီးကိုယ်တိုင် ဆုချီးမြှင့်ခဲ့ပါတယ်။ အဆိုပါဆုကို လွန်ခဲ့တဲ့ လေးနှစ်ခန့်မှ စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုပြီး၊ ဒီဇိုင်းပညာရှင်များရဲ့ အမြင်သစ်ဖြင့် ပေါင်းစပ်ကာ လှလှပပ သေသေသပ်သပ်ထုတ်လုပ်ပြီး၊ လက်မှုထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါတယ်။

ဒီဇိုင်းဆုရရှိတဲ့ ထုတ်ကုန်များမှာ ကြိမ်ထည်၊ ယွန်းထည် ပစ္စည်းများ၊ ချည်ထည်ဖြင့် ထုတ်လုပ်ထားတဲ့ လက်ကိုင်အိတ်များစတဲ့ ရိုးရာလက်မှုကို အခြေခံ ၍ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို ဒီဇိုင်းအသစ်အဆန်းများ ဖန်တီး၍ ထုတ် လုပ်ထား




ကြောင်းတွေ့ရှိရပါတယ်။ လက်မှုထည်များက လုပ်သားဗဟိုပြုလုပ်ငန်းများဖြစ်ပြီး၊ စပါးရိတ်သိမ်းပြီးနောက် အားလပ်ချိန်များတွင်လည်းကောင်း၊ သက်ကြီးရွယ်အိုများရဲ့ တစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ်လည်းကောင်း၊ ပုဂံဒေသမှာ ခရီးသွားဧည့်သည်နည်းပါးတဲ့ အချိန်ကာလများ၌ လည်းကောင်း၊ ဝင်ငွေရရှိပြီး အလုပ်အကိုင် နေရာပေါင်းများစွာ ဖန်တီးနိုင်ခြင်း၊ ဆင်းရဲမှုနှုန်းလျှော့ချနိုင်ခြင်း၊ လူနေမှုအဆင့် မြင့်မားလာနိုင်ခြင်းစသည့် နောက်ဆက်တွဲရလဒ်ကောင်းများ ရရှိလာမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ယခင်က အိမ်နီးချင်းဈေးကွက်များကိုသာ ရောင်းချနေရာမှ ယခုအခါ နိုင်ငံတကာသို့ ကုန်သွယ်မှုပြုရန် အခွင့်အရေးရရှိလာသည့်အပြင် ပြည်တွင်းသို့လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၏ ဝယ်လိုအားလည်း သိသိသာသာတိုးတက်လာမည်ဖြစ်ပါသဖြင့် ရွှေရောင်အနာဂတ်အတွက် ကြိုးစားအားထုတ် ပြင်ဆင်ထားကြရန် တိုက်တွန်းလိုက်ပါတယ်။

**(MMS - DTP)**

## ပြောင်း



### ဆောင်းအစေ့ထုတ်ပြောင်းဈေးကွက်

မြင်းခြံမြို့နယ်တွင် အစေ့ထုတ်ပြောင်းကို ဆောင်းသီးနှံအဖြစ် ဧရာဝတီမြစ်ဘေးရှိရွာများမှာ မြစ်ရေကျပြီး နောက် နုန်းမြေများမှာ အဓိကစိုက်ပျိုးကြပါတယ်။ နှစ်စဉ် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာခဲ့ရာ ယခုနှစ်တွင် လျာထားချက် ၁၀၈၅၅ ဧကအပေါ် ၁၁၃၆၈ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။

စိုက်ပျိုးသူတောင်သူများ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးလာတဲ့အတွက် အထွက်နှုန်းမှာလည်း တစ်ဧက ၈၂ ဒသမ ၂၇ တင်းနှုန်းဖြင့် အထွက်တင်းပေါင်း ၉၃၅၂၅၆ တင်းထွက်ရှိပါတယ်။ အစေ့ထုတ်ပြောင်း တစ်ဧကကုန်ကျစရိတ်မှာ ၂၅၁၅၀၀ ကျပ်ရှိပြီး ဈေးကွက်တွင် တစ်တင်းပေါက်ဈေး ၇၇၄၀ ကျပ်ဖြစ်၍ စိုက်ပျိုးသူတောင်သူများ တစ်ဧကတွင် အကျိုးအမြတ် ၃၈၅၀၀၀ ကျပ်ခန့်ရှိပါတယ်။ ဈေးကွက်တွင် နေ့စဉ်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား ရောင်းဝယ်မှုရှိကြောင်းသိရပါတယ်။

**တင်ဇော်ထွေး -မြင်းခြံ**

### သကြၤန်အပြီး ပြောင်းပိုမိုတင်ပို့

ဧပြီလ ၁၈ ရက်မှ ၂၄ ရက်တာ သီတင်းပတ်အတွင်းမြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅ ဒသမ ၆၉၃ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၀၃၃၀ ကျော်နဲ့ ကန်ပိုက်တီးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၁၂ သန်းဖိုးရှိ ပြောင်း ၄၅၈ တန်ခွဲတင်ပို့ခဲ့ပါတယ်။

သင်္ကြန်ကာလဖြစ်တဲ့ ယခင်သီတင်းပတ်မှာတော့ မူဆယ်မှ ၄၆၆၁ တန်နဲ့ ကန်ပိုက်တီးမှ ၃၃၅ တန်ခွဲ သာတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန် ဈေး ၂၉၃၀၆၅ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၃၀၂၇၆၆ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းဝင်ရောက်မှုဟာ တစ်နေ့လျှင် တန်ချိန် ၃၀၀၀ ခန့်အဝင်ရှိသလို တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးကောင်းရနေတာလို့ သိရပါတယ်။

**မော်မော်အောင် MIRT**

### ပုံမှန် အရောင်းအဝယ်ကောင်းတဲ့ စစ်ကိုင်းအစေ့ထုတ်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီးမှာ တစ်နှစ်ပတ်လုံးထွက်တဲ့ သီးနှံမှာ အစေ့ထုတ်ပြောင်း (စီပီ) ဖြစ်ပါတယ်။ ဘုတလင်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ရေဦး၊ တန့်ဆည်မြို့နယ်များမှ အစေ့ထုတ်ပြောင်းများ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် တင်း ၁၀၀၀ ကျော်ဝင်ရောက်လျက်ရှိပါတယ်။

ဒေသတွင်းပုံမှန်အသုံးရှိသလို မန္တလေးဝယ်လက် (တရုတ်ဝယ်လက်) ရှိလို့ မုံရွာကုန်စည်ဒိုင်မှာ ပုံမှန်အမြဲအရောင်းအဝယ် အကောင်းဆုံးသီးနှံမှာ အစေ့ထုတ်ပြောင်းဖြစ်ပြီး နေ့စဉ် တင်း ၁၀၀၀နဲ့ တင်း ၁၅၀၀ကြားအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

အစေ့ထုတ်ပြောင်း (စီပီ) တစ်တင်းပေါက်ဈေး နိမ့်၊ မြင့်မှာ ဧပြီလအတွင်း ၆၇၅၀ ကျပ်၊ ၈၀၀၀ ကျပ်၊ ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ ၆၃၀၀ ကျပ်၊ ၇၀၀၀ ကျပ်ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ရော်ဘာ

### သင်္ကြန်အပြီး ရော်ဘာပိုမိုတင်ပို့

သင်္ကြန်ကာလအတွင်း တင်ပို့မှုရပ်နားထားသော ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ဧပြီလ၁၉ ရက်နေ့ပြန်လည်တင်ပို့ခဲ့ရာ ၂၅ ရက်နေ့ထိမှာ ကန်ဒေါ်လာ ၁ ဒသမ ၆၉၃ သန်းဖိုးရှိ ရော်ဘာတန် ၁၃၁၀ ကို မလေးရှားနိုင်ငံ တစ်နိုင်ငံတည်းသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ရော်ဘာအဆင့်တွေကတော့ RSS-3 ၁၁၅၀ တန်နဲ့ MSR 20 တန် ၂၀၀ ဖြစ်ပါတယ်။ သင်္ကြန်မတိုင်ခင် ဧပြီ ဒုတိယပတ်က ၂၄၆ တန်သာတင်ပို့ခဲ့တာမို့ သင်္ကြန်အပြီး တင်ပို့မှုမှာ ၁၀၆၄ တန်ပိုမိုလာပါတယ်။

နိုင်ငံတကာရော်ဘာဈေးများကတော့ သင်္ကြန်မတိုင်ခင်ဈေးထက် အပြောင်းအလဲ အတက်အကျ အနည်းငယ်သာရှိကြောင်း သိရပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာများရဲ့ FOB ဈေးမှာလည်း သိသိသာသာ ပြောင်းလဲသွားခြင်းမရှိပါဘူးလို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားပါတယ်။ အသင်းကထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |

**ယဉ်ယဉ်အေး MIRT**

### ကုန်သွယ်ရေးစခန်းများက ရော်ဘာတန် ၈၀၀ နီးပါးတင်ပို့

မြန်မာ-တရုတ် ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ် (၁၀၅) မိုင်နဲ့ ချင်းရွှေဟော်စခန်းများက ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၀၇၈ သန်းဖိုးရှိ ရော်ဘာ ၇၉၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဧပြီလဆန်း ၄ ရက်နေ့မှ ၁၇ ရက်နေ့ထိမှာ ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၅၃၇ တန်ကျော် တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ် တင်ပို့မှုတွေကတော့ မူဆယ် (၁၀၅) မိုင်မှ MSR 20 ၁၆၃ တန်ခန့်၊ MSR 50 ၆၁၆ တန်ကျော်နဲ့ ချင်းရွှေဟော်မှ MSR 50 ၁၇ တန်ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာဈေး အနည်းငယ်အကျရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်လျှင် ၁၄၄၇၁၇၅ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၄၆၀၉၃၃ ကျပ်သို့ အနည်းငယ်လျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT**

### ရော်ဘာတင်သွင်းခွန် တိုးမြှင့်စည်းကြပ်ခြင်းမပြုလုပ်ရန် အိန္ဒိယရော်ဘာပစ္စည်း ထုတ်လုပ်သူများက အစိုးရကိုတောင်းဆို

ရော်ဘာပစ္စည်းထုတ်လုပ်သူများက ရော်ဘာတင်သွင်းခွန်တိုးမြှင့်စည်းကြပ်ခြင်းကို ရပ်ဆိုင်းပေးရန် တောင်းဆိုနေကြပါတယ်။

ရော်ဘာဈေးနှုန်းများကျနေတဲ့အတွက် ရော်ဘာစိုက်တောင်သူများကို အကာအကွယ်ပေးနိုင်ရန်အတွက် သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ရန် အမျိုးသားရော်ဘာ ပေါ်လစီကို ကြေညာထားတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာလုပ်ငန်းအသင်းအဖွဲ့ရဲ့ ပြောကြားချက်အရ အိန္ဒိယအစိုးရအနေနဲ့ အမြင့်ဆုံး စည်းကြပ်တဲ့ သဘာဝရော်ဘာတင်သွင်းခွန်နဲ့ အနိမ့်ဆုံးစည်းကြပ်တဲ့ ရော်ဘာကုန်ချော တင်သွင်းခွန်များကို အိန္ဒိယအစိုးရအနေနဲ့ ဖယ်ရှားပေးထားပြီးဖြစ်တယ်လို့သိရပါတယ်။

ယခုလို စည်းကြပ်ထားတဲ့အတွက် ပြည်တွင်း ရော်ဘာထုတ်လုပ်တဲ့ အသေးစားနဲ့ အလတ်စား ရော်ဘာ စီးပွားရေးလုပ်ငန်း ၅၅၀၀ ကျော်ခန့်ကို ရပ်နားထားလိုက်ရတဲ့အထိ ထိခိုက်သွားတယ်လို့သိရပါတယ်။

ပြည်တွင်းရော်ဘာထွက်ရှိမှုနဲ့ သုံးစွဲမှုပမာဏဟာ တန်ချိန်အားဖြင့် ၄ သိန်းကျော်ကွာဟမှုရှိနေပါတယ်။ ပြည်ပမှ ရော်ဘာတင်သွင်းပြီး စက်ရုံများလည်ပတ်နိုင်ရေးကို ဆောင်ရွက်ရုံမှအခြားမရှိပြီဖြစ်လို့ ပြည်ပမှ ရော်ဘာ တင်သွင်းခြင်းအပေါ် လက်ရှိကောက်ခံနေတဲ့ စည်းကြပ်ခွန်နှုန်းအား လျှော့ချပေးရန်တောင်းဆိုနေကြတာ ဖြစ်ပါတယ်။

ရော်ဘာဈေးများကျဆင်းခြင်းကြောင့် ရော်ဘာစိုက်တောင်သူများ စိတ်အလွန်ထိခိုက်နေကြသည်မှာ သံသယဖြစ်စရာမရှိပါကြောင်း၊ တောင်သူများအနေနဲ့ အစိုးရထံမှ ပံ့ပိုးမှုကို တိုက်ရိုက်ရယူလိုကြကြောင်း၊ AIRIA (All India Rubber Industries Association) ဥက္ကဋ္ဌ မိုဘင်ဒါဂုပ္ပတားက ပြောကြားလိုက်ပါတယ်။

ပြည်ပမှ ရော်ဘာတင်သွင်းမှုအပေါ် ၂၀ ရာခိုင်နှုန်း၊ ရော်ဘာကုန်ချောပစ္စည်း တင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်းနဲ့အောက် စည်းကြပ်နေခြင်းကြောင့် ရော်ဘာပစ္စည်း ထုတ်လုပ်သူအတော်များများဟာ တရုတ်နဲ့ အခြားနိုင်ငံများက တင်သွင်းလာတဲ့ ပစ္စည်းများနဲ့ ယှဉ်ပြိုင်နိုင်ခြင်းမရှိကြောင်းလည်း ဂုပ္ပတားက ဖြည့်စွက်ပြောကြားပါတယ်။

အကယ်၍သာ ဗဟိုအစိုးရအနေနဲ့ ရော်ဘာစိုက် တောင်သူများကို ပံ့ပိုးကူညီလိုတဲ့ ဆန္ဒရှိလျှင် ရော်ဘာအဓိကထုတ်လုပ်တဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံကဲ့သို့ အစိုးရအနေနဲ့ ရော်ဘာစိုက်တောင်သူများကို တိုက်ရိုက်ပံ့ပိုးမှုများသာ လုပ်ဆောင်ပေးသင့်ကြောင်းနဲ့ ဘယ်နိုင်ငံကမှ သွင်းကုန်ခွန် ပိုမိုစည်းကြပ်ခြင်းဖြင့် ၎င်းတို့အနေနဲ့ ရော်ဘာလုပ်ငန်းရှင်များရဲ့သုံးစွဲမှုကို ထိခိုက်အောင်လုပ်မှာ မဟုတ်ကြောင်း၊ ဒါကြောင့် သွင်းကုန်ခွန်စည်းကြပ်နှုန်းများ တိုးမြှင့်စည်းကြပ်ခြင်းကို အိန္ဒိယအစိုးရအနေနဲ့ မပြုလုပ်ဘဲ ရပ်ဆိုင်းပေးရန် တောင်းဆိုလိုက်ရခြင်းဖြစ်ကြောင်း Gupta က ပြောကြားလိုက်တယ်လို့ Indiatimes သတင်းမှာ ဖော်ပြထားပါတယ်။

**MIRT**

# ဈေးကွက်သတင်းအချက်အလက် အသုံးချသူများ အလွယ်တကူသိရှိအသုံးချနိုင်ရန် (Understanding and using market information) အတွက်

## ရိုးရှင်းလွယ်ကူသောပုံစံများဖြင့် အထောက်အကူဖြစ်စေရန် ဆောင်ရွက်ပေးခြင်း

ကျော်မြင့်

မြန်မာနိုင်ငံသည် ဗဟိုကချုပ်ကိုင်သော စီမံကိန်းစီးပွားရေး စနစ် (Centrally planned economic system) တစ်နည်းအားဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ် ကို ၁၉၆၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများကို အစိုးရအဖွဲ့အစည်း (State Owned Enterprise-SOE) များကသာ တာဝန်ယူဆောင်ရွက်ခဲ့သဖြင့် ပြည်တွင်းတွင် သတ်မှတ်ဈေး (Fixed price)ဖြင့် ဝယ်ယူခြင်း၊ ပြည်ပ သို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်းကို နိုင်ငံ၏စီးပွားရေးလုပ်ငန်း အစိုးရအဖွဲ့အစည်းများကသာ ဆောင်ရွက်သည့်ကာလဖြစ်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံ၏ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ် (Market oriented economy) သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍသည် အရေးပါသော ကဏ္ဍအဖြစ်ရပ်တည်လာသည်။ ပြည်တွင်းတွင်ဝယ်ယူခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်းကို ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်လာကြသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးနှုန်း (Market price) များကို ရောင်းလိုအား (Supply) နှင့် ဝယ်လိုအား (Demand) ကဆုံးဖြတ်ကြသည်။ စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်သည့်ကုန်သည်၊ ပြည်ပတင်ပို့ရောင်းချသူများသည် နေ့စဉ်ဈေးနှုန်း (Daily market price) နှင့် ဈေးကွက်သတင်း (Market Information) များကိုအခြေခံပြီး ရောင်းရေးဝယ်တာလုပ်ငန်းများကို ဆောင်ရွက်လာကြသည်။

ယခုအချိန်တွင် နိုင်ငံတစ်ဝန်းလုံး၌ GSM, CDMA,450MHz, CDMA800MHz, WCDMA, IPStar စသည့် အခြေခံအမျိုးမျိုးသော ဆက်သွယ်ရေး နည်းစနစ်များပေါ်မှ တယ်လီဖုန်းများစွာကို ဆက်သွယ်နိုင်ကြပြီဖြစ်ပါသည်။ မိုဘိုင်းလ်ဖုန်းများကို အသုံးချ၍ နေ့စဉ်ဈေးနှုန်း (Daily market price) နှင့် ဈေးကွက်သတင်း (Market Information) များကို အသုံးချသူများ (Market participants) မှ ပိုမို၍ များပြားလာပါသည်။

ဈေးကွက်သတင်းများကို ထုတ်ပြန်ဖော်ပြသူများသည် ရိုးရှင်းလွယ်ကူသော ပုံစံများဖြင့် ဈေးကွက်သတင်းအချက်အလက်အသုံးချသူများအား နားလည်သိရှိစေပြီး (Understanding and using market information) အသုံးချနိုင်ရေးကို အထောက်အကူဖြစ်စေရန် လိုအပ်လာပါသည်။ ဥပမာ-ယနေ့မတ်ပဲဈေး အခြေ အနေဘယ်လိုလဲ? သိရှိအသုံးချလိုသည် ဆိုပါစို့ ဖော်ပြထားသော ဇယား-၁၊ ဇယား-၂ နှင့် ဇယား-၃ ကို ကြည့်ရှုပါ။

**ဇယား-၁။ အိန္ဒိယဈေးကွက်ယနေ့မြန်မာ့မတ်ပဲဈေး (၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်)**

| | , ae (25-3-2015 ) | | , reae (24-3-2015 ) | | | aps;Ee; xw jyecse |
|---|---|---|---|---|---|---|
| tE, aps;uu | ½y;/ urw, (Rupee per quintal) | uea':vm/ we (USD per tonne) | ½y;/ urw, (Rupee per quintal) | uea':vm /we (USD per tonne) | aps;ajymi; vr &mci Ee;(%) | ( Time of dissemi-nation) |
| rrbi; (Mumbai) | 6200 | 995 | 6250 | 1005 | -0.99 | 12;42 (aev , ) |
| csEi; (Channei ) | 6050 | 971 | 6125-6150 | 985-989 | -1.62 | |

*မှတ်ချက်။ ကန်ဒေါ်လာ/တန် (USD per tonne) ပေါ် အခြေခံပြီး ဈေးပြောင်းလဲမှုရာခိုင်နှုန်း(%) ကိုတွက်ချက်ဖော်ပြထားပါသည်။ ကန်ဒေါ်လာ=၆၂ ဒသမ ၃၁၈ ရူပီးဖြင့် တွက်ချက်ဖော်ပြထားပါသည်။*

မြန်မာ့မတ်ပဲကို ရန်ကုန်မှ အိန္ဒိယဈေးကွက်သို့ ပင်လယ်ရေကြောင်းဖြင့် အဓိကတင်ပို့ရောင်းချကြသည်။ အိန္ဒိယဈေးကွက် မွမ်ဘိုင်းနှင့် ချန်နိုင်းတွင် ယနေ့ မြန်မာ့မတ်ပဲဈေးကျလာသည်။ ရန်ကုန်မှ အိန္ဒိယဈေးကွက်သို့ တင်ပို့ရောင်းချသူများသည် အိန္ဒိယဈေးကွက်တွင် မြန်မာ့မတ်ပဲဈေးအပြောင်းအလဲကို တုံ့ပြန်ကြသည်။ ထို့အတူ ရန်ကုန်တွင်လည်း မတ်ပဲ (RC)ဈေးကျလာသည်။ ရန်ကုန်မတ်ပဲ ဈေးကျလာသဖြင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲ (RQ) ဈေး ၁ ဒသမ ၃ မှ ၂ ဒသမ ၄ ရာခိုင်နှုန်းထိဈေးကျသွားသည်။ ဇယား-၂ ကို ကြည့်ရှုပါ။ ယနေ့မတ်ပဲ အခြေအနေဘယ်လိုလဲ? သိရှိအသုံးချလိုသူအတွက် ရိုးရှင်းလွယ်ကူပြီး အလွယ်တကူ နားလည်အသုံးချနိုင်သောပုံစံများ ဖြစ်ပါသည်။

**ဇယား-၂။ ယနေ့ပြည်တွင်းဈေးကွက်မတ်ပဲဈေး (၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်)**

| | , ae (25-3-2015 ) | | , reae (24-3-2015 ) | | |
|---|---|---|---|---|---|
| jynwi; aps;uu | usy/ yóm | uea':vm/ we (USD per tonne ) | usy/ yóm | uea':vm/ we (USD per tonne) | aps;ajymi; vr &mci Ee;(%) |
| &eue rwy (RC) | 938500# | 859 | 959500# | 879 | -2.2 ▼ |
| [ omw rwy (RQ) | 1493 | 837 | 1530 | 858 | -2.4 ▼ |
| jyn rwy (RQ) | 1503 | 844 | 1528 | 858 | -1.6 ▼ |
| rEav; rwy (RQ) | @ | @ | 1509 | 848 | - |
| r&m rwy (RQ) | 1465 | 822 | 1485 | 834 | -1.3 ▼ |

*မှတ်ချက်။ # ရန်ကုန်သည် ကျပ်/တန်ဖြစ်သည်။ ကျန်ဈေးကွက်များသည် ကျပ်/ပိဿာဖြစ်သည်။ ▼ ဈေးကျလာသည်။ @ မန္တလေးတွင် ယနေ့ အသင်းသားများ စည်းဝေးပွဲရှိသဖြင့် စိုက်ပျိုးရေးသီးနှံများ အရောင်းအဝယ်မပြုလုပ်ပါ။ မြန်မာကျပ်ငွေပေါ် အခြေခံပြီး ဈေးပြောင်းလဲမှုရာခိုင်နှုန်း(%) ကိုတွက်ချက်ဖော်ပြထားပါသည်။ Export earning ရောင်းဈေး ၁၀၉၂ ကျပ်ပေါ် အခြေခံ၍ ကန်ဒေါ်လာ/တန် (USD per tonne) အဖြစ် ပြောင်းလဲတွက်ချက်ထားပါသည်။*

ယနေ့ ၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်နေ့သည် မတ်ပဲဈေးကျလာသည့်အခြေအနေတွင်ရှိပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် အချိန်တူကာလနှင့် နှိုင်းယှဉ်ပါက ၃၅ မှ ၄၀ ရာခိုင်နှုန်းထိဈေးပိုမြင့်လာသည့် အခြေအနေတွင်ရှိပါသည်။ ဇယား-၃ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။


**ဇယား-၃။ ၂၀၁၅ ခုနှစ် မတ်လနှင့် ၂၀၁၄ ခုနှစ် မတ်လ အချိန်တူကာလအတွင်း ပြည်တွင်းဈေးကွက်မတ်ပဲဈေးနှိုင်းယှဉ်ချက် (မတ်လ ၂၅ ရက်)**

| jynwi; aps;uu | 25-3-2014 | 25-3-2015 | t csewlumv Eli; , 0csu (%) (2015 u 2014x uyrrl) |
|---|---|---|---|
| | uea':vm/ we (USD per tonne ) | | |
| &eue rwy(RC) | 636 | 859 | 35% |
| [ omw rwy(RQ) | 606 | 837 | 38% |
| jyn rwy (RQ) | 603 | 844 | 40% |
| rEav; rwy(RQ) | - | - | |
| r&m rwy(RQ) | 595 | 822 | 38% |

၂၀၁၅ ခုနှစ် မတ်ပဲဈေးသည်ပြီးခဲ့သည့်နှစ်များနှင့် နှိုင်းယှဉ်ပါက မည်သည့် အခြေအနေရှိသနည်းဆိုသောအချက်သည် အရေးပါလာပြန်ပါသည်။ ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်အတွက် နေ့စဉ်မတ်ပဲ ဈေးပြောင်းလဲမှုကို ဇယားဖြင့် ဖော်ပြရန်ခက်ခဲခြင်း၊ ဈေးအတက်အကျကို ပြောရန်ခက်ခဲခြင်းများကြောင့် အောက်ဖော်ပြပါ ပုံ-၁ နှင့် ပုံ-၂ ဖြင့် ရေးဆွဲဖော်ပြရန် လိုအပ်လာပါသည်။ ပုံများတွင် ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် မတ်ပဲနေ့စဉ် ဈေးပြောင်းလဲမှု (Price movement) များကို နှိုင်းယှဉ်ဖော်ပြထားပါသည်။

ပြည်နှင့် ဟင်္သာတမှ မတ်ပဲများကို ရန်ကုန်တင်ပို့မည့် ကုန်သည်များအဓိက ဝယ်ယူကြပြီး ရန်ကုန်မတ်ပဲဈေးအပြောင်းအလဲပေါ် အခြေခံပြီး ဈေးပေးဝယ်ယူကြသည်။ ပုံ-၁ နှင့် ပုံ-၂ ကိုကြည့်ရှုပါ။ ၂၀၁၅ ခုနှစ် မတ်ပဲဈေးသည်ပြီးခဲ့သည့် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ် မတ်ပဲနေ့စဉ်ဈေးပြောင်းလဲမှု (Price movement) အထက် တွင်ရှိသဖြင့် လက်ရှိအခြေအနေအရ ၂၀၁၅ ခုနှစ်မတ်ပဲဈေးသည် ပြီးခဲ့သည့် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်ထက်ဈေးကောင်းသည့် အခြေအနေတွင် ရှိကြောင်း ဈေးကွက် သတင်းအချက်အလက် အသုံးချသူများ အလွယ်တကူစိစစ်သုံးသပ်နိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ပါသည်။

**ပုံ-၁ ။ ပြည်မတ်ပဲ နေ့စဉ်ဈေးပြောင်းလဲမှု (၂၀၁၃ မှ ၂၀၁၅ ထိ)**




**ပုံ-၂ ။ ဟင်္သာတမတ်ပဲ နေ့စဉ်ဈေးပြောင်းလဲမှု (၂၀၁၃ မှ ၂၀၁၅ ထိ)**




ဇစ်မြစ်။ etrademyanmar.com

# သုံးစွဲခွင့်ပြုမထားတဲ့ ဆိုးဆေးများပါဝင်တဲ့အတွက် စားသုံးရန်မသင့်တဲ့ စားသောက်ကုန်များကို ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်

ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျောင်းမုန့်စားတန်းများ၊ ဈေးများစတဲ့ ဈေးကွက်များမှာ ရောင်းချလျက်ရှိသော အစားအသောက်များကို ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ပြုလုပ်ထားသော အစားအသောက်များမှာ သုံးစွဲရန် ခွင့်မပြုထားသော ဆိုးဆေးများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် စားသုံးရန် မသင့်သော အစားအသောက်များအဖြစ် ကြေငြာထားပါတယ်။




Rhodamine B များ ပါဝင်တဲ့ ရေခဲမုန့်ခွက်ဝေဖာ(ပန်းရောင်)အမှတ်တံဆိပ်မပါ၊ တုတ်ထိုးချိုချဉ် (အနီရောင်နှင့် အစိမ်းရောင်)(အမှတ်တံဆိပ်မပါ)၊ တုတ်ထိုးချိုချဉ်(အဝိုင်း)(အမှတ်တံဆိပ်မပါ)၊ စတော်ဘယ်ရီနို့ဝေဖာ (Pinty အမှတ်တံဆိပ်)၊ ချိုချဉ်ချောင်း (ရွှေသဇင်အမှတ်တံဆိပ်)၊ တရုတ်ဆီ (သားသားလေး)၊ ငါးပိထောင်းဘူး (တုံတုံအမှတ်တံဆိပ်)၊ ကြုံပြားကပ်စေးနဲ (Angry Brid ရုပ်ပုံပါ)၊ Auramine B များပါဝင်တဲ့ တုတ်ထိုးချိုချဉ် (အဝါရောင်)(အမှတ်တံဆိပ်မပါ)၊ လက်ဖက် (ဟင်္သာမင်း(အမှတ်တံဆိပ်)၊ Orange II များပါဝင်တဲ့ ငရုတ်ဆီထုပ် (ရွှေနဂါးအမှတ်တံဆိပ်)၊ ငရုတ်ဆီ (ပလပ်စတစ်ဘူး)(ရွှေနဂါးအမှတ်တံဆိပ်)၊ Borar များပါဝင်တဲ့ ဂျုံခေါက်ဆွဲ (ကိုးသုံးလုံးအမှတ်တံဆိပ်နှင့် ကောင်းကောင်းအမှတ်တံဆိပ်)၊ Sundor III များပါဝင်တဲ့ အရောင်တင်မှုန့် (ရွှေမိုး အမှတ်တံဆိပ်၊ ဘုရင်အမှတ်တံဆိပ်၊ နွယ်အမှတ်တံဆိပ်။ ဘုတ်ဘုတ်အမှတ်တံဆိပ်၊ မွှေးမွှေးလေးအမှတ်တံဆိပ်၊ ရွှေယုန်မင်းအမှတ်တံဆိပ်) တို့ဖြစ်ကြပါတယ်။

အစားအသောက် ထုတ်လုပ်ရောင်းချသူများဟာ အစားအသောက်မှာ သုံးစွဲရန် ခွင့်မပြုသော ဓါတုဆိုးဆေးများကို လုံးဝအသုံးမပြုရန် ညွှန်ကြားထားခြင်းအပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈(က) အရ တရားစွဲဆိုအရေးယူသွားမယ်လို့ သတိပေးထားပြီးဖြစ်တယ်လို့ သိရပါတယ်။

**မယ်စားသုံး**

# မြန်မာနိုင်ငံကို ကနေဒါနိုင်ငံက သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပြုပြီ

ကနေဒါနိုင်ငံအစိုးရသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံအားပေးသည့်အနေဖြင့် မြန်မာနိုင်ငံမှ ကနေဒါနိုင်ငံသို့ တင်ပို့ သော ပို့ကုန်အများစုအတွက် အခွန်ကင်းလွတ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။

ကနေဒါအစိုးရအနေဖြင့် နှစ်ဖက် နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ကာ ပြောင်းလဲတိုးတက်လာသော မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတည်ဆောက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွက် General Preferential Tariff (GPT) နှင့် Least Developed Country Tariff (LDCT) ကို ၂၀၁၅ ခုနှစ် မတ်လ ၁၃ရက်နေ့တွင် ပြန်လည်သက်တမ်းတိုး ပေးအပ်ခဲ့ကြောင်း သိရသည်။


အဆိုပါ GPT နှင့် LDCT ကို ၁၉၉၇ခုနှစ်တွင် ကနေဒါအစိုးရက မြန်မာနိုင်ငံအပေါ် ရုပ်သိမ်းခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲအလွန်ကာလတွင် ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၁၂ ခုနှစ် ဧပြီလ ၂၄ရက်နေ့တွင် စီးပွားရေးဆိုင်ရာ ပိတ်ပင်တားဆီးမှုများကို ဖယ်ရှားပေးခဲ့ပြီး အမြဲတမ်းသံအမတ်ကြီးအား ခန့်အပ်စေလွှတ်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို စတင်ခဲ့ကာ ယခုနှစ် မတ်လ ၁၃ရက်နေ့တွင် GPT နှင့် LDCT ကိုပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကနေဒါအစိုးရ၏မြန်မာနိုင်ငံအပေါ် သွင်းကုန်ခွန် ကင်းလွတ်ခြင်းနှင့် ပတ်သက်သည့်သတင်းကို ကနေဒါနိုင်ငံအစိုးရ သတင်းစာတစ်စောင်ဖြစ်သည့် Canada Gazette ၏ ဝက်ဘ်ဆိုက် ttp://www.gazette.gc.ca/…/2015-03-…/html/sor-dors62-eng.php တွင် အသေးစိတ်လေ့လာ ဖတ်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# Ads.com.mm တွင် အလုပ်အကိုင်ခေါ်ယူမှု ၆ဝရာခိုင်နှုန်းအထိ မြင့်တက်

မြန်မာနိုင်ငံ၏အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Ads.com.mm တွင် အလုပ်အကိုင် ကြော်ငြာမှုများ လွန်စွာ မြင့်တက်လာကြောင်း ယင်းဝက်ဘ်ဆိုက်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။




မြန်မာနှစ်သစ်ကူးကာလ အပြီးတွင် တိုးချဲ့လုပ်ကိုင်သည့်လုပ်ငန်းများ မြင့် တက်လာသည်နှင့်အမျှ အလုပ်အကိုင် ခေါ်ယူမှုမှာလည်း ပိုမိုမြင့်တက်လာ ကြောင်းကို တွေ့ရှိရသည်။ ယင်းကဲ့သို့ အလုပ်အကိုင်ခေါ် ယူမှု မြင့်တက်လာခြင်းသည် ပြီးခဲ့သည့်ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၅၆ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း အဆိုပါသတင်း ထုတ်ပြန် ချက်တွင် ဖော်ပြထားသည်။

Ads.com.mm ၏အလုပ်အကိုင်ကဏ္ဍတွင် လက်ရှိအလုပ်အကိုင်ပေါင်း ၂၉၈၀ နေရာရှိပြီး ယင်းအလုပ်အကိုင်များအနက်အရောင်းပိုင်းနှင့်အရောင်း မြှင့်တင်သည့်အလုပ်အကိုင်များတွင် နေရာပေါင်း ၆၀၀နှင့်ရှိပြီး စာရင်းကိုင် အလုပ်အကိုင်ပေါင်းမှာ ၅၂ နေရာရှိကြောင်း သိရသည်။

ထို့ပြင် ရုံးတွင်းဝန်ထမ်းနေရာ ၃၅ နေရာ၊ အထွေထွေမန်နေဂျာအလုပ်အကိုင်ပေါင်း ၂၈နေရာ၊ လုံခြုံရေး အလုပ်အကိုင်ပေါင်း ၁၈နေရာခန့်ရှိကြောင်း သိရသည်။

ယခုအခါတွင် ခရီးသွားလုပ်ငန်းများ တွင်ကျယ်လာသည်နှင့်အမျှ Travel and Tour လုပ်ငန်းများအတွက် လိုအပ်သည့် ဝန်ထမ်းများနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများသည်လည်း မြင့်တက်လာကြောင်းတွေ့ရှိရ သည်ဟု ဆိုသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် အလုပ် အကိုင်များကို အမျိုးအစားစုံလင်စွာ ထည့်သွင်းထားသကဲ့သို့ တိုင်းနှင့်ပြည် နယ်အလိုက်လည်း အလုပ်အကိုင်များကို ရှာဖွေနိုင်ကြောင်း သိရသည်။

၂၀၁၅ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ အလုပ်အကိုင်ရှာဖွေသူအများစုသည် အွန်လိုင်းကို အသုံးပြုလျက် ပိုမိုရှာဖွေလာကြောင်းကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်များကို ရှာဖွေရာ၌အေဂျင့်ဖြင့် ရှာဖွေခြင်းထက် အွန်လိုင်းကို အသုံးပြုကာရှာဖွေခြင်းက ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း အဆိုပါသတင်းတွင် ထည့်သွင်း ဖော်ပြထားသည်။ **မယ်သီတာ**

# မြန်မာ့ဘဏ္ဍာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် ဂျပန်ဘဏ်များကူညီမည်ဟု ဆို

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ အဆင့်မြှင့်တက်လာရေးအတွက် ဂျပန် နိုင်ငံရှိဘဏ်များက ကူညီမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံထုတ် Nikkei သတင်းတွင် ဖော်ပြထားသည်။

ယခုအခါတွင် ဂျပန်ဘဏ်ကြီးများ ဖြစ်သည့် Mitsubishi UFJ နှင့် SMBC ဘဏ်တို့သည် မြန်မာနိုင်ငံရှိ ဘဏ်များ လုပ်ငန်းလည်ပတ်ရာတွင် ခေတ်မီလာစေရေးနှင့်နိုင်ငံတကာဝန်ဆောင်မှုများ ပေးအပ်နိုင်စေရေးတို့အတွက် အကူအညီအထောက်အပံ့များ ပေးအပ်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဘဏ်လုပ်ငန်း ကဏ္ဍများတွင် မူဝါဒများကိုဖြေလျှော့ပေးမှုများကြောင့် မြန်မာနိုင်ငံရှိဘဏ်များနှင့်ဂျပန်နိုင်ငံရှိ ဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်လာစေပြီး မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတိုးတက်စေရေးအတွက် အထောက်အကူဖြစ်လာစေနိုင်ကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ဘဏ္ဍာရေးအခြေခံ အဆောက်အဦကဏ္ဍသည် အားနည်းလျက်ရှိနေပြီး ဘဏ်တစ်ဘဏ်နှင့်တစ်ဘဏ်အကြား ငွေလွှဲပြောင်းရာတွင် ကွန်ပျူတာအခြေခံသည့်စနစ်များ အားနည်းနေမှုကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟုဆိုသည်။

မြန်မာနိုင်ငံမှသမဝါယမဘဏ်သည် ဂျပန်နိုင်ငံမှ Mitsubishi UFJ ဘဏ် နှင့် ၂၀၁၂ခုမှစတင်၍ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဘဏ်လုပ်ငန်းဆိုင်ရာဆောင် ရွက်မှုများတွင် Mitsubishi UFJ မှ အကူအညီများကိုလည်း ရယူခဲ့ကြောင်း သိရသည်။

ထို့အတူ ကမ္ဘောဇဘဏ်သည်လည်း ဂျပန်နိုင်ငံမှ MBC ဘဏ်နှင့် ၂၀၁၂ခုနှစ်အတွင်းက ပူးပေါင်းခဲ့ပြီး ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းများနှင့် အခြားအထောက်အပံ့များ ရယူခဲ့သည်။

ရန်ကုန်မြို့ရှိSMBC ဘဏ်ခွဲမှတာဝန်ခံဖြစ်သူနိုဘူယာဆုအာကာဂီက "ဘဏ်ဆိုတာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးပါတဲ့နေရာက နေရှိနေတဲ့လုပ်ငန်းတစ်ခုပါ။ မြန်မာနိုင်ငံရဲ့အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ငွေတွေ ချေးပေးဖို့ ကျွန်တော်တို့ ဖန်တီးလုပ်ဆောင်သွားမှာ ပါ"ဟု ပြောကြားခဲ့သည်။


SMBC ဘဏ်သည် ကော်ပိုရိတ် ငွေပေးချေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်တွင်းဘဏ်များကို သင်တန်း များ ပို့ချပေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းတွင် နိုင်ငံခြားဘဏ်ကိုးခုကို ဘဏ်ခွဲများ ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုခဲ့ရာ ဂျပန်နိုင်ငံမှဘဏ်များသည်ပထမအဆင့် လိုင်စင်ဝေစုကို အများဆုံးရရှိထားသည့် ဘဏ်များဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# သက်တမ်းကုန်တော့မယ့် ဆေးအတွက် နေရာတစ်ခု

မောင်မောင်အေး - လှိုင်ကော်



ငယ်ငယ်က မူလတန်းအလွန် အလယ်တန်းကျောင်းသားဘဝ ဆော့လို့ကောင်း၊ ကစားလို့ကောင်းတဲ့ အရွယ်၊ လည်လို့ပတ်လို့ကောင်းတဲ့အရွယ် စာကျက်ချိန်ကနည်းနည်း ကစားချိန်နဲ့ အိပ်ချိန်ကများများ၊ တစ်နေ့ကုန်ဆော့ကစားပြီး အိမ်ပြန် ဗိုက်တင်းနေအောင် ထမင်းစားပြီး အိပ်မယ်လည်းလုပ်ရော၊ အိမ်မှာရှိတဲ့ ဦးကြီး၊ ဦးလေး၊ ဒေါ်လေး၊ မိဘနှစ်ပါး အပါအဝင် “ လာစမ်းဟဲ့ မအိပ်နဲ့ဦး၊ နင်းပေးဦး၊ နှိပ်ပေးဦး၊ တံတောင်နဲ့ ထောင်းပေးဦး၊ အပူကလေးထုတ်ပေးစမ်းနဲ့ ဒီလူကြီးတွေ ရောဂါကိုပေါ်တယ်။ တို့ကလေးတွေပဲအေးတယ်။ ဘာမှမဖြစ်ပေါင်လို့ ကလေးတွေး တွေးပြီး လူကြီးတွေကို အမနာပ မေတ္တာပို့ဖြစ်ခဲ့သေးတယ်။

အလုပ်ထဲရောက်တော့လည်း ပင်စင်နီးနေတဲ့ တိုင်းမန်နေဂျာကြီးတွေ မြို့နယ်တွေစစ်၊ စပါးဒိုင်တွေဆင်း၊ ဆန်စက်တွေဆင်းစစ်ပြီး ညပိုင်းရောက်ရင် တညီးညီးတညူညူနဲ့ အနင်းသည်၊ အနှိပ်သည်သွားခေါ်ပေးရနဲ့ အတော်ရောဂါပေါတဲ့သူတွေပဲလို့ ပြစ်မှားမိခဲ့ဘူးတယ်။ ညရောက် ထမင်းစားပြီး ဆရာက သူ့ဆေးဘူးဖွင့်တော့ ပလပ်စတစ်ဘူးထဲမှာ ဆေးကအမျိုးမျိုး အရောင်ကလည်းအစုံ၊ အရွယ်ကလည်းအစုံ၊ တစ်ခါသောက်ရင် ရောင်စုံဆေး ၄၊ ၅ ၁၀ လုံးလောက် သောက်တာတွေ့ရတယ်။ ဆရာ့ဟာကလည်း ပဲလှော်စားသလိုပါပဲလားလို့ နောက်လိုက်သေးတယ်။ ဆရာကတော့ သူ့အကျင့်အတိုင်း ပြုံးပြုံးကြီးကြည့်နေတယ်။ အဲဒီတုန်းကတော့ ဆရာ့အပြုံးကို ဘာအဓိပ္ပါယ်လည်းမသိပေမယ့်ခုတော့ဖြင့် သိပါပြီးဆရာ၊ အဓိပ္ပါယ်ကတော့ “မင်းငါ့အရွယ်တော့ သိလိမ့်မယ်”ဆိုတဲ့ သဘောပါ။

ခုတော့ဖြင့် ငယ်ငယ်က နင်းနှိပ်ပေးခဲ့ရတဲ့ လူကြီးသူမများ အထင်လွဲစော်ကားတဲ့ ဆရာသမားများကို သတိရစွာ ကန်တော့ရင်း အရွယ်အကြောင်း၊ ဇရာအကြောင်း၊ ဗျာဓိအကြောင်း စဉ်းစားနေမိတယ်။ စဉ်းစားတဲ့နေရာမှာ တစ်ယောက်တည်းတော့မဟုတ်ဘူး။ နောက်ကြောပေါ်မှာ တူတစ်ယောက်က ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ဘောက်ဆတ်၊ ဘောက်ဆတ်နဲ့ နင်းနှိပ်ပေးနေတာကို ခံယူရင်း တကျွတ်ကျွတ်နဲ့ စုပ်သပ်နေရတယ်။ အရိုးအဆစ်များက ကျီးပေါင်းပဲ တက်ချင်နေတာလိုလို၊ ကြွက်သားများက နာချင်သလိုလို၊ အကြောများကပဲ မူလအနေအထားမရှိသလိုလို၊ အပူတွေပဲအောင်းနေသလို အကြောပြေဒဏ်ကြေ လိမ်းဆေးဘူးခွံ၊ တံဆိပ်မျိုးစုံလည်း အိမ်ထဲကကြွက်လျှောက်ပေါ်မှာ တန်းစီလျက် ဒါဏ်ကြေလိမ်းဆေး ဝယ်ယူအားပေးမှု အများဆုံးဆုပေးမယ်ဆိုရင် ဒီလို game ball ဆိုက်နေတဲ့ အဘိုးအိုပေါက်စများ ရထိုက်တယ်ထင်ရတာပါပဲ။

လွန်ခဲ့တဲ့ မတ်လထဲကတော့ ဇရာနဲ့ ဗျာဓိကတံခါးကို အသာအယာခေါက်ပြီး သတိပေးရုံမကဘဲ၊ ရဲဒင်း၊ ပေါက်ဆိန်သွားနဲ့ ခေါက်ခဲ့တယ်၊ အသက် ၆၀ နီးပါးမှာ အပေါ်ယံအပရိက ရောဂါလောက်နဲ့ပဲ ခံနိုင်လာတဲ့ ဒီရုပ်ခန္ဓာကြီးဟာ သူ့သဘောသူဆောင်ပြီး သူ့အလုပ်သူလုပ်ကာ သိသိသာသာဖောက်ပြန်ခဲ့တယ်။

သုံးရက်ဆက်တိုက် ကတ္တရာစေးလို ဝမ်းအမည်းရောင်တွေသွားပြီး အိမ်မှာကုလားထိုင်ပေါ်က နောက်ပြန်လန်ကျကာ သတိလစ်ခဲ့တယ်။ သွေးဖိအားက ၁၀၀ /၆၀ ပဲရှိတယ်။ ဇနီးသည်ရဲ့ကောင်းမှုနဲ့ ပြင်ပဆေးခန်းရောက်ပြီး လှိုင်ကော်ဆေးရုံမှာ ၈ ရက်တက်ခဲ့ရတယ်။ သွေး ၃ ပုလင်းသွင်းပြီး နွားနို့၊ ပဲနို့ကလွဲလို့ ဘာအစာမှမစားရ၊ ကိုယ်စားရင်ကိုယ်ခံစေ။

နောက်ပိုင်းရန်ကုန်မှာ ဆေးသွားစစ်၊ အိုအီးစီမှာ အစာအိမ်မှန်ပြောင်းတွေရိုက်ကြည့်၊ ဘာရောဂါမှ ကြီးကြီးမားမားထူးထူးထွေထွေ မတွေ့ပါတဲ့၊ အစာအိမ်အတွင်းပိုင်း၊ အူသိမ်ဦးပိုင်းရောင်တယ်။ ဒဏ်ဖြစ်ပြီး သွေးကြောကလေးတွေပေါက်တယ်တဲ့ စားဆေး ၃ လပေးလိုက်မယ်ဆိုလို့ တော်ပါသေးရဲ့ဆိုပြီး တစ်မိသားစုလုံး သက်မချဖြစ်ကြတယ်။

ကဲဆရာဝန်ခိုင်းတဲ့ ဆေးတွေဝယ်ခြမ်းပြီး မပျက်မကွက်သောက်ရတော့တာပေါ့။ ဆေးဆိုင်တစ်ဆိုင်မှ ပြည့်ပြည့်စုံစုံမရဘူး၊ နှစ်ဆိုင်၊ သုံးဆိုင်ပေါင်းမှ ဆေးကအလုံအလောက်ရတယ်။ ဆရာတွေကို ပြစ်မှားခဲ့သလိုပါဘဲ။ ခုကိုယ်လည်း ဆေးကို ပဲလှော်ဝါးသလို ဝါးနေရ၊ မျိုနေရပါပြီဆရာ။

ဆေးတွေဝယ်လို့ရလာပြီဆိုတော့ လူကနေလို့ရမယ်၊ တာဝန်ကငြိမ်မနေပါ။ ဘယ်နိုင်ငံကလုပ်တာလဲ ဘာတွေပါသလဲ၊ မြန်မာနိုင်ငံဆေးဝါးကတရားဝင်အတည်ပြုချက်ပါရဲ့လား၊ Expire date ကဘယ်လောက်တဲ့လဲ၊ ကလေးတွေကိုသင်ပေးရင်းနဲ့ လိုက်စစ်ဆေးနေမိတယ်။ သမီးက Date တွေအားလုံးကောင်းပါတယ်။ ဒီတစ်ခုက အစောဆုံးပဲ ၂၀၁၆ နိုဝင်ဘာတဲ့။

သမီးပေးတဲ့ ဆေးဘူးကိုဆွဲယူရင်း၊ ဒါဆိုအရင်ဆုံး ဒီဆေးဘူးကိုဖွင့်သောက်ရမယ်။ ဒီရက်စွဲကိုလည်း ကြားဘူးပါတယ်လို့ တွေးရင်းတွေးရင်းစနဲ့ ဖွပ်ကနဲ အလန့်တကြား ငါပင်စင်ယူဖို့ အသက် ၆၀ ပြည့်မယ့်လပဲ၊ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနှစ်၊ အဲဒီလမှာ ဒီဆေးလည်း သက်တမ်းကုန်မယ်၊ ကိုယ်လည်းပဲ ဝန်ထမ်းသက်တမ်းကုန်မယ်။

အိမ်မှာဆေးတွေသိမ်းတဲ့ မှန်ဘီရိုအငယ်လေးမှာ အဆင့် ၂ ဆင့်ရှိတယ်။ သမီးကို ကျန်တဲ့ဆေးဘူးတွေ Date ကောင်းတဲ့ ဆေးဘူးတွေကဖြည်းဖြည်းမှသောက်ရမှာဆိုတော့ အောက်ထပ်မှာပဲ သိမ်းထားစေပြီး ၂၀၁၆ နိုဝင်ဘာမှာ သက်တမ်းကုန်မယ့် ခုချက်ချင်းသောက်ရမယ့် ဆေးဘူးကို အပေါ်ထပ်စင်မှာ တင်ခိုင်းလိုက်တယ်။

သမီးကပြန်ပြောတယ်။ ၂၀၁၆ နိုဝင်ဘာမှာ သက်တမ်းကုန်မယ့် ဆေးဘူးအတွက်တစ်ဆင့်မြင့်စင်အပေါ်ထပ်မှာ နေရာမရတော့ဘူးတဲ့ အပေါ်ထပ်စင်မှာ ဆေးဘူးဟောင်းတွေနဲ့ပြည့်နေတယ်လို့ ပြောတယ်။ အချို့က Date လွန်ဆေးတွေ အချို့က ဆေးပုလင်းအခွံတွေ၊ အချို့က ဆေးလည်းမရှိ၊ ဆေးပုလင်းလည်းမရှိတဲ့ ဆေးဘူး ဂျပ်ပုံးအခွံတွေနဲ့ အပေါ်ထပ်မှာ ပြည့်နေတယ်တဲ့။

ဘာပဲပြောပြော တစ်နှစ်ကျော်တော့ လိုသေးတာပဲ။ ၂၀၁၆ နိုဝင်ဘာလမှာ သက်တမ်းကုန်မယ့် ဆေးဘူးအတွက် တစ်ဆင့်မြင့် စင်အပေါ်ထပ်မှာ တစ်နေရာကတော့ ရနိုင်ကောင်းပါရဲ့။

■

---

## ➲ စာမျက်နှာ ၂၁ - မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု . . . မှ အဆက်

သဘာဝဓာတ်ငွေ့ ပို့ကုန်တွင်လည်း ရခိုင်ကမ်းရိုးတန်း “ရွှေ” သဘာဝဓာတ်ငွေ့ကမ်းလွန်မှတရုတ် နိုင်ငံသို့ ပိုက်လိုင်းမှတစ်ဆင့် တင်ပို့နိုင်မှု ကို ၂၀၁၃ ခုနှစ်တွင် စတင်နိုင်ခဲ့မှုကြောင့် သဘာဝဓာတ်ငွေ့ပို့ကုန် တိုးလာခဲ့သည်။ အများဆုံးပို့ကုန် အဖြစ် ၂၀၀၁ ခုနှစ်မှ စ၍ရောက်ရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တွင် ၃၀ ရာခိုင်နှုန်း ကျော်ပါဝင်နေဆဲဖြစ်သည်။ ထို့အတူ လယ်ယာပို့ကုန်များ သိသိသာသာ တက်လာသလို အရေးပါသည့် ပို့ကုန်သစ်များ ပေါ်ထွက်လာပြီဖြစ်သည်။ ထူးခြားသည့်ပြောင်းလဲမှုမှာ လယ်သမားများ ၏အပြည်ပြည်ဆိုင်ရာ ဈေးကွက်တောင်းဆိုမှုများကို တုံ့ပြန်ရိုက် ခတ်လာနိုင်ခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် လွတ်လပ်ရေးရပြီး နောက်ပိုင်း ဆန်ပို့ကုန် အရေးပါမှုကိုကြည့်လျှင် ဆိုရှယ်လစ်စီးပွားရေး စနစ်နှင့် တပ်မတော်အစိုးရလက်ထက်များတွင် တဖြည်းဖြည်းကျဆင်း လာသော်လည်း ယခုအခါ ပြန်လည်အရေးပါလာသလို အဓိကတင်ပို့ သူ ပြန်လည်ဖြစ်လာသည်။ ယခင်က တစ်နှစ်ဆန်တန် ချိန် ၁ သန်း ကျော် တင်ပို့နိုင်မှုကို ကြည့်သော် ၁၉၆၂ ခုနှစ်နောက်ပိုင်း လေး၊ ငါး ကြိမ်သာရှိခဲ့ပြီး၊ အများဆုံးတင်ပို့နိုင်ခဲ့သည်မှာ လွန်ခဲ့သည့် ၄၈ နှစ် ဖြစ်သော ၁၉၆၇ ခုနှစ်ကဖြစ်သည်။ သို့သော် ယခင်က တစ်နှစ်ဆန် တန်ချိန်တစ်သန်း တင်ပို့ပြီးနောက် သုံးလေးနှစ်လောက်သာ အနည်း ငယ်တင်ပို့နိုင်ခဲ့သည်။ ဆိုလိုသည်မှာ ဆန်တန်ချိန် တစ်သန်းကျော် တင်ပို့မှု ဆက်တိုက် မလုပ်ဆောင်နိုင်ခဲ့ပေ။ ယခုအခါ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း တင်ပို့နိုင်ခဲ့သလို ၊ ၂၀၁၃- ၂၀၁၄ ခုနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၂ သန်း ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့နိုင်ခဲ့သောကြောင့် ဆန်တန်ချိန် တစ်သန်းကျော်ဆက်တိုက် တင်ပို့နိုင်မှုစံချိန် ဖြစ်လာသလို အများဆုံး ဆန်တန်ချိန်လည်း ဖြစ်လာသည်။ ထို့အတူ ဈေးကွက်တောင်းဆိုမှုအရ ပြောင်းပို့ကုန်တန်ချိန် တစ်သန်း ကျော် တင်ပို့နိုင်မှု ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပထမဆုံးအကြိမ်ဖြစ် လာသလို၊ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် လည်းတန်ချိန် ၁ ဒသမ ၃ သန်းကျော် ဆက်တိုက် တင်ပို့နိုင် ခဲ့သည်။

ထို့အတူ နှမ်းနှင့် ဆီထွက်သီးနှံ ပို့ကုန်များ ပိုမိုအရေးပါလာခဲ့သည်။ ၎င်းအပြင် သစ်သီးဝလံပို့ကုန်များ ယခင်ကထက်သိသိသာသာ ပိုမိုတင်ပို့ လာနိုင်ပြီ ဖြစ်သည်။ ပို့ကုန်ရော သွင်းကုန်ပါ တိုးတက်လာခဲ့သော်လည်း ယခုအခါ ရေရှည်တိုးတက်မှုအတွက် ရင်းနှီးကုန်စည်များ ဦးစားပေးတင်သွင်းနေမှုကြောင့် သွင်းကုန်ကပို့ကုန်ထက်များနေကာ ကုန်သွယ်မှုရှင်းတမ်းလိုငွေ ဖြစ်ပေါ်လာသည်။ အမှန်တကယ်မူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအားပေးနေသည့် ကာလဖြစ်သည့်အလျောက် ယခင်က ကျင့်သုံးလာသည့် ပို့ကုန် ပထမ (Export first) စနစ်ကိုဖျက်သိမ်းခဲ့သည်။ ၎င်းစနစ်အရ ပို့ကုန်တင်ပို့ ပြီးမှသာတင်သွင်းခွင့်ပြု၍ သွင်းကုန်တန်ဖိုးသည် ပို့ကုန်ထက်မများနိုင်ပေ။ ယခုအခါ သွင်းကုန်တင်သွင်းမှုကို ပို့ကုန် ရငွေသာမကဘဲဝန်ဆောင်မှုများမှရ ငွေပါခွင့်ပြုခဲ့၍လည်း သွင်းကုန်များပို၍ လွတ်လပ်စွာတင်သွင်းနိုင်ခဲ့သည်။ ယခုနှစ်များအတွင်းဝင်လာသည့် နိုင်ငံတကာ FDI လုပ်ငန်းကြီးများ အများစုထုတ်လုပ်မှုနှင့် စက်မှုကဏ္ဍတို့တွင် ပိုမိုဝင်လာခြင်းကြောင့် ယခုအချိန်တွင် ရင်းနှီးကုန်စည်များ၊ ဆောက်လုပ်ရေးဆိုင်ရာ သွင်းအားစုနှင့် ပစ္စည်းများ၊ အကြီးစားစက်ပစ္စည်းကြီးများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်များ၊ ဆက်သွယ်ရေးဆိုင်ရာ ရင်းနှီးပစ္စည်းများ၊ ဦးစားပေးတင်သွင်းနေမှုကြောင့် သွင်းကုန်တန်ဖိုးက ပို့ကုန် တန်ဖိုးထက်များနေခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ယခုအချိန်ရင်းနှီး ကုန်စည်များတင်သွင်းနိုင်မှသာ နောင်တစ်ချိန် ထုတ်လုပ်မှုကိုသိသိသာသာ တိုးတက်နိုင်မှုမှတစ်ဆင့် ပို့ကုန်တန်ဖိုး သိသိသာသာ မြင့်တင်နိုင်မည်ဖြစ်သလို ရေရှည်စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

## ပို့ကုန်ဖွံ့ဖြိုးမှုအလားအလာကောင်းများ

ယခုအချိန်သည် မြန်မာ့ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့စားသုံးသူအများဆုံးရှိသည့် ကမ္ဘာ့ဈေးကွက်ကြီးများနှင့် အနီးကပ်ဆုံး ဆက်စပ်နေခြင်း၊ ကမ္ဘာတစ်ခုလုံးနီးပါးနှင့် ကုန်သွယ်ခွင့်ပြန်လည်ရရှိခြင်း၊ Global supply chain သို့အထူးကုန် သွယ်မှုကင်းလွတ်ခွင့် ပြန်လည်ရရှိခြင်းတို့အပြင် ယခုနှစ်များအတွင်းဝင်လာသည့် FDI များ ထုတ်လုပ်မှုကဏ္ဍများ သို့ဝင်ရောက်လာမှုကြောင့် ကမ္ဘာ့ထုတ် လုပ်မှုလမ်းကြောင်း Global supply chain ထဲသို့ဝင်ရောက်နေပြီဖြစ်သလို၊ Global supply chain trading လုပ်ဆောင်နေပြီဖြစ်သည်။ ထို့အပြင် ဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ ပြီးစီးလျှင် မြန်မာနိုင်ငံကိုဖြတ်ကျော်ပြုလုပ်မည့်ကုန်သွယ်ရေးသည် တစ်ဟုန်ထိုးတိုးတက်လာမည်ဖြစ်သလို မြန်မာနိုင်ငံအနေဖြင့် တစ်ဆင့်ခံကုန်သွယ်ရေး (Transit trade)၊ ပြန်လည်ပို့ကုန် (Re-export) လုပ်ငန်းများအထူးထွန်းကားလာမည်ဖြစ်သလိုဝန်ဆောင်မှု ပို့ကုန်များလည်း ထွန်းကားလာမည် ဖြစ်သည်။ ခေတ်အဆက်ဆက်တံခါး ပိတ်ခဲ့သောကြောင့် ယခုအထိမြန်မာ နိုင်ငံအနေဖြင့် ထုတ်ယူမသုံးစွဲရသေးသည့် သဘာဝသယံဇာတနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်ပြီး၊ ပို့ကုန်အမယ်သစ်များ ဖော်ထုတ်နိုင်ပေးခြင်း၊ မကြာမီပေါ်ထွန်းလာမည့် အာဆီယံ၏ ကြီးမားသော ဈေးကွက်ကြီးသို့မြန်မာ့ကုန်စည် ပို့ကုန်နှင့် ဝန်ဆောင်မှုပို့ကုန်များ တိုးချဲ့နိုင်ရန် အလားအလာကောင်းများ ရှိနေပြီဖြစ်ခြင်း၊ အရေးအကြီးဆုံးမှာ သက်ရောက်သည့် ပေါ်လစီနှင့် ပွင့်လင်းလာသည့် အခွင့်အလမ်းကောင်းများကိုသာ မြန်မာ့လုပ်ငန်းရှင်များနှင့် လူငယ်လူရွယ်များ ပြည့်ပြည့်ဝဝ အသုံးချအကောင်အထည်ဖော်နိုင်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကုန်သွယ်မှုတိုးတက်မှုမှတစ်ဆင့် အမြန်ဆုံးဖော်ဆောင်နိုင်မည် ဧကန် ဖြစ်ပါသည်။

## မန္တလေးမြို့ရဲ့ ဆောက်လုပ်ရေးပစ္စည်းဈေးကွက်

မန္တလေးတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ များစွာတည်ဆောက်လျက်ရှိပြီး ဆောက်လုပ်ရေးပစ္စည်း ဈေးနှုန်းများအနေနဲ့ကတော့ အခြား အုတ်၊ ထုံး၊ သဲများမှ သိသာစွာ ပြောင်းလဲမှုမရှိဘဲ သင်္ကြန်မတိုင်ခင်က ဈေးကိုကြည့်ပါက သဲတစ်ကျင်း ၁၂၀၀၀ ကျပ်၊ အုတ် ပထမတန်းစား တစ်ချပ် ၉၀ ကျပ်၊ ဒုတိယတန်းစား ၈၀ ကျပ်နဲ့ ထုံး တစ်အိတ် ၃၀၀၀ ကျပ်ရှိပြီး ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ ကျောက်တစ်ကျင်းမှာ ၃၅၀၀၀ ကျပ်ရှိကြောင်း သိရပါတယ်။

အဓိကကုန်ကြမ်းဖြစ်တဲ့ ဘိလပ်မြေဈေးနှုန်းများကတော့ ပြည်တွင်းဖြစ်နဲ့ နိုင်ငံခြားမှတင်သွင်းတဲ့ ပစ္စည်းများပါ ဈေးနှုန်းပြောင်းလဲမှုရှိပါတယ်။ အခါမတိုင်ခင် ဘိလပ်မြေဈေးနှုန်းကတော့ အေသုံးလုံး တစ်အိတ် ၄၇၀၀ ကျပ်မှ ယခု ၅၂၀၀ ကျပ်၊ မြန်မာဆင် ယခင် ၄၆၀၀ ကျပ်မှ ယခု ၄၉၀၀ ကျပ်၊ ဆင်မင်း ယခင် ၄၆၀၀ ကျပ်မှ ယခု ၄၈၀၀ ကျပ်ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်နေပြီး နိုင်ငံခြားမှ တင်သွင်းသော စိန် (ထိုင်း) မှာ အခါမတိုင်ခင် ၆၉၀၀ ကျပ်မှ ယခု ၇၄၀၀ ကျပ်နဲ့ ဆင် (ထိုင်း) မှာ ယခင် ၇၀၀၀ မှ ယခု ၇၅၀၀ ကျပ်ထိ ဈေးနှုန်းများနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းရောင်းဝယ်သူများထံက သိရပါတယ်။

**လွင်အေး-မန္တလေး**

## မန္တလေး အဝေးပြေးကုန်စည်ပို့ဆောင်ရေး ကုန်ပစ္စည်း သယ်ယူပို့ဆောင်ခများနှင့် စက်သုံးဆီဈေးနှုန်းများ

ဧပြီလ နောက်ဆုံးအပတ် မန္တလေးမြို့မှ အခြား အဓိကကျသည့် မြို့ကြီးများသို့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခများမှာ-

**တစ်ပိဿာဈေး-ကျပ်**

| ခရီးစဉ် | | ၇. ၄. ၂၀၁၅ | | ၂၈. ၄. ၂၀၁၅ | |
|---|---|---|---|---|---|
| မှ | သို့ | ကျစ် | ပွ | ကျစ် | ပွ |
| မန္တလေး | မူဆယ် | ၉၅ | ၉၇ | ၉၂ | ၉၅ |
| မန္တလေး | လားရှိုး | ၅၀ | ၅၅ | ၅၀ | ၆၀ |
| မန္တလေး | တောင်ကြီး | ၄၀ | ၆၀ | ၃၅ | ၄၀ |
| မန္တလေး | မော်လမြိုင် | ၃၅ | ၄၅ | ၄၀ | ၄၅ |
| မန္တလေး | ရန်ကုန် | ၂၈ | ၄၀ | ၂၇ | ၄၀ |
| မန္တလေး | တပ်ကုန်း၊ နေပြည်တော် | ၁၅ | ၂၅ | ၂၀ | ၃၀ |
| မန္တလေး | ပခုက္ကူ | ၂၅ | ၃၀ | ၂၀ | ၂၅ |
| မန္တလေး | စစ်တွေ | ၁၃၀ | ၁၇၀ | ၁၂၀ | ၁၇၀ |
| မန္တလေး | ပြည် | ၂၅ | ၄၀ | ၂၅ | ၄၀ |
| မန္တလေး | မကွေး | ၂၅ | ၅၀ | ၂၃ | ၅၀ |
| မန္တလေး | မုံရွာ | ၂၀ | ၂၅ | ၂၀ | ၂၅ |
| မန္တလေး | တောင်ငူ | ၂၁ | ၃၀ | ၂၁ | ၃၀ |
| မန္တလေး | အောင်ပန်း | ၂၁ | ၅၅ | ၂၁ | ၇၀ |
| မန္တလေး | မြစ်ကြီးနား | ၁၀၀ | ၁၅၀ | ၁၀၀ | ၁၅၀ |
| မန္တလေး | တမူး | ၈၀ | ၁၂၀ | ၈၀ | ၁၀၀ |

*** သင်္ကြန်မတိုင်မီကာလ ဈေးနှုန်း၊ ယခုအပတ်ဈေးနှုန်း အနိမ့်၊ အမြင့်ဖော်ပြခြင်း ဖြစ်ပါသည်။**

ယခုတစ်ပတ်မှာ မန္တလေးမှ မူဆယ်၊ တောင်ကြီး၊ ရန်ကုန်၊ စစ်တွေ၊ မကွေးစတဲ့ မြို့ကြီးများကို တင်ပို့တဲ့ ကုန်စည်ပို့ဆောင်ခနှုန်းထားများ သင်္ကြန်မတိုင်မီကာလ ဈေးနှုန်းအောက်မှာရှိနေပြီး၊ မန္တလေးမှ လားရှိုး၊ ပြည်၊ မုံရွာ၊ တောင်ငူ၊ အောင်ပန်း၊ မြစ်ကြီးနားနဲ့ တမူးမြို့များကို တင်ပို့တဲ့ ကုန်စည်ပို့ဆောင်ခနှုန်းထားများ သင်္ကြန်မတိုင်မီကာလနှုန်းထားအတိုင်းဖြစ်ပြီး မန္တလေးမှ မော်လမြိုင်၊ တပ်ကုန်း၊ နေပြည်တော်၊ ပခုက္ကူစတဲ့ မြို့များမှာ သင်္ကြန်လွန်ကာလ၌ ယခင်ကာလအထက်မှာ ရှိနေကြောင်း သိရပါတယ်။

ကုန်စည်ပစ္စည်းစီးဆင်းမှုအနည်းအများ၊ အရောင်းအဝယ်ဖြစ်မှု အနည်းအများ၊ စက်ဆီ၊ ချောဆီဈေးနှုန်းနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုအခြေအနေအပေါ် မှာမူတည်ပြီး ဈေးနှုန်းအနည်းငယ်အတက်အကျ ရှိတတ်ပါကြောင်း၊ ကားတစ်စီးလုံးအပြည့်ကို ကုန်ပစ္စည်းတစ်မျိုးတည်း သယ်ဆောင်ရတာနဲ့ ကားတစ်စီးမှာ ကုန်ပစ္စည်းမျိုးစုံ တင်ပို့ရတာနဲ့ ပစ္စည်းဝယ်ယူခလည်း မတူညီသလို ဂိတ်အစ၊ ဂိတ်အဆုံး သယ်ယူရတာနဲ့ လမ်းတစ်ဝက်တစ်ပျက် ပို့ဆောင်ရတဲ့ဈေးနှုန်းများမတူနိုင်ကြောင်း၊ အဓိကစက်သုံးဆီနဲ့ ချောဆီဈေးနှုန်းတည်ငြိမ်မှု အပေါ် မှာလည်း များစွာမူတည်ကြောင်း၊ အဝေးပြေးကားပိုင်ရှင်တစ်ဦးက ပြောကြားပါတယ်။

ဧပြီလနောက်ဆုံးပတ် မန္တလေးမှာဖြစ်ပေါ် တဲ့ စက်ဆီ၊ ချောဆီ ဈေးနှုန်းများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၉၁ ကျပ်ဖြစ်ပြီး၊ ဒီဇယ်ဆီတစ်ဂါလန်မှာ ၃၆၅၀ ကျပ်ဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော အိမ်ခြံမြေ အရောင်းပြပွဲကြီးအား ဟောပြောပွဲများ ထည့်သွင်းကျင်းပ

iMyanmar House မှကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ၏အကြီးမားဆုံးသောအိမ်ခြံမြေအရောင်းပြပွဲကြီးကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် မေလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ အဆိုပါပြပွဲတွင် အိမ်ခြံမြေများကို ကိုယ်တိုင်ဆောက်လုပ်ကာ ရောင်းဝယ်နေသည့် ကုမ္ပဏီစုစုပေါင်း ၄၂ ခုတို့က ပြခန်းပေါင်း ၅၀ ကျော်တို့ဖြင့် လာရောက်ပြသ ရောင်းချခဲ့ကြသည်။

ယင်းပြပွဲတွင် ဝယ်ယူသူများအား ဈေးလျှော့ရောင်းချပေးသည့်အပြင် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန်လည်း စီစဉ်ပေးထားကြောင်း သိရသည်။ ထို့ပြင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှလည်း ဘဏ်စနစ် ဖြင့် အရစ်ကျ ဝယ်ယူလိုသူများအားလည်း ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အိမ်ခြံမြေများနှင့်ပတ်သက်၍ သိကောင်းစရာများ၊ သတိထားသင့်သည့် အကြောင်းအရာများ၊ အိမ်ခြံမြေ ဝယ်ယူရာတွင် ရောင်းမှား ဝယ်မှားမဖြစ်ရအောင် ဆွေးနွေးဟောပြောပွဲများကို ပြပွဲကျင်းပသည့် သုံးရက်တိုင်တိုင် အိမ်ခြံမြေနှင့် ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေပညာ ရှင်များက လာရောက်ဟောပြောပေးခဲ့ကြောင်း သိရသည်။

ထို့ပြင်အဆိုပါပြပွဲတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးရာအကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဒေါက်တာအောင်ထွန်း သက်က အိမ်ခြံမြေလုပ်ငန်းအတွက် ကောင်းမွန်သော စီမံအုပ်ချုပ်မှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေး ဘဏ်မှ ဦးဝင်းဇော်က ဆောက်လုပ်ရေးအိမ်ရာ ချေးငွေရရှိရေး CHD ဘဏ်နှင့်ဆက်သွယ်ပေးခေါင်း စဉ်ဖြင့်လည်းကောင်း၊ စိုင်းခွန်နောင် အိမ်ခြံမြေရောင်းဝယ်ရေးမှ ဦးစိုင်းခွန်နောင်က ရောင်းမှားဝယ်မှားမဖြစ်ရလေအောင်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရွှေနေများအသင်းဥက္ကဋ္ဌ ဦးကျော်ဇေယျက အိမ်ခြံမြေဥပဒေပြဿနာများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြ ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## စက်မှုဇုန်ယာဉ်ဟောင်းများ သတ်မှတ်ချက်ဖြင့် အပ်နှံခွင့်ပြုမည်ဟု သိရှိရသဖြင့် စလစ်ဈေးတန်း အနည်းငယ်လျော့ကျလာ

ဧပြီလနောက်ဆုံးရက်သတ္တပတ် ရန်ကုန်မြို့ကားဈေးကွက်အခြေအနေမှာ အရောင်းအဝယ် အသင့်အတင့်ရှိလာသော်လည်း အပြောင်းအလဲတချို့နှင့် ဈေးကွက်အတွင်း ထူးခြားမှုများရှိလာကြောင်း သိရသည်။

သင်္ကြန်ပွဲတော်အပြီး ကာလများတွင် ကားရောင်းဝယ်ရေးစခန်းများနှင့် ကားအရောင်းစင်တာများတွင် လူဝင်လူထွက်ရှိခဲ့ပြီး ကားလေးများနှင့် အင်ဂျင်ပါဝါအလယ်အလတ်ကားများအဝယ်ပြန်ရှိလာကြောင်း၊ ကျောင်းမဖွင့်မီကာလတစ်ခုဖြစ်သဖြင့်လည်း ကျောင်းကားအဖြစ်အသုံးပြုရန် စူပါကပ်စတန်များနှင့် မီနီဘတ်(စ်) ကားများ ရောင်းအားအသင့်အတင့်ရှိခဲ့ပြီး လူစီး၊ အိမ်စီးကားများကဏ္ဍတွင် စက်သုံးဆီသုံးစွဲမှုအလယ်အလတ်ရှိသည့် တိုယိုတာဝှစ်ရှ်ကဲ့သို့ကားများ အဝယ်ရှိလာကြောင်း၊ မတ်ခ်တူးအုပ်စုဝင် ဆလွန်းကားများနှင့် လုပ်ငန်းသုံးအပေါ့ကားများဖြစ်သော စူဇူးကီပစ်ကပ်ကဲ့သို့ ကားလေးများ မိုးမကျမီ အရောင်းအဝယ်ရှိလာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းအကျိုးဆောင်ကိုမြင့်ကျော်မှပြောသည်။

သင်္ကြန်ကာလ ရုံးပိတ်ရက်ရှည်အပြီးတွင် ရန်ကုန်မြို့ကားဈေးကွက်အတွင်း စလစ်ဈေးတန်းများ တဖြည်းဖြည်းမြင့်တက်လာပြီး ဧပြီနောက်ဆုံးပတ် ၂၈ ရက်နေ့အထိ သိန်း ၆၀အထက် ၆၁/၆၂ သိန်းတွင်ရှိနေပြီး ဧပြီ ၂၉ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် သက်တမ်း ၁၈ နှစ်ကျော် စက်မှုဇုန်ထုတ်ကားများ ပြန်အပ်နှံခြင်းကို ပြန်လည်လက်ခံသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ပေးခဲ့သဖြင့် ဖေဖော်ဝါရီ ၂၇ မှစတင်၍ အပ်နှံခွင့်ရပ်ဆိုင်းခဲ့သောစက်မှုဇုန်ကားများမှာ ၃၅ သိန်းဈေးတန်းမှ ၄၅ သိန်း ၅၀ သိန်း ပြန်လည်ဖြစ်ပေါ်ခဲ့ပြီး ယာဉ်ဟောင်းအပ်နှံ (ပုံမှန်) စလစ်ဈေးတန်းမှာ လက်ရှိပေါက်ဈေးမှ ၂ သိန်းခွဲ၊ ၃ သိန်းခန့်ဈေးပြန်လည်လျော့ကျလာကြောင်း သိရသည်။

စက်မှုဇုန်ကားများအားရွှေ့လာမည့် ရက်သတ္တပတ် မေလ ပထမပတ်ရုံးဖွင့်ရက်များတွင် စတင်အပ်နှံလက်ခံပေးမည်ဟုသိရှိရပြီး ဖော်ဖော်ဝါရီလကုန်ပိုင်း အပ်နှံခွင့်ပိတ်ထားစဉ်ကာလနောက်ပိုင်း ဈေးနှုန်းတက်လာသဖြင့် ဝယ်ယူထားပြီးမှ ယခုကဲ့သို့ သတ်မှတ်ချက်အသစ်များဖြင့် အပ်နှံခွင့်ပြုသဖြင့် စက်မှုဇုန် ၁၀ နှစ်သက်တမ်းရှိကားများ အရေအတွက် အနည်းအကျဉ်းသာထွက်ပေါ် လာနိုင်ကြောင်း၊ အပ်ကား ရှားပါးလာလျှင်ဖြစ်တတ်သည့် သဘာဝအရစလစ်ဈေးတန်းများ ပြန်လည်မြင့်တက်လာ နိုင်ကြောင်း၊ အမှန်တကယ် ဖြစ်သင့်သည်မှာ ဖေဖော်ဝါရီလက စိစစ်တွေ့ရှိခဲ့ရသည့် မသမာမှုများပြုလုပ်ပြီး လှည့်ဖျားအပ်နှံခဲ့သည့် စက်မှုဇုန်ထုတ်ကားများ အက္ခရာဆိုင်း ၁ ဆိုင်း (သို့မဟုတ်) ၂ ဆိုင်းခန့်ကိုသာ အပ်နှံခွင့်ပယ်ဖျက်ပေးပါက စည်းကမ်းသတ်မှတ်ပြီး ဖြစ်သလိုစလစ်ဈေးတန်းမြင့်တက်မှုကို ထိန်းချုပ်ပြီးသားဖြစ်သွားနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများမှ သုံးသပ်ပြောကြားသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၀၉) | ယာယီ | ၉၀ သိန်း | 1.3 ကားကောင်း |
| ၂။ | ပရိုဘောက် (၂၀၀၉) | ယာယီ | ၉၈ သိန်း | 1.5 ကားကောင်း |
| ၃။ | ဆပ်စီ (၂၀၀၉) | ယာယီ | ၁၁၀ သိန်း | |
| ၄။ | ကလူကာ (၂၀၀၂) | ယာယီ | ၂၄၈ သိန်း | |
| ၅။ | အီဆူဇူး(ဘစ်ဟွန်း) (၉၉) | 9 E | ၂၀၀ သိန်း | |
| ၆။ | တိုယိုတာ (ဝှစ်ရှ်) (၂၀၀၃) | ယာယီ | ၁၃၈ သိန်း | |
| ၇။ | ဘယ်လ်တာ (၂၀၀၉) | 1 G | ၁၁၀ သိန်း | 1 .3 |
| ၈။ | အေဒီဗင် (၂၀၀၈) | ယာယီ | ၈၅ သိန်း | |
| ၉။ | စက်မှုဇုန်အပ်ကား(၁၀)နှစ်သက်တမ်း | | ၅၀ သိန်း | |


**SN**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း


## ၄-၅-၂၀၁၅ မှ ၁၀-၅-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** နေရာထိုင်ခင်း အထူးအပြောင်း အလဲများရှိမည်။ သံယဇာတ တွင်းထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပါက အဆင်ပြေမည်။ လုပ်ငန်းခွင်တွင် စိတ်ကသိကအောက်ဖြစ်မည်။ အိမ်ထောင်ရေး အဆင်မပြေတတ်ပါ။ အချစ်ရေးကံကောင်းမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ခေါင်းကိုက်မူးဝေ၊ ပျို့အန်ခြင်း၊ ခေါင်းအုံ့ခေါင်းခဲခြင်း များကြုံမည်။ မိသားစုအိမ်တွင်းရေး အဆင်မပြေတတ်ပါ။

**ယတြာ။ အိမ်တွင်မိသားစုအလှဓာတ်ပုံ ချိတ်ဆွဲထားပါ။**




**တနင်္လာသားသမီးများအတွက်** တနင်္လာနံနှင့်ပတ်သက်သောလုပ်ငန်းများမှ ဝင်ငွေကောင်းမည်။ ဝင်ငွေနှင့်ပတ်သက်ပြီး မရှိမရှားဖြစ်မည်။ ခရီးသွားလုပ်ငန်း၊ အလည်အပတ်ထွက်ခြင်းများမှ မိတ်ဆွေတိုးမည်။ အိမ်ထောင်ရေး စိတ်အနှောင့်အယှက် ဖြစ်တတ်သော်လည်း အိမ်ထောင်ဘက်ကြောင့် ဂုဏ်သတင်း ကျော်ဇောမည်။ အချစ်ရေးနှင့် ပတ်သက်ပြီး မိဘများ သဘောမတူဖြစ်မည်။ ကျန်းမာရေးတွင် လည်ချောင်းနာခြင်း၊ အပူလွန်ရောဂါဖြစ်ခြင်း၊ အရေပြားနှင့်ပတ်သက်ပြီး ရောဂါရခြင်းများဖြစ်တတ်မည်။ မိသားစုအိမ်တွင်းရေး အဆင်ပြေမည်။

**ယတြာ။ ငွေထီး ၃ လက်ဘုရားမှာလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သည့်စီးပွားရေးမဆို နေရာတကာ တတ်သိနားလည်သလို ဝင်ပါနေတတ်သည်။ ဆန်၊ ဆီ၊ ဆား၊ စက်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေပါက ဝင်ငွေကောင်းမည်။ ရောက်သည့်အရပ်တွင် မြဲမြံစွာနေထိုင်တတ်သည့်အကျိုးကြောင့် ပိုင်ဆိုင်မှုများမည်။ မိသားစုနှင့်ပျော်ရွှင်စွာ နေထိုင်ရတတ်မည်။ အိမ်ထောင်ရေးကောင်းမည်။ အချစ်ရေးမကောင်းပါ။ သစ္စာဖောက်ခြင်းခံရမည်။ ကျန်းမာရေး အအေးမိခြင်းကြောင့်ရောဂါဝေဒနာခံစားရမည်။ သားသမီးကြောင့် စိတ်ဆင်းရဲ အရှက်ရမည်။

**ယတြာ။ ဇီးညွန့် ၅ ညွန့် ဘုရားတွင်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ထင်မှတ်မထားသည့်ကိစ္စရပ်များကြောင့် စိတ် သောကရောက်မည်။ အခက်အခဲများကြုံမည်။ ယာဉ်ကားနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက်ကြုံမည်။ အတူနေမိသားစု၏ ငြိုငြင်ခြင်းခံရမည်။ အချစ်ရေးကြောင့် သောကများမည်။ ကျန်းမာရေး အစာအိမ်၊ နှလုံးရင်ဘတ်နှင့် ပတ်သက်သည့်ရောဂါဖြစ်ပွားတတ်သည်။

**ယတြာ။ ရွှက်လုပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အိမ်ခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး အဆင် ပြေမည်။ ယခုအချိန်တွင် အခက်အခဲများကို အဆင်ပြေစွာ ဖြတ်ကျော်နိုင်မည်။ လာဘ်လာဘ ဝင်ငွေများတိုးတက်မည်။ အိမ်တွင်းရေး စိတ်အနှောင့်အယှက်ရှိတတ်မည်။ ကျန်းမာရေးတွင် အာရုံကြောရောင်ရမ်းခြင်း၊ လေရောဂါဖြစ်ခြင်းများကြုံမည်။

**ယတြာ။ ဘုရားတွင် ယပ်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းများတိုးတက်မည်။ ခရီးသွားလာသော လုပ်ငန်းများအကျိုးပေးမည်။ အိမ်ထောင်ဘက် ကောင်းရရှိမည်။ သို့သော်စိတ်တိုင်းမကျ တတ်ပါ။ အချစ်ရေးသာယာပျော်ရွှင်မည်။ ကျန်းမာရေးတွင် မျက်စိနှင့်ပတ်သက်သောရောဂါ အဆစ်အမြစ်ကိုက်ခဲသောရောဂါ၊ ဆီးရောဂါများ ဖြစ်ပွားတတ်သည်။

**ယတြာ။ လမ်းခင်းပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများ အဆင်ပြေစပြုလာပြီဖြစ်သည်။ လှည့်လည်သွားလာနေထိုင်သောဘဝမှ ပိုင်ဆိုင်မှုရှိသောဘဝသို့ ပြောင်းလဲတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ မမျှော်လင့်ဘဲအိမ်ထောင်ကျတတ်မည်။ သားသမီးအကျိုး မခံစားရတတ်ပါ။ ကျန်းမာရေးတွင် အစာအိမ်၊ လေနာ၊ အူရောင်ငန်းဖျားရောဂါများ ဖြစ်ပွားတတ်သည်။

**ယတြာ။ လမ်းပေါ်တွင် ခွေးစာကျွေးပါ။**

# ပြည်မြကျောက်သရက်သီးမှည့် စတင်ပေါ်ထွက်

ပြည်မြို့သစ်သီးဝလံဈေးကွက်တွင် ပြည်မြို့ရဲ့ နာမည်ရပြီးဖြစ်တဲ့ မြကျောက်သရက်သီးများ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ပေါ်ဦးပေါ်ဖျားလည်းဖြစ်၊ မိုးကလည်းအစောဆုံးမှန်တာကြောင့် ဝင်လာတဲ့ သရက်သီးတွေဟာ စားလို့အရသာရှိနေကြောင်း တွေ့ရပါတယ်။ မြကျောက်သရက်သီး (ချော) တစ်လုံး ၃၀၀ ကျပ်၊ ၃၅၀ ကျပ်ဖြင့် ဈေးကွက်ပေါက်ပြီး ရန်ကုန်သို့လည်း အနည်းငယ်စတင် တင်ပို့နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။ ဒေသတွင်း လက်လီခြံသမားများကတော့ အလုံးပေါ်မူတည်၍ အနည်းဆုံး (အသေး) တစ်လုံးကို ၂၀၀ ကျပ်ထိ ရရှိကြောင်း သိရပါတယ်။ ထွက်သမျှသရက်သီး အရောင်းအဝယ်သွက်လျက်ရှိနေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**



# အခြေခံအဆောက်အအုံများကို မြှင့်တင်မှုကြောင့် မြန်မာ့အိမ်ခြံမြေဈေးကွက်ကို ကျယ်ပြန့်လာစေနိုင်

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အိမ်ခြံမြေဈေးကွက်များ ဖွံ့ဖြိုးလာစေရန်အတွက် အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ယင်းသို့ မြှင့်တင်ပေးမှသာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း House.com.mm ၏ Managing Director ဖြစ်သူ Jan Sommerfeld က အကြံပြုပြောကြားခဲ့သည်။

လမ်းတံတား၊ ဆေးရုံ၊ ကျောင်း၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်ပြီး စီးပွားရေးတိုးတက်မှုကို ရရှိရန်အတွက် အဓိကအထောက်အကူပြုပေးသော အရာများဖြစ်သည်။

အခြေခံ အဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်းဖြင့် ပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများကို ပေါ်ပေါက်စေပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်မှုများကို ပြုလုပ်လျက်ရှိသော်လည်း နေရာဒေသနယ်ပယ်အသီးသီးတွင် လိုအပ်မှုများ အများအပြားကျန်ရှိနေသေးသည်

"အခြေခံအဆောက်အအုံကောင်းမွန်မှုဟာ အိမ်ခြံမြေဈေးကွက်တိုးတက်ဖို့အတွက် အဓိကအကြောင်းအရာတစ်ခုပါ။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဆိုရင်တော့ နေရာဒေသက သိပ်ပြီးအကြောင်းမဟုတ်တော့ပါဘူး။ အခြေခံအဆောက်အအုံကောင်းမွန်နေတော့ ဘယ်လိုနေရာမှာပဲနေနေ စီးပွားရေးအခွင့်အလမ်းတွေအတွက် အဆင်ပြေနေတာပါပဲ" ဟု Jan Sommerfeld က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်အဖြစ်သတ်မှတ်ထားသည့်ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံ၏အခြားသောဒေသများနှင့်နှိုင်းယှဉ်လျှင် အခြေခံအဆောက်အအုံများ ပိုမိုပြည့်စုံမှုရှိသည်ဆိုသည့်အချက်မှာ ရန်ကုန်မြို့အိမ်ခြံမြေဈေးကွက်အတွင်း တောင်းဆိုမှုကို အလွန်အမင်းများပြားစေသည်ဟု ၎င်းက ဆိုသည်။

ထို့ပြင် အဆိုပါအချက်သည် ရန်ကုန်မြို့တော်အတွင်း အိမ်ခြံမြေဈေးနှုန်းများ အဆမတန်မြင့်တက်စေခဲ့သည့် အကြောင်းအရင်း တစ်ရပ်လည်းဖြစ်သည်ဟု ဆိုသည်။

အခြေခံ အဆောက်အအုံများကောင်းမွန်နေလျှင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်ပြီး တည်ဆောက်နေစဉ်အတွင်းတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ပေါ်ပေါက်စေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်နေသည့် အခြေခံအဆောက်အအုံများ တိုးချဲ့မြှင့်တင်မှုများကို ဦးစားပေးလုပ်ဆောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)မှ ထုတ်ပြန်ခဲ့သည့် Asia Development Outlook 2015 တွင် ထည့်သွင်းအကြံပြုထားသည်။

**မယ်သီတာ**

## ကျောက်ပန်းတောင်းမြို့ ထန်းလျက်ဈေးကွက်

ကျောက်ပန်းတောင်းမြို့နယ်တွင် ထန်းလျက်လုံးကြီး တစ်ပိဿာ ၇၃၀ ကျပ်၊ ထန်းလျက်လုံးလတ် တစ်ပိဿာ ၈၂၀ ကျပ်၊ ရိုးရိုးလုံးသေး တစ်ပိဿာ ၈၅၀ ကျပ်ရှိပြီး ဆေးထန်းလျက်လုံးသေး တစ်ပိဿာ ၉၅၀ ကျပ်၊ အသင့်စားထန်းလျက်ကောင်း တစ်ပိဿာ ၁၆၀၀ ကျပ်ရှိပါတယ်။

ယခုနှစ်တွင် သကြားဈေးနှုန်းချိုနေသဖြင့် ယိုစုံလုပ်ငန်းနဲ့ ငံပြာရည်ချက်စက်ရုံများသို့ လက်ကားတင်ပို့ရောင်းချခြင်းမရှိပါ။ တောင်ကြီး၊ မိတ္ထီလာ၊ မန္တလေး၊ တောင်တွင်းကြီးမြို့များသို့သာ အသင့်စားသုံးရန်အတွက် လက်လီသာ ရောင်းချရကြောင်း ပွဲစားတစ်ဦးထံမှ သိရပါတယ်။

**ထားအိဝင်း-မန္တလေး**



# မြို့ကြီးများ၏ ၄-၅-၂၀၁၅ မှ ၈-၅-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၄-၅-၂၀၁၅) | အင်္ဂါ(၅-၅-၂၀၁၅) | ဗုဒ္ဓဟူး(၆-၅-၂၀၁၅) | ကြာသပတေး(၇-၅-၂၀၁၅) | သောကြာ(၈-၅-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | တိမ်အသင့်အတင့် ၃၉°C/၁၀၂°F | တိမ်အသင့်အတင့် ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F |
| မန္တလေးမြို့ | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F |
| မြစ်ကြီးနား | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F |
| လားရှိုး | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| ကျိုင်းတုံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F |
| မော်လမြိုင် | ၅၀% ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | ၅၀% ၃၇°C/၉၈°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | ၄၀% ၃၇°C/၉၉°F | ၄၀% ၃၇°C/၉၈°F |
| တောင်ငူ | တိမ်အသင့်အတင့် ၄၀°C/၁၀၄°F | တိမ်အသင့်အတင့် ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F |
| မုံရွာ | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F |
| မြိတ် | ၈၀% ၃၃°C/၉၂°F | ၄၀% ၃၃°C/၉၂°F | ၄၀% ၃၄°C/၉၄°F | ၄၀% ၃၅°C/၉၅°F | ၈၀% ၃၆°C/၉၆°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| မကွေး | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F |
| ဖလမ်း | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |

# နီပေါငလျင်ဘေးဒုက္ခသည်များအား ကုလသမဂ္ဂမှ အမေရိကန်ဒေါ်လာ ၄၁၅ သန်း ကူညီထောက်ပံ့မည်

နီပေါနိုင်ငံတွင် ဧပြီလ ၂၅ရက်က လှုပ်ခတ်ခဲ့သည့်အင်အားအလွန်ပြင်းထန်သည့်ငလျင်ကြောင့် လူနေအိမ်ခြေများ၊ သာသနိကအဆောက်အအုံများ အများအပြား ပျက်စီးခဲ့ရသည့်အပြင် လူပေါင်း ငါးထောင်ကျော်သေကြေပျက်စီးခဲ့ရကြောင်း၊ ပြည်သူရှစ်သန်းနီးပါး ငလျင်ဘေးဒုက္ခကို ခံစားနေရကြောင်း၊ ထို့ကြောင့် အဆိုပါငလျင်ဘေးအန္တရာယ်ကို ခံစားနေရသည့်ပြည်သူများအား ကူညီကယ်တင်ရန်အတွက် ကုလသမဂ္ဂမှ အမေရိကန်ဒေါ်လာ ၄၁၅ သန်းကူညီထောက်ပံ့ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

"နီပေါငလျင်ကြောင့် ဘေးဒုက္ခရောက်နေသူတွေဟာ စားရေရိက္ခာတွေ လိုအပ်နေမှာ အမှန်ပါပဲ။ သူတို့တွေကို အချိန်မီ ကူညီပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ပြည်သူတွေကို အားပေးမှုဟာလည်း အရမ်းကိုလိုအပ်နေပါတယ်။ ထိရောက်တဲ့ အရေးပေါ်အကူအညီတွေအများကြီးလိုအပ်ပါတယ်"ဟု နီပေါနိုင်ငံ ကုလသမဂ္ဂဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ဌာနေကိုယ်စားလှယ်ဖြစ်သူ ဂျရေမီမက်ခ်ဂိုးလ်ဒရစ်က ပြောကြားခဲ့သည်။

ကနဦးကောက်ယူရရှိသည့် စာရင်းများအရ နီပေါနိုင်ငံတွင် ခရိုင်ပေါင်း ၇၅ ခရိုင်ရှိသည့်အနက် ၃၉ ခရိုင်ပျက်စီးခဲ့ပြီး အိမ်ခြေပေါင်း ၇၀၀၀၀ ခန့်မှာလုံးဝပျက်စီးခဲ့ပြီး နောက်ထပ်အိမ်ခြေပေါင်း ၅၃၀၀၀၀မှာလည်း ထပ်မံပျက်စီးနိုင်ကြောင်းဖြင့် ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထို့ပြင် လူပေါင်း ၄ ဒသမ ၂သန်းအတွက် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပြီး ရွက်ဖျင်တဲပေါင်း ငါးသိန်းကိုလည်း အရေးပေါ်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။



# နီပေါငလျင် သေဆုံးသူအရေအတွက် တစ်နေ့တစ်ခြား တိုးလာ ရာသီဥတု ဆိုးရွားနေမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ခက်ခဲမှုများနှင့် ကြုံတွေ့နေရ

နီပေါနိုင်ငံတွင် ပြီးခဲ့သည့် ဧပြီလ ၂၅ရက်က လှုပ်ခတ်ခဲ့သည့်အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိသည့် အင်အားအလွန်ပြင်းထန်သည့်ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။ အဆိုပါ ငလျင်လှုပ်ခတ်ခဲ့မှုကြောင် နီပေါနိုင်ငံ၏ မြို့တော်ဖြစ်သည့် မြို့တော် ခတ္တမန္ဒုတစ်မြို့လုံး အပျက်အစီးများဖြင့် ပြည့်နှက်နေခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် အပျက်အစီးများ အောက်တွင် သေဆုံးနေကြသည့် အရေအတွက်မှာလည်း တစ်နေ့တစ်ခြား များပြားလျက်ရှိပြီး ဧပြီလ ၃၀ ရက်နေ့အထိ သေဆုံးသူအရေအတွက်မှာ ၅၄၈၉ ဦးရှိသွားပြီဖြစ်ကြောင်း အင်တာနက်တွင် ဖော်ပြထားသည့်သတင်းများအရ သိရသည်။ ထို့ပြင် ပျောက်ဆုံးနေသည့်လူအရေအတွက်မှာလည်း သောင်းဂဏန်းမျှရှိနေပြီး ထိုအရေအတွက်မှာလည်း တိုးလာနိုင်ကြောင်း သတင်း များက ဖော်ပြသည်။

အင်အား အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ပြီးနောက် အင်အားရစ်ချ် တာစကေး ၄ မှ ၅ အထိရှိသည့် အင်အားအသင့်အတင့်ရှိသည့်ငလျင် ၁၃ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း နီပေါနိုင်ငံအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ခတ္တမန္ဒုမြို့ပေါ်မှ ပြည်သူများသည် နေစရာနှင့် စားစရာ၊ သောက်သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တောင်များပြိုကျခြင်း၊ မြေပြိုခြင်း၊ လမ်းများ အက်ကွဲခြင်းတို့ကြောင့် ငလျင်ဒဏ်ခံရသည့်ကျေးလက်ဒေသများသို့ သွားလာရန် ခက်ခဲလျက်ရှိရာ အဆိုပါဒေသများသို့ ကယ်ဆယ်ရေးအကူအညီပေးရေး အဖွဲ့များသည် ရဟတ်ယာဉ်များဖြင့်သာ သွားရောက်နေရသဖြင့် အကူအညီများရောက်ရှိရန် နှောင့်နှေးနေရကြောင်း သိရသည်။

ထို့ပြင်ငလျင်လှုပ်ခတ်ပြီးနောက် မိုးများ ဆက်တိုက်ရွာသွန်းလျက်ရှိသည့်အပြင် လေတိုက်နှုန်းမှာလည်း ပြင်းထန်လျက်ရှိသဖြင့် ရဟတ်ယာဉ်များ ဆင်းသက်ရန်မှာလည်း ခက်ခဲလျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးရသည်ဟု ဆိုကာ ခတ္တမန္ဒုမြို့သူ မြို့သားများက နီပေါအစိုးရနုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ပြိုကျပျက်စီးနေသည့် အဆောက်အအုံပျက်များအောက်တွင် ပိတ်မိနေသူများအား ကယ်ဆယ်ရေးတပ်ဖွဲ့များက သမားရိုးကျနည်းလမ်းများဖြင့်သာ ကယ်ဆယ်နေကြရကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

Domestic Sport News
Vol: 15, No.16 Monday May 4 2015



## ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာပရိသတ်များ လက်မှတ်ရရှိရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ က စင်ကာပူနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအား တိုက်တွန်း

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် ၂၀၁၈ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (28th South East Asia Game) ၏ ဘောလုံးပြိုင်ပွဲများတွင် မြန်မာအသင်းပွဲစဉ်များအား ကြည့်ရှုအားပေးမည့်မြန်မာ့ဘောလုံးချစ်ပရိသတ်များ လက်မှတ်ဝယ်ယူနိုင်ရေးအတွက်စီစဉ်ထားရန် စင်ကာပူနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် စင်ကာပူနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Azinudin Nordin နှင့်တွေ့ဆုံ၍ မြန်မာပရိသတ်များ လက်မှတ်ဝယ်ယူရရှိနိုင်ရေးနှင့် မြန်မာအသင်း ဆောလျင်စွာ လာရောက်လေ့ကျင့်နိုင်ရေးအတွက် တည်းခိုနေထိုင်ရန်နှင့် လေ့ကျင့်ရေးကွင်းများကူညီပေးရန်လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်စင်ကာပူအသင်းနှင့် အုပ်စု (က)တွင် တစ်အုပ်စုတည်းကျရောက်နေသဖြင့် စင်ကာပူရှိ မြန်မာပရိသတ်များ အထူးစိတ်ဝင်စားမည့်ပွဲတစ်ပွဲဖြစ်သည်။

## ပဏာမ မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်း ဆားဘီးယားနိုင်ငံသို့ ဆီးဂိမ်းစ်အကြို သွားရောက်လေ့ကျင့်မည်



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်(SEA Games) ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းသည် ပွဲကြိုပြင်ဆင်လေ့ကျင့်မှုအဖြစ် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့သို့ သွားရောက်လေ့ကျင့်ခြေစမ်းကစားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၂၃အသင်းသည် မေ ၄ ရက်မှ ၁၉ ရက်အထိ ဘဲလ်ဂရိတ်မြို့ရှိ ဆားဘီးယား ဘောလုံးအဖွဲ့ချုပ်ရှိ ဘောလုံးစင်တာတွင် နေထိုင်လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ ယူ-၂၃ အသင်း ဥရောပတွင် လေ့ကျင့်ရေးအတွက် ဆားဘီးယားဘောလုံးအဖွဲ့ချုပ်ထံ ဧပြီလ ၂၃ ရက်နေ့က ဆက်သွယ်ညှိနှိုင်းခဲ့ခြင်းဖြစ်ပြီး ဆားဘီးယားဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း ၎င်းတို့၏ သက်တမ်းအလိုက်လက်ရွေးစင်အသင်းအချို့ (သို့မဟုတ်) ကလပ်အသင်းအချို့နှင့် ခြေစမ်းပွဲများကစားရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း မဆိုင်းမတွ ပြန်လည်အကြောင်းပြန်ကြားခဲ့သည်။

နည်းပြချုပ် ဦးကြည်လွင် ကိုင်တွယ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းအနေဖြင့် လာမည့် စင်ကာပူ ဆီးဂိမ်းစ်တွင် အိမ်ရှင်စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် အတူ အုပ်စု(က)တွင် ကျရောက်လျက်ရှိသည်။

မြန်မာယူ-၂၃အသင်းသည် ဆားဘီးယားခရီးစဉ်အပြီးတွင် ဗီယက်နမ် ယူ-၂၃ အသင်းနှင့် ဆက်လက်ခြေစမ်းရန် စီစဉ်လျက်ရှိပြီး အဆိုပါခြေစမ်းပွဲပြီးသည်နှင့် ပြိုင်ပွဲကျင်းပရာ စင်ကာပူနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

စုပေါင်းလေ့ကျင့်မှု အတန်အသင့်ရှိလာသည့်မြန်မာယူ-၂၃ အသင်းသည် ဧပြီလ ၂၄ရက်နေ့နံနက်ပိုင်းက မြန်မာ ယူ-၁၈အသင်းနှင့် ခြေစမ်းခဲ့ရာ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီးဂိမ်းစ်မစတင်မီ ကျစ်လျစ်တောင့်တင်းသော အသင်းကောင်းတစ်သင်းဖြစ်လာရန် ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လက်ရွေးစင်အသင်းများအား ဥရောပနှင့် အာရှနိုင်ငံကြီးများသို့ သွားရောက်လေ့ကျင့် ခြေစမ်းနိုင်ရေးအတွက် ခရီးသွားလာစရိတ်၊ တည်းခိုနေထိုင်လေ့ကျင့်စရိတ်များ ကျခံဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ ယူ-၂၀ အသင်းသည် ဂျာမနီ၊ ဆားဘီးယား၊ ဟန်ဂေရီ၊ စလိုဗေးနီးယား၊ ချက်ပြည်ထောင်စု၊ တူရကီ အစရှိသည့်နိုင်ငံများသို့လည်းကောင်း၊ မြန်မာ ယူ -၂၃ အသင်းသည် ဂျပန်နှင့် ထိုင်းနိုင်ငံတို့သို့လည်းကောင်း၊ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ထိုင်းနိုင်ငံသို့လည်းကောင်း သွားရောက်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

## ကမ္ဘာ့ဖလားခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအသင်း၏ပဏာမလူစာရင်းထုတ်ပြန် တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်

ရုရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ်၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို ယှဉ်ပြိုင်ကစားရမည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမ လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါ လူစာရင်းတွင် **(ဂိုး)**ဗန်လားဟရယ်(ဧရာဝတီ)၊ ရန်အောင်လင်း (ဟံသာဝတီ)၊ ထက်လင်းဦး (ကမ္ဘောဇ)၊ ဇော်ထက်လင်း (ဆောက်သမ်းမြန်မာ)၊ **(နောက်)**ဝင်းမင်းထွန်း၊ ဇော်လင်း(ကမ္ဘောဇ)၊ ဇော်ရဲထွန်း (ရတနာပုံ)၊ ဇော်လင်း၊ ခင်မောင်လွင်၊ ဇော်မင်းထွန်း(ရန်ကုန်)၊ အောင်ဇော် (ဟံသာဝတီ)၊ **(လယ်)**ဒေးဗစ်ဒန်း၊ ကြည်လင်း၊ ရန်အောင်ကျော်(ရန်ကုန်)၊ ဟိန်းဇာအောင်(မကွေး)၊ ပြည်မိုး (ရခိုင်)၊ ဆမ်လန်မန်(ချင်း)၊ ကျော်ဇေယျာဝင်း(ကမ္ဘောဇ)၊ မင်းမင်းသူ၊ နိုင်လင်းဦး(ဧရာဝတီ)၊**(ရှေ့)**စိုးမင်းနိုင် (မကွေး)၊ ကျော်ကိုကို(ရန်ကုန်)၊ နန္ဒလင်းကျော်ချစ်၊ ဇင်မင်းထွန်း(ရတနာပုံ) တို့ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ရွေးချယ်ထားသည့် ပဏာမ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်နိုင်ငံသို့ သွားရောက်၍ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ခြေစမ်းပွဲများကိုလည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိ ရသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် မေ ၁၅ ရက်မှ ၃၁ ရက်အထိ တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တွင် နေထိုင်၍ လေ့ကျင့်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

"မြန်မာ့လက်ရွေးစင် အသင်းအနေနဲ့ တရုတ်နိုင်ငံမှာ နေထိုင်လေ့ကျင့်စဉ်မှာ ခြေစမ်းပွဲ သုံးပွဲလောက်ကစားမှာပါ။ အဲဒီကနေ ကမ္ဘာ့ဖလားခြေစမ်းပွဲယှဉ်ပြိုင်ရမယ့် ထိုင်းနိုင်ငံကို တစ်ခါတည်းဆက်သွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါပဏာမရွေးချယ်ထားသည့် ကစားသမားအပြင် ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအပြီးတွင် ယူ-၂၀ နှင့် ယူ-၂၃ အသင်းမှကစားသမားအချို့ကို ထပ်မံခေါ်ယူကာ အားဖြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အာရှဇုန်အုပ်စု(ဆ)တွင် တောင်ကိုရီးယား၊ ကူဝိတ်၊ လက်ဘနွန်၊ လာအိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်း၏အိမ်ကွင်းအဖြစ် ထိုင်းနိုင်ငံ၊ဗန်ကောက်မြို့ကို အသုံးပြုမည်ဖြစ်သည်။



## အေအက်ဖ်စီဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ ရောဝတီအသင်းနိုင်ပွဲရပြီး အုပ်စုတက်ရေးသေချာ

အေအက်ဖ်စီဖလားပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ဧပြီလ ၂၉ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းသည် လာအိုကလပ် လာအိုတိုယိုတာအက်ဖ်စီအသင်းနှင့် အိမ်ကွင်းဖြစ်သည့် သုဝဏ္ဏဘောလုံးကွင်းတွင်လည်းကောင်း၊ ရတနာပုံအက်ဖ်စီအသင်းသည် မလေးရှားကလပ် ပါဟန်းအက်ဖ်စီအသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပွဲတွင် ရောဝတီယူနိုက်တက်အသင်းက လာအိုတိုယိုတာအက်ဖ်စီအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ အုပ်စုမှ တက်သွားခဲ့ပြီဖြစ်သည်။

ရောဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ဖွန်ဆီကာက (၈၊ ၈၅ မိနစ်)၊ Riste က(၆၉၊ ၇၉မိနစ်)တို့တွင် အသီးသီးသွင်းယူပေးခဲ့ပြီး လာအိုတိုယိုတာအက်ဖ်စီအသင်းအတွက် ချေပဂိုးများကို Phatthana က ၂၈ မိနစ်တွင်လည်းကောင်း၊ Maitee က ၄၁မိနစ်နှင့် Kazuo က ၇၄မိနစ်တို့တွင်သွင်းယူပေးခဲ့ကြသည်။

ရောဝတီယူနိုက်တက်အသင်းသည် လာအိုတိုယိုတာအက်ဖ်စီနှင့် အဝေးကွင်းတစ်ပွဲကစားရန် လိုနေသေးသည့်အချိန်တွင်ပင် အုပ်စုမှတက်ခဲ့ပြီဖြစ်သည်။ အဆိုပါလက်ကျန်တစ်ပွဲတွင် အနိုင်ရရှိခဲ့ပါက အုပ်စုပထမဖြင့် ၁၆ သင်းဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ရောဝတီအသင်း၏ လာအိုတိုယိုတာအက်ဖ်စီနှင့် အဝေးကွင်းပွဲစဉ်ကို မေလ ၁၃ ရက်နေ့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရောဝတီယူနိုက်တက် အသင်းမှတိုက်စစ်မှူး Riste Naumov သည် သွင်းဂိုး စုစုပေါင်း ၆ဂိုးဖြင့် ပါဟန်းအသင်းမှ Dickson Nwakeme နှင့်အတူ ဂိုးသွင်းအများဆုံးနေရာတွင် ရပ်တည်နေခဲ့ကြောင်း သိရသည်။

ရတနာပုံအသင်းမှာမူ ပါဟန်းအက်ဖ်စီအသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသဖြင့် နောက်ဆုံးလက်ကျန်တစ်ပွဲ ကစားရန်ကျန်ရှိသော်လည်း အုပ်စုမှ တက်မည့်အခွင့်အရေးကို လက်လွတ်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။




## နှုတ်ဆက်မာရသွန်ပြိုင်ပွဲ ရက်ကလစ်ဖ် ပါဝင်ဆင်နွှဲ တစ်သက်တာဂုဏ်ပြုဆုရ ပထမဆုံးအပြေးမယ်ဖြစ်လာ

ကမ္ဘာ့စံချိန်ရှင် ဗြိတိန်မာရသွန် အပြေးမယ် ပေါ်လာရက်ကလစ်ဖ်သည် ၂၀၁၅ လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီးနောက် စိတ်လှုပ်ရှားဖွယ် မာရသွန်အပြေးမယ်ဘဝကို အဆုံးသတ်လိုက် ပြီဖြစ်သည်။

အသက် ၄၁ နှစ်ရှိ ရက်ကလစ်ဖ်သည် ပြီးခဲ့သည့်ဧပြီ ၂၆ ရက်က ကျင်းပခဲ့သော လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ၂ နာရီ ၃၆ မိနစ် ၅၅ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ခြေထောက်၌ ဒဏ်ရာပြင်းထန်စွာရရှိပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသော ရက်ကလစ်ဖ်အတွက် သုံးနှစ်နီးပါးအတွင်း မာရသွန်ပြိုင်ပွဲတစ်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်ကုသမှုခံယူပြီးနောက် သူ့ကိုယ်သူ နောက်တစ်ကြိမ်ပြေးနိုင်တော့မည် မဟုတ်ဟု ထင်မှတ်ခဲ့သော ရက်ကလစ်ဖ်မှာ ယခုနှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ခန်းဆင်းစဉ် ဖနောင့်ကြောဒဏ်ရာ ထပ်မံရရှိခဲ့သေးသော်လည်း ပန်းဝင်သည်အထိ ယှဉ်ပြိုင်နိုင်ခဲ့သည်။ စတင်တာထွက်ကတည်းက ပရိသတ်များ၏ တစ်ခဲနက် အားပေးခြင်းခံရသော ရက်ကလစ်ဖ်မှာ ပြိုင်ပွဲလမ်းကြောင်းတစ်လျှောက်တွင်လည်း ပရိသတ်များ၏ အော်ဟစ်အားပေးခြင်းခံခဲ့ရသည်။ ပန်းအဝင်တွင် ထောင်ပေါင်းများစွာသော ပရိသတ်များက ရက်ကလစ်ဖ်ကို ကောင်းချီးပေးခဲ့ကြသည်။

အမျိုးသမီး ပြိုင်ပွဲဝင်များအနက် အဆင့်၁၉၉သာရရှိခဲ့သော်လည်း ရက်ကလစ်ဖ်က ရလဒ်မှာ အရေးမပါဘဲ နောက်ဆုံးနှုတ်ဆက်ပြိုင်ပွဲတွင် ပန်းဝင်အောင်ပြေးနိုင်ခဲ့သည့်အတွက် စိတ်လှုပ်ရှားမိသည်ဟုဆိုခဲ့သည်။ ရက်ကလစ်ဖ်မှာ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၅ လန်ဒန်မာရသွန်ပြိုင်ပွဲများတွင် ချန်ပီယံဖြစ်ခဲ့ပြီး၂၀၀၃ပြိုင်ပွဲတွင် တင်ခဲ့သည့် ၎င်း၏ကမ္ဘာ့စံချိန် ၂ နာရီ ၁၅ မိနစ်၂၅ စက္ကန့်မှာ ယခုအချိန်အထိ တည်မြဲနေဆဲဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ရက်ကလစ်ဖ်မှာ တစ်သက်တာဂုဏ်ပြုဆုကို ပထမဆုံး ချီးမြှင့်ခြင်းခံခဲ့ရသည်။ နာမည်ကျော် ဟောလိဝုဒ်မင်းသားကြီး ဂျော့ချ်ကလူနေးသည်လည်း အလောင်းအစားရှုံးခဲ့သဖြင့် ၂၀၁၆ လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ကလူနေးမှာ ၎င်း၏မိတ်ဆွေဖြစ်သူ မော်ဒယ်ခရစ္စတီတာလင်တန်ကို စံချိန် ၄ နာရီအောက် ပြေးနိုင်ခြင်း ရှိ၊ မရှိ အလောင်းအစားလုပ်ခဲ့ပြီး တာလင်တန်က ၃ နာရီ ၄၅ မိနစ်ဖြင့် ပန်းဝင်ခဲ့သဖြင့် ကတိအတိုင်း ၂၀၁၆ မာရသွန်ပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲရတော့မည်ဖြစ်သည်။

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပွဲစဉ်များအတွက် ဆုကြေးငွေများ တိုးမြှင့်လာ

အင်္ဂလန်နိုင်ငံတွင်ကျင်းပသည့် အကြီးကျယ်ဆုံးသော တင်းနစ်ပြိုင်ပွဲဖြစ်သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲအတွက် ဆုကြေးများ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ဝင်ဘယ် ဒန်တင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။



၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲများ၏ အမျိုးသားနှင့် အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များအတွက် ဆုကြေးများကို ပေါင်တစ်သိန်းနှစ်သောင်းတိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ တိုးမြှင့်ပေးလိုက်သည့်အတွက် ဝင်ဘယ်ဒန်ချန်ပီယံတစ်ဦးလျှင် ပေါင် ၁ ဒသမ ၈၈ သန်းရရှိလာမည်ဖြစ်သည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲများအတွက် စုစုပေါင်း ဆုချီးမြှင့်မှုများကို နှစ်စဉ်နှစ်တိုင်း ၇ ရာခိုင်နှုန်းစီ တိုးမြှင့်လေ့ရှိရာ ယခုနှစ်တွင်လည်း ယခင်နှစ်က ချီးမြှင့်ခဲ့သည့်ဆုကြေး၏ ၇ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ၂၀၁၅ တွင် ချီးမြှင့်မည့် စုစုပေါင်းဆုကြေးငွေ ပမာဏမှာ ပေါင် ၂၆ ဒသမ ၇၅သန်းရှိပြီး တစ်ဦးချင်းပွဲစဉ်တွင် ပေါင် ၁ဒသမ၈၈သန်း၊ နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပေါင် ၃၄၁၂၅၀၊ အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပေါင် ၁၀၀၈၀၀၊ နှစ်ယောက်တွဲ ဝှီးချဲလ်ပြိုင်ပွဲများတွင် ပေါင် ၁၅၃၆၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စုစုပေါင်းချီးမြှင့်ငွေပမာဏ မှာ ၂၀၁၁ ခုနှစ်ကနှင့်ယှဉ်လျှင် ၈၃ရာခိုင်နှုန်းတိုးမြှင့်လာခြင်းဖြစ်ပြီး တင်းနစ်ကစားသမားများအတွက် အမြင့်မားဆုံးသော ဆုကြေးများလည်းဖြစ်သည်ဟုဆိုသည်။

ဝင်ဘယ်ဒန်ချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲများကို ဇွန်လ ၂၉ ရက်နေ့တွင်စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇူလိုင်လ ၁၂ ရက်နေ့အထိ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## ဆုတံဆိပ်များခိုးယူခြင်းခံခဲ့ရသည့်အတွက် English National Championship ပြိုင်ပွဲမှ နီကိုလာအဒမ် နုတ်ထွက်

အိုလံပစ်ရွှေတံဆိပ်ဆုရှင် ဗြိတိသျှလက်ဝှေ့မယ် နီကိုလာ အဒမ်က ၎င်း၏ ရွှေတံဆိပ် ခိုးယူခြင်းခံခဲ့ရသည့်အတွက် ကျင်းပတော့မည့် English National Championship ပြိုင်ပွဲမှ နုတ်ထွက်လိုက်ကြောင်း ကြေညာခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက လိဒ်တွင်ရှိသည့် အဒမ်၏နေအိမ်တွင်းသို့ သူခိုးများက ဝင်ရောက်ပြီး နေအိမ်တွင်းရှိ ၎င်း၏အိုလံပစ်ရွှေတံဆိပ်ဆုများအပါအဝင် လေ့ကျင့်ခန်းသုံးပစ္စည်းများကိုပါ ခိုးယူသွားခဲ့သည်ဟုဆိုသည်။

သူခိုးများသည် နေအိမ်မှ ကားနှစ်စီးနှင့် အဖိုးတန်ပစ္စည်းများနှင့်တကွ အဒမ်၏ဆုတံဆိပ်များနှင့် လက်ဝှေ့လေ့ကျင့်ခန်းပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကိုပါ ခိုးယူသွားခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အဒမ်က "ကျွန်မ ဘာကိုမှ မလိုချင်ပါဘူး။ လက်ဝှေ့ထက် ကျွန်မကို ဂုဏ်တက်စေတာ ဘာမှမရှိပါဘူး။ အခုတော့ ကျွန်မရဲ့လက်ဝှေ့နဲ့ပတ်သက်တာတွေကိုပဲ ခိုးသွားတာဆိုတော့ ကျွန်မ အခုကျင်းပမယ့်ပြိုင်ပွဲကနေ နုတ်ထွက်လိုက်ပါတယ်"ဟု ဘီဘီစီသို့ ပြောကြားခဲ့သည်။

နီကိုလာအဒမ်သည် ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲ လက်ဝှေ့ပြိုင်ပွဲ၏ ၅၁ကီလိုပြိုင်ပွဲတွင် ပထမရွှေတံဆိပ် ရရှိခဲ့သည်။

## ရှစ်လအပိတ်ခံရသော်လည်း မေလ ၁ ရက်နေ့တွင်ပင် လီချောင်ဝေ ပြိုင်ပွဲများ ပြန်ယှဉ်ပြိုင်ခွင့်ရမည်

မလေးရှားမှ ကမ္ဘာ့အဆင့်တစ် ကြက်တောင်ကစားသမားဟောင်း လီချောင်ဝေသည် တားမြစ်ဆေး သုံးစွဲကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြိုင်ပွဲဝင်ခွင့်ရှစ်လ ပိတ်ပင်ခံခဲ့ရသော်လည်း လာမည့် မေလ ၁ ရက်နေ့တွင်ပင် ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သည်။

အသက် ၃၂ နှစ်ရှိ လီချောင်ဝေသည် ရောင်ရမ်းနာကျင်မှုလျော့ကျစေသည့် ဆေးတစ်မျိုးသုံးစွဲခဲ့မှုကြောင့် ရှစ်လ အပိတ်ခံခဲ့ရခြင်းဖြစ်သည်။

၎င်းကို ကမ္ဘာ့ကြက်တောင်ရိုက်အဖွဲ့ချုပ်(BWF) က နိုဝင်ဘာလကတည်းက ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ယခုအချိန်ကျမှ ပြစ်ဒဏ်ကာလရှစ်လဟု အပြီးသတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပြစ်ဒဏ်ကာလကို နိုဝင်ဘာမှစ၍ ထည့်တွက်သဖြင့် မေလ ၁ ရက်နေ့တွင် အဆုံးသတ်ကာ ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ရည်ရွယ်ချက်ရှိရှိ သုံးစွဲခြင်းမဟုတ်သဖြင့် BWF အနေဖြင့်နှစ်နှစ်ပိတ်ပင်ခြင်းမရှိဘဲ ရှစ်လသာလျှော့ပေါ့ချမှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ကမ္ဘာ့ချန်ပီယံရှစ်တွင် လီချောင်ဝေဆွတ်ခူးခဲ့သော ငွေတံဆိပ်ကိုလည်း ရုပ်သိမ်းခဲ့သည်။

## လိမ်လည်မှုစွပ်စွဲချက်ဖြင့် ဒူဘိုင်းလေဆိပ်တွင် ဒေးဗစ်ဟေး အဖမ်းခံရပြီး ပတ်စ်ပို့သိမ်းခံရ

ဗြိတိန်ဟဲဗီးဝိတ်လက်ဝှေ့သမား ဒေးဗစ်ဟေးသည် ဘဏ်မှပြန်လည်ပေးပို့လာသည့် ချက်လက်မှတ်နှင့်ပတ်သက်၍ လိမ်လည်ခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် ဒူဘိုင်းလေဆိပ်တွင် ခေတ္တဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။

ဒေးဗစ်ဟေးသည်ယခုလ အစောပိုင်းက အားလပ်ရက်အပန်းဖြေခရီးထွက်ရန် ဒူဘိုင်းသို့ရောက်အလာ လေဆိပ်တွင်ပင် ဖမ်းဆီးခံခဲ့ရပြီး ရဲစခန်းသို့ ခေါ်ဆောင်ခံခဲ့ရသည်။ ထိုနေ့တွင်ပင် ၎င်းကိုပြန်လွှတ်ပေးခဲ့သော်လည်း ၎င်း၏ ပတ်စ်ပို့စ်ကို သိမ်းထားသဖြင့် ဒူဘိုင်းမှ မထွက်နိုင်ဖြစ်ကာ ဘာမင်ဂမ်၌ကျင်းပမည့် MMA ပြိုင်ပွဲတစ်ပွဲကို လွဲချော်ခဲ့ရသည်။

ဒေးဗစ်ဟေးသည် ဒူဘိုင်းအစိုးရမှ တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်သော အိမ်ရာစီမံကိန်းတစ်ခုတွင် အခန်းဝယ်ရာ၌ ချက်လက်မှတ်ဖြင့် ပေးချေခဲ့သည်။ နောက်ဆုံးအသုတ်အတွက် ပေါင် ၃၄၁,၀၀၀ ပေးချေရာတွင် ဘဏ်၌ ငွေလက်ကျန်မရှိတော့သဖြင့် Bounced Cheque အဖြစ်သတ်မှတ်ခံခဲ့ရသည်။



ထို့ကြောင့် ဒူဘိုင်းရဲတပ်ဖွဲ့က ငွေလက်ကျန် မရှိဘဲနှင့် ချက်လက်မှတ်ဖြင့် ပေးချေသည်ဟုဆိုကာ ဒေးဗစ်ဟေးကို ဖမ်းဝရမ်းထုတ်ခဲ့ပြီး လေဆိပ်သို့အရောက်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအမှားကြောင့်ဟု သက်သေပြနိုင်သဖြင့် ပြန်လွှတ်ပေးခဲ့သည်။

## လက်မှတ်ဈေးနှုန်းတိုးမြှင့်မှုကြောင့် လီဗာပူးပရိသတ်များ ဆန္ဒပြ

လီဗာပူးပရိသတ်များသည် ဟူးလ်စီးတီး၏အိမ်ကွင်းတွင် သွားရောက်ကြည့်ရှုရမည့် အဝေးကွင်းပွဲစဉ်အတွက် လက်မှတ်ခဈေးနှုန်းများမြင့်တက်မှုကြောင့် ဟူးလ်စီးတီးမှတာဝန်ရှိသူများအား လက်မှတ်ခနှုန်းထားများ လျှော့ချပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြောင်း သိရသည်။ ကလပ်အသင်းမှ တာဝန်ရှိသူများသည် အလွန်လောဘကြီးသောသူများဖြစ်သည်ဆိုသည့် စာတမ်းများအားကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်ဟု ဆိုသည်။ ဟူးလ်စီးတီးအသင်းသည် ၎င်း၏အိမ်ကွင်းပွဲစဉ်များတွင် လာရောက်အားပေးသည့်ပရိသတ်များအတွက် လက်မှတ်တစ်စောင်လျှင် ပေါင် ၅၀ သတ်မှတ်ခဲ့သည်။ ထို့ပြင် ကလေးလက်မှတ်တစ်စောင်လျှင် ၁၀ ပေါင်သတ်မှတ်ခဲ့သည့်အတွက် ယခုကဲ့သို့ ဆန္ဒပြရခြင်းဖြစ်သည်ဟု ဆိုသည်။

"ဟူးလ်စီးတီးအသင်းဟာ အလွန်ကို လောဘကြီးတဲ့ အသင်းတစ်သင်းပါ။ ပရိသတ်တွေဆီက ဘယ်လိုမျိုး ရယူရမလဲဆိုတာကိုပဲ ကြည့်တဲ့အသင်းတစ်သင်းပါ" ဟု ပရိသတ်တစ်ဦးက ဘီဘီစီသို့ ပြောကြားခဲ့သည်။ အာဆင်နယ်အသင်း၏ လက်မှတ်ခ ဈေးနှုန်းများမှာ ၆၄ပေါင်ရှိပြီး ဝက်စ်ဘရွန်း ဝစ်ချ်အသင်း၏ လက်မှတ်ခမှာ ၃၉ပေါင်ရှိသည်။

Vol: 15, No.16 Monday May 4 2015

# ကောင်းမွန်ပြည့်စုံမှုမရှိတဲ့ ယှဉ်ပြိုင်မှုဈေးကွက် (Imperfect Competition)

|ဒေါက်တာစပယ်ကြည်မောင် (ယှဉ်ပြိုင်မှု)|



**ယခင်တစ်ပတ်မှ အဆက်**

အိုလီဂိုပိုလီဈေးကွက်မှာ စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ငန်းစုတစ်ခုတည်းကသာ ဈေးကွက်ကို ချုပ်ကိုင်ခြင်းဖြစ်ပြီး ဂျူအိုပိုလီဈေးကွက်မှာ စီးပွားရေးလုပ်ငန်းနှစ်ခု သို့မဟုတ် လုပ်ငန်းစုနှစ်ခုမှ ချုပ်ကိုင်တာ ဖြစ်ပါတယ်။ ဈေးကွက်အတွင်းတွင် လုပ်ငန်းကြီးနှစ်ခုကသာ ဈေးကွက်လွှမ်းမိုးချုပ်ကိုင်မှု ပြုနေမယ်။ ထိုလုပ်ငန်းကြီးနှစ်ခုမှ ညှိနှိုင်းတိုင်ပင်ပြီး ၎င်းတို့ထဲမှ တစ်ခုက ကုန်ပစ္စည်းအားဈေးနှုန်းတစ်ခု သတ်မှတ်လိုက်ပြီး နောက်လုပ်ငန်း တစ်ခုမှလည်း ထိုဈေးနှုန်းအတိုင်းလိုက်ပြီး လျှော့ဈေးနဲ့ ရောင်းချခြင်းဖြင့် ဈေးကွက်လွှမ်းမိုးမှုများကို ပြုလုပ်လာကြပါတယ်။ ဒီအခါ အခြားလုပ်ငန်းများမှ ၎င်းတို့ရဲ့ ဈေးနှုန်းအတိုင်း အပြိုင်ရောင်းချမှု မပြုနိုင်တော့ဘဲ ၎င်းတို့နဲ့ ပူးပေါင်းဆောင်ရွက်ရန်အတွက် တွန်းအားများပေးကာ ကန့်သတ်ချက်များကိုလည်း ၎င်းတို့ရဲ့ စိတ်တိုင်းကျ သတ်မှတ်ကြပြီး နောက်ဆုံးတွင် သာမန်ထက် ပိုမိုမြင့်မားသည့် အကျိုးအမြတ်ကို ရရှိနိုင်ရန် ၎င်းတို့ ချုပ်ကိုင်ထားနိုင်သည့် ဈေးကွက် တစ်ခုကို ဖြစ်ပေါ်အောင် ဖန်တီးလာကြပါလိမ့်မယ်။ ဒီလို ဈေးကွက်အခြေအနေကို ဂျူအိုပိုလီဈေးကွက် (Duopoly) ဖြစ်ပေါ်နေသည်ဟု ဆိုနိုင်ပေသည်။

တတိယအမျိုးအစားတစ်ခုမှာ ရောင်းချသူတစ်ဦးတည်းက လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသောဈေးကွက် (Monopoly) ပဲဖြစ်ပါတယ်။ ၎င်းဈေးကွက်ကို မိုနိုပိုလီဈေးကွက်ဟုလည်း သိရှိကြပါတယ်။ ဒါကတော့ ယှဉ်ပြိုင်မှုဈေးကွက်နယ်ပယ်မှာတော့ အဆိုးဝါးဆုံးဈေးကွက်ပုံစံပဲ ဖြစ်ပါတယ်။

ထိုကဲ့သို့ မိုနိုပိုလီဈေးကွက် ဖြစ်ပေါ်နေကြောင်း သိရှိနိုင်ရန်မှာ -

(၁) ဈေးကွက်ထဲမှာ ကုန်ပစ္စည်း အမျိုးအစားတစ်ခုတည်းနဲ့ပတ်သက်ပြီး ရောင်းချသူတစ်ဦးတည်း ရှိမယ်။ ဒါကြောင့်မို့ သူနဲ့ယှဉ်ပြိုင်ရောင်းချမယ့်သူ တစ်ဦးတစ်ယောက်မှ ဈေးကွက်ထဲမှာရှိမနေဘူး။

(၂) ဝယ်ယူသူတွေ၊ စားသုံးသူတွေက အရမ်းများနေမယ်။

(၃) အဲဒီဈေးကွက်ထဲကိုလည်း အခြားရောင်းချသူတွေ၊ ထုတ်လုပ်သူတွေ ဝင်ရောက် လုပ်ကိုင်ဖို့ဆိုတာ မဖြစ်နိုင်လောက်ကို ခက်ခဲနေမယ်။

**စားသုံးသူ၏ ရွေးချယ်ဝယ်ယူပိုင်ခွင့်ဆိုတဲ့ အခြေခံအကျဆုံး အခွင့်အရေးကို ချိုးဖောက်ခံခဲ့ရမယ်ဆိုရင်တော့ နောက်ထပ်ဖြစ်ပေါ် ရရှိလာမယ့် စားသုံးသူများရဲ့ အခွင့်အရေးအားလုံးကို ဆက်လက် ချိုးဖောက်ခံရတော့မှာ အမှန်ပင်။**

(၄) ထုတ်လုပ်ရောင်းချသူတွေကလည်း ဒီလိုရောင်းချခြင်းမှ အကျိုးအမြတ်တွေ ပုံမှန်ထက် ပိုမိုရရှိနေမယ်။

(၅) အဲဒီကုန်ပစ္စည်းနဲ့ပတ်သက်တဲ့ ဈေးနှုန်းတွေကိုလည်း ထိုရောင်းချသူကပဲ လိုသလို ထိန်းချုပ်နေမယ်။

(၆) စားသုံးသူတွေဟာလည်း ထိုကုန်ပစ္စည်းနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကိုလည်း ပြည့်ပြည့်စုံစုံ မရရှိဘူး။

(၇) ဒ့ါအပြင် ထိုကုန်ပစ္စည်းကို မသုံးနိုင်သော အခြေအနေမျိုးတွင် ၎င်းရဲ့နေရာမှာ အစားထိုးအသုံးပြုနိုင်တဲ့ အခြားကုန်ပစ္စည်းလည်း မရရှိနိုင်ဘူး။

ဒီလိုအချက်များဖြစ်ပေါ်နေရင်တော့ အဲဒီဈေးကွက်ကို မိုနိုပိုလီဈေးကွက် (Monopoly) လို့ခေါ် ဆိုနိုင်ပါပြီ။

ဒီလို ဈေးကွက်မျိုးမှာ ရောင်းချသူကဒီကုန်ပစ္စည်းအား ဈေးကွက်အတွင်း မိမိကြိုက်သလို ချုပ်ကိုင်ရောင်းချနေတာကြောင့် စားသုံးသူများရဲ့ အခြေခံအကျဆုံးနဲ့ အရေးအပါဆုံး အခွင့်အရေးဖြစ်တဲ့ ရွေးချယ်ပိုင်ခွင့် (Right to choose) ဆိုတဲ့ စားသုံးသူ တစ်ယောက်ရဲ့အခွင့်အရေးကို ဆိုးဆိုးရွားရွား ချိုးဖောက်လိုက်ခြင်းပင် ဖြစ်ပါတော့တယ်။ ထို စားသုံးသူ၏ ရွေးချယ်ဝယ်ယူပိုင်ခွင့်ဆိုတဲ့ အခြေခံအကျဆုံး အခွင့်အရေးကို ချိုးဖောက်ခံခဲ့ရမယ်ဆိုရင်တော့ နောက်ထပ်ဖြစ်ပေါ် ရရှိလာမယ့် စားသုံးသူများရဲ့ အခွင့်အရေးအားလုံးကို ဆက်လက် ချိုးဖောက်ခံရတော့မှာ အမှန်ပင်။ ဒါကြောင့် ဒီလိုဈေးကွက် အခြေအနေဖြစ်ပေါ်နေပါက နိုင်ငံအတွင်းရှိ စားသုံးသူများနဲ့ စီးပွားရေး အခြေအနေများကို အဆိုးရွားဆုံး ထိခိုက်လာနိုင်တဲ့အခြေအနေကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

နောက်ဆုံးအမျိုးအစားကတော့ ဈေးကွက်ထဲမှာ ရောင်းချထုတ်လုပ်သူ အများအပြားရှိနေပြီး ဝယ်ယူသူကတော့ တစ်ယောက်တည်းရှိနေတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ အဲဒီဈေးကွက်ကို ဝယ်သူတစ်ဦးတည်းရှိသော ဈေးကွက် (Monopsony-မိုနိုစပိုနီ) လို့ခေါ်ပါတယ်။ ဈေးကွက်ထဲမှာ ရောင်းချသူတွေက အများကြီးဖြစ်နေတဲ့အတွက်ကြောင့် ရောင်းလိုအားမြင့်တက်နေမယ်။ ဒါပေမယ့် ဝယ်ယူသူကတော့ တစ်ယောက်တည်းသာ ရှိနေတဲ့အတွက်ကြောင့် ဝယ်လိုအားနည်းနေမယ်။ ဒီအခါမျိုးမှာဆိုရင်လည်း ဝယ်ယူသူက ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်တို့ကို သူ့စိတ်တိုင်းကျ ထိန်းချုပ်ထားမယ်။ ဒါဆိုရင်လည်း ဈေးကွက်က ကောင်းမွန်ပြည့်စုံပြီး မျှတတဲ့ဈေးကွက်ဖြစ်လာမှာ မဟုတ်ပါဘူး။ တစ်ဖက်စောင်းနင်းဖြစ်နေတဲ့ ဈေးကွက်မျိုးပဲ ဖြစ်နေမှာ ဖြစ်တဲ့အတွက် မှန်ကန်ကောင်းမွန်မှာ မဟုတ်ပါဘူး။

ဒီအမျိုးအစားထဲက နောက်ထပ်ပုံစံတစ်ခုကတော့ အိုလီဂိုစပိုနီ လို့ခေါ်တဲ့ ဝယ်သူအနည်း ငယ်သာရှိတဲ့ ဈေးကွက် (Oligopsony) ပဲ ဖြစ်ပါတယ်။ ဒီအခြေအနေမှာဆိုရင်တော့ ဝယ်ယူသူ ဟာ တစ်ဦးတည်းမဟုတ်သော်လည်း အလွန်နည်းတဲ့ အရေအတွက်သာရှိတဲ့အတွက် ဒါဟာလည်း ကောင်းမွန်မှန်ကန်တဲ့ ဈေးကွက် အဆင့်ကို ရောက်ရှိလာမှာ မဟုတ်ပါဘူး။

အထက်တွင် တင်ပြထားသည့်အချက်များအနက်ဈေးကွက်တစ်ခုအား မည်သို့သောဈေးကွက် ဖြစ်ပေါ်နေသလဲ၊ ဖြစ်ပေါ်နေသော ဈေးကွက်သည် စီးပွားရေးလုပ်ငန်းများကိုသော်လည်းကောင်း၊ စားသုံးသူကိုသော်လည်းကောင်း ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှု ရှိ/မရှိ ဆိုသည်ကို သိရှိ ဆုံးဖြတ်နိုင်စေရန်အတွက် အကျဉ်းမျှတင်ပြခြင်းဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုအခြေအနေများ ဖြစ်ပေါ်လာနိုင်စေရန်၊ ပိုမိုကောင်းမွန်တဲ့ စီးပွားရေး၊ ကုန်သွယ်ရေးမူဝါဒများ ချမှတ်ကျင့်သုံးနိုင်စေရန်၊ ကန့်သတ်ထိန်းချုပ်ရာရောက်တဲ့ ကုန်သွယ်ရေးကျင့်ထုံးများအား ပပျောက်စေရန်၊ ဈေးကွက်အတွင်း ဝင်ရောက် လာမှုနှင့် ထွက်ခွာမှုတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်အောင် အားပေး ထောက်ပံ့ပေးရန်နှင့် ဈေးကွက် အင်အားစုများအပေါ်၌ အားထားမှု ပိုမိုဖြစ်ပေါ်လာစေရန် စသည်တို့အတွက် ယှဉ်ပြိုင်မှုဥပဒေနဲ့ မူဝါဒများသည် မရှိမဖြစ် လိုအပ်လာပါတယ်။

အာဆီယံစီးပွားရေးအသိုက်အဝန်း စီမံချက်အရ "အာဆီယံဒေသတစ်ခုလုံးအား စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု တွင် သာတူညီမျှရှိပြီး ဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းကာ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်တစ်ခုတည်းကိုသာ အခြေခံသည့် ဒေသတစ်ခုအဖြစ် အသွင်ကူးပြောင်းနိုင်ရေးနှင့် ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းတွင် အပြည့်အဝ ဝင်ဆံ့သွားနိုင်ရေးတို့အတွက် ဆောင်ရွက်သွား ကြရမည်" ဟု ထည့်သွင်းပြဋ္ဌာန်းထားတဲ့အတွက် နိုင်ငံတွင်းမှာ ဦးစွာ ယှဉ်ပြိုင်မှုဥပဒေနဲ့ မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ယှဉ်ပြိုင်မှုဥပဒေကို ရေးဆွဲခဲ့ပြီး၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၉) ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါသည်။

သို့ဖြစ်ပါသောကြောင့် ထိရောက်၍ တရားမျှတမှုရှိသော ယှဉ်ပြိုင်မှု ဥပဒေပြဋ္ဌာန်း အကောင်အထည် ဖော်နိုင်ခြင်းအားဖြင့် အထက်ဖော်ပြပါ ကောင်းမွန်စစ်မှန်မှုမရှိသော ယှဉ်ပြိုင်မှုဈေးကွက်ကို ထိန်းချုပ်ကိုင်တွယ် လာနိုင်မည်ဖြစ်ပြီး၊ စီးပွားရေးအရ ထိရောက်အကျိုးများမှု၊ စီးပွားရေးကြီးထွားဖွံ့ဖြိုးလာမှုနှင့် စားသုံးသူများရဲ့ ကောင်းကျိုးများကို အပြည့်အဝရရှိနိုင်မှုစသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းပေါ်ပေါက်လာမည်မှာ မလွဲကေန် ဖြစ်ပါကြောင်း လေ့လာအကြံပြုလိုက်ရပါတယ်။

■

# Trade Facilitation & Trade Promotion

## ကျေးလက်ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညောင်ရွှေမြို့နယ် မန်းတောင်ကျေးရွာမှာ ဝါးလက်မှုအနုထည်သင်တန်း ဖွင့်လှစ်

ရှမ်းပြည်နယ်အစိုးရ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အရ ရှမ်းပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရဲ့ စီစဉ် ဆောင်ရွက်မှုဖြင့် ရှမ်းပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အင်းလေးဒေသအခြေစိုက်ဒေသတိုးတက်မှု မြှင့်မားရေးပေါင်းစပ်ဖော်ဆောင်မှုကုမ္ပဏီလီမိတက် (IRDP) တို့ပူးပေါင်း၍ ဝါးလက်မှုအနုထည်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက်ကရှမ်းပြည်နယ်တောင်ပိုင်းညောင်ရွှေမြို့နယ် မန်းတောင်ကျေးရွာရှိ(IRDP) ကုမ္ပဏီရုံးခန်းမှာ ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်းနှင့် ရှမ်းပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများ၊ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ပညာရှင်သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြပါတယ်။ သင်တန်းဖွင့်ပွဲ အခမ်းအနားမှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်းနှင့် ရှမ်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ညွန့်တို့ကအသီးသီး အဖွင့်အမှာစကား ပြောကြားရာမှာ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အရ နည်းပညာပေးရေး၊ ငွေကြေးအကူအညီရရှိရေး၊ ဈေးကွက်ရရှိရေးတို့ကို ဖော်ဆောင်ပေးနေသကဲ့သို့ သင်တန်းသား သင်တန်းသူများမှလည်း သင်တန်းပြီးမြောက်ပါက ဒေသတွင်းကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် ဝါးလက်မှုထည် လုပ်ငန်းကို အသင်းအဖွဲ့၊ အစုအဖွဲ့ ဖွဲ့စည်းပြီးတစိုက် မတ်မတ်လုပ်ကိုင်သွားကြစေလိုကြောင်းနဲ့ အင်းလေးဒေသတွင်လူနှင့်ပစ္စည်း အရင်းအမြစ်များစွာရှိနေပြီး ယခုနည်းပညာများလည်း ရရှိကြပြီးဖြစ်သဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားအောင်/ဆွဲဆောင်နိုင်အောင် မြန်မာ့လက်မှု ကမ္ဘာကသိအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။ အဆိုပါ ဝါးလက်မှု အနုထည်လုပ်ငန်းကို အင်းလေးဒေသရှိ IRDP ကုမ္ပဏီလီမိတက်မှငွေကြေးကျခံပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းမှ ပညာရှင်နှင့် သင်ကြားပို့ချမှာ ဖြစ်ကြောင်းနှင့် သင်တန်းသို့မိဘမဲ့ဂေဟာကျောင်းများ၊ မသန်စွမ်းသူများ၊ လူငယ်များနှင့် အမျိုးသမီးများ ဝင်ငွေနည်း ဝန်ထမ်းများ၏ သားသမီးများအားမိသားစုဝင်ငွေတိုးတက်စေရန်ရည်ရွယ်၍ အခမဲ့ဖွင့်လှစ် ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသား/သင်တန်းသူ ၃၀ ဦးတက်ရောက်ကြောင်းနှင့်သင်တန်းကာလမှာ ၁၅ ရက်ဖြစ်ကြောင်း သိရပါတယ်။ **မင်းအောင်-တောင်ကြီး**

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရေးနှင့် ဈေးကွက်ဖော်ဆောင်ရေးဆွေးနွေး

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ ကုန်သွယ်မှုလုပ်ငန်းများမြှင့်တင်ရေး၊ ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် ရတနာပုံ စူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်း အဝေးခန်းမတွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်သန်း က အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းက ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရေး ဈေးကွက်ဖော်ဆောင်ရေးကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာမောင်မောင်က ကူမင်းကုန်စည်ပြပွဲတွင်အသင်းဝင်များ ပါဝင်ပြသနိုင်ရေးကိုလည်းကောင်း ဆွေးနွေး သည်။

ထို့နောက် နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ အသင်းသားဆိုင်ရာ လုပ်ငန်းကော်မတီ၊ စီးပွားရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လုပ်ငန်း ကော်မတီ၊ ကုန်သွယ်မှုမြှင့်တင်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာလုပ်ငန်းကော်မတီတို့မှကဏ္ဍအလိုက်တင်ပြရာ အကြံပြု ဖြည့်စွက်ဆွေးနွေးပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မကွေးမြို့တွင် BLACK QUEEN စပျစ်သီးမျိုး စိုက်ပျိုးအောင်မြင်

မကွေးမြို့ဘူတာရပ်ကွက်တွင် စပျစ်စိုက်ပျိုးရေးပညာရှင်တစ်ဦးက ၁၀၀ပေ×၄၀ပေမြေကွက်တွင်BLACK QUEEN စပျစ်မျိုးများစိုက်ပျိုးအောင်မြင်လျက်လူကြိုက်များကြောင်းသိရသည်။

"စပျစ်စိုက်တာသုံးနှစ်ရှိသွားပြီ၊ လေးကြိမ်ခူးရောင်းပြီးပြီတစ်ခါခူးရင် ၁၀ သိန်းကျော်ရတယ်။ စပျစ်အပင် ၈၀ ရှိတယ် BLACK QUEEN မျိုးပါ လာမယ့်၊ နယုန်လဆိုရင်ဆွတ်ပြီးရောင်းနိုင်ပြီ၊ ဒီမျိုးကပူအိုက်စွတ်စိုမှုကိုကြိုက်တယ်၊ နှင်းကျတဲ့အချိန်မှာလည်းဖြစ်တယ်၊အပူချိန်များတဲ့ဒေသတွေမှာလည်းဖြစ်တယ်၊မိုးများတဲ့နေရာမှာလည်းဖြစ်တယ်၊ ကိုင်တွယ်တဲ့နည်းစနစ်ပေါ်မှာ မူတည်တယ်၊ ဒီမျိုးကသီးခိုင်းရင်သီးတဲ့ မျိုးဖြစ်တယ်၊ ကိုင်းဖြတ်လိုက်ရင်အသီး ပြန်ထွက်တယ်၊ အပင်အားပြည့်တဲ့အပေါ် မှာမူတည်ပြီးရာသီမရွေး အသီး သီးတယ်၊ အရည်အသွေးမီတဲ့အသီးကိုအရင်ဆွတ်တယ်၊ သူကအုပ်လို့ရတဲ့မျိုးမဟုတ်ဘူး အပင်ပေါ် မှာမှည့်ပြီးချိုတဲ့မျိုး၊ သဘာဝပင်မှည့်၊ စပျစ်ဝိုင်လည်း ချက်လို့ရတယ်၊ ဒီစပျစ်ရဲ့သက်တမ်းက ၆၅ နှစ်အထိရှိတယ်၊ ဩဂဲနစ်သုံးမယ်ဆိုရင်နှစ် ၈၀ အထိတောင်သွားလိမ့်မယ်ထင်တယ်၊ ဓာတ်မြေဩဇာသုံးတယ်ဆိုရင်နှစ် ၃၀ လောက်ပဲခံမယ်၊ တချို့လည်း၂၅နှစ် လောက်နဲ့ပြတ်ကြတယ်။ လူတွေလိုဆို ရင်ရိုးတွင်းချဉ်ဆီခန်းခြောက်ပြီးအူခေါင်းတွေ ဖွာကုန်တာပေါ့ သစ်ပင်ရဲ့ကိုယ်ခံအား ကျဆင်းတဲ့သဘောပေါ့အရိုးမှုန့်၊ နွားချေးနဲ့ ကြက်ချေးတွေပက်ပေးတယ်၊ အင်းဆက်ပိုးကျရင် ဩဂဲနစ်ဆေးကိုသုံးတယ်၊ ရာသီဥတုနဲ့သဘာဝပေါ် မူတည်ပြီးသုံးရတယ်၊စပျစ်ပင်ရဲ့အခြေမှာမြက်ပင် လေးတွေရှိတယ်၊ အဲဒီအပင်လေးတွေ ညှိုးသွားပြီဆိုရင်ရေအပေးအယူလုပ်ရတယ်၊ စပျစ်သီးတွေမှည့်ပြီဆိုရင်ခြံအထိလာဝယ်ကြတယ်၊ တစ်ပိဿာ ၄၀၀၀ဈေးနဲ့ရောင်း ပေးတယ်၊ ဈေးကွက်ကိုမပို့နိုင်သေးဘူး ခြံထဲမှာတင် ကုန်သွားတာ" ဟု စပျစ်စိုက်ပျိုး သူဦးဇော်မင်းခိုင်ကပြောသည်။ ယခုအခါBLACK QUEEN စပျစ်မျိုး များကိုအောင်လံ၊ ပြည်၊ တောင်တွင်း၊ မင်းဘူး၊မင်းလှနှင့် ကျောက်ဆောင်စမ်းရွာ-ချောင်းဖျားရွာများတွင်စိုက်ပျိုးနေကြပြီး၊ ပျိုးပင်များမှာ ယူလိုပါက တစ်ပင် ၁၀၀၀ နှုန်းဖြင့် ဖုန်း- ၀၉၅၈၄၀၀၇၀၆ ကို ဆက်သွယ်နိုင်သည်။

"စပျစ်ကိုစိုက်ပျိုးသင့်တယ်၊ ရာသီဥတုကိုတစ်အားကြီးမှီခိုစရာမလိုဘူး ပထမ ဆုံးဒီခြံရဲ့ရင်းနှီးမြှုပ်နှံမှုက ၈ သိန်းလောက်ရှိတယ်ကျွန်တော်ကစပျစ်ပျိုးပင်လည်း ရောင်းတယ်၊ နည်းပညာလည်းပေးတယ်၊ အလုပ်လုပ်တဲ့လူတွေအတွက် အကျိုးရှိပါတယ်။ ကျွန်တော့်မှာ ဒီပညာကို ခေါင်းထဲထားရင်တန်ဖိုးမရှိဘူး ကိုယ်တတ်တဲ့ပညာ ဖြန့်ဖြူးပေးရင်အသုံးချ တတ်သူတွေအတွက်အကျိုးရှိသွားမယ်လို့ ခံယူတယ်"ဟု ၎င်းက ဆက်ပြောသည်။ **နေလင်းသူရိန်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.16 Monday May 4 2015

# ဒဗလျူတီအိုက ဆေးရှဲနိုင်ငံကို ၁၆၁ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် လက်ခံ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က ဆေးရှဲနိုင်ငံ(Seychelles)ကို ၁၆၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဧပြီ ၂၇ ရက်က ကြိုဆိုလက်ခံခဲ့တဲ့အတွက် အဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိရေး ဦးတည်ဆောင်ရွက်ခဲ့ရတဲ့ အနှစ်နှစ်ဆယ်ကြာစေ့စပ်ညှိနှိုင်းမှုများ အဆုံးသတ်သွားပြီဖြစ်ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

"ဆေးရှဲသမ္မတနိုင်ငံကို ဒဗလျူတီအိုရဲ့ ၁၆၁ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်"လို့ ဒဗလျူတီအိုရဲ့ ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုက ပြောပါတယ်။

"ဒီသတင်းက ဆေးရှဲစီးပွားရေးနဲ့ ဆေးရှဲပြည်သူတွေအတွက် ကောင်းသတင်းတစ်ခု ဖြစ်ပါတယ်။ ဒီဟာ အကျော့ဆွေးနွေးပွဲအတွက် ကျွန်တော်တို့တစ်တွေ နှစ်ဆတိုးပြီး ကြိုးပမ်းနေချိန်မှာ ဒဗလျူတီအိုရဲ့ အခန်းကဏ္ဍကို တိုးမြှင့်ပေးပြီးအဖွဲ့ကို ယုံကြည်မှုရှိတယ်ဆိုတဲ့ မဲတစ်မဲ တိုးလာတာလည်း ဖြစ်ပါတယ်" လို့အဇယ်ဗယ်ဒိုကပြောပါတယ်။

မတ် ၂၇ ရက်က တစ်လ အချိန်ပေးပြီး အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ဆုံးဖြတ်ခဲ့ပြီးနောက် ဆေးရှဲနိုင်ငံက ဧပြီ ၂၆ ရက်မှာ ဒဗလျူတီအိုရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင်ရပ်တည်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဆေးရှဲနိုင်ငံ အဖွဲ့ဝင်ခွင့်ရရှိရေး အခြေပြုစာချုပ်ဖြစ်တဲ့ "လက်ခံရေးစာချုပ်" ကို ဆေးရှဲသမ္မတဂျိမ်းမိုက်ကယ်ကမတ်လ ၂၅ ရက်မှာ လက်မှတ်ရေးထိုးပြီး ဆေးရှဲနိုင်ငံ ဗစ်တိုရီးယားမှာကျင်းပတဲ့ ဝန်ကြီးအဖွဲ့ပဏာမအစည်းအဝေးကအဖွဲ့ဝင်ဖြစ်ရေး စည်းကမ်းချက်တွေကို အတည်ပြုပေးခဲ့ပါတယ်။

ယခုလိုအဖွဲ့ဝင်ဖြစ်လာတာက စည်းမျဉ်းစည်းကမ်း အခြေပြုနိုင်ငံစုံကုန်သွယ်မှုစနစ်နဲ့ ကမ္ဘာ့စီးပွားရေးအတွင်းရှိ ဆေးရှဲနိုင်ငံကုန်သွယ်ရေးအရပေါင်းစည်းမှုအတွက် အဓိကလှမ်းလိုက်တဲ့ ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း ဆေးရှဲနိုင်ငံဘဏ္ဍာရေးနဲ့ ကုန်သွယ်ရေးဝန်ကြီးယွန်းပေါ်အဒမ်က ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




# (၂၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးဆွေးနွေးပွဲပြီးဆုံး

ကွာလာလမ်ပူမြို့မှာကျင်းပနေတဲ့ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ဧပြီ ၂၇ ရက်မှာပြီးဆုံးခဲ့ပါတယ်။

အစည်းအဝေးက ကြေညာချက်သုံးစောင်ထုတ်ပြန်ခဲ့ရာ ယခုနှစ်အကုန်မှာ ဒေသဆိုင်ရာ အသိုက်အဝန်းတစ်ခု တည်ဆောက်ရေးကို ရည်ရွယ်ပြီး ပြည်သူအခြေပြု၊ ပြည်သူဗဟိုပြု အာဆီယံ ထူထောင်ရေးဆိုင်ရာ ကွာလာလမ်ပူ ကြေညာချက်လည်း ပါဝင်ပါတယ်။

ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးရာမှာ အထောက်အကူဖြစ်စေမယ့် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှု-ယဉ်ကျေးမှုဆိုင်ရာရဲ့ မဏ္ဍိုင်များတည်ဆောက်ရေးဆိုင်ရာ အာဆီယံရဲ့ သီးခြား ကတိကဝတ်များကို ကြေညာချက်မှာ ဖော်ပြထားကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

အခြားကြေညာချက်နှစ်ခုမှာ မတူကွဲပြားမှုများကို ပေါင်းကူးပေးပြီး အငြင်းပွားမှုများကို ဖြေရှင်းပေးတဲ့ အာဆီယံရဲ့ အစွန်းနှစ်ပါးကိုရှောင်ရှားတဲ့အချက်တွေကိုဖော်ပြတဲ့ "Langkawi Declaration on the Global Movement of Moderates" ကြေညာချက်နဲ့ သဘာဝဘေး ဒဏ်နဲ့ ရာသီဥတုပြောင်းလဲမှုအန္တရာယ်တွေကို ရင်ဆိုင်ရေးအတွက် အာဆီယံ အသိုက်အဝန်းနဲ့ အာဆီယံပြည်သူတွေကို စုစည်းရေးဆိုင်ရာကြေညာစာတမ်းဖြစ်တဲ့ Declaration on Institionalising the Resilience of Asean and its Communities and People to Disasters and Climate Change တို့ ဖြစ်ပါတယ်။

"အသုံးဝင်ပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေကို ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့တယ်။ ပြည်သူဗဟိုပြု အာဆီယံဒေသ အကောင်အထည်ပေါ်လာအောင် အတူတကွကြိုးပမ်းဆောင်ရွက်ရာမှာ ကောင်းမွန်တဲ့လမ်းကြောင်းကို ဦးတည်ပေးနိုင်ခဲ့တယ်လို့ ကျွန်တော် တို့ယုံကြည်ပါတယ်" လို့ လန်ကာဝီ အင်တာနေရှင်နယ် ကွန်ဗင်းရှင်းစင်တာမှာ ကျင်းပတဲ့ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားမှာ မလေးရှားဝန်ကြီးချုပ် ဒါတွတ်ဆရီနာဂျစ်တွန်ရာဇတ်က ပြောပါတယ်။

ထိပ်သီးအစည်းအဝေးမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့တဲ့အတွက် ယခုနှစ်အကုန်မှာ အာဆီယံအသိုက်အဝန်းထူထောင်ရေး လုပ်ငန်းကို ခိုင်မာစွာတိုးတက်အောင် ဆောင်ရွက်နိုင်တာကို ရှင်းလင်းပြတ်သားစွာတွေ့ရကြောင်း သူကပြောပါတယ်။

## ဗီယက်နမ် ပြည်တွင်းစီးပွားရေးလုပ်ငန်းများက FTA အကြောင်း သိရှိသူနည်းပါး

ဗီယက်နမ်ပြည်တွင်းစီးပွားရေးလုပ်ငန်းအများစုက ပစိဖိတ်ဖြတ် သဘောတူစာချုပ် (TPP) နဲ့ ယခုနှစ်အကုန်မှာ လက်မှတ်ရေးထိုးတော့မယ့် အာရှစီးပွားရေးအသိုက်အဝန်း (အေအီးစီ) လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်တွေအကြောင်း ကောင်းကောင်းမသိကြဘူးလို့ ဗီအင်န်အက်စ်သတင်းမှာ ဖော်ပြပါတယ်။

ဒီလွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်တွေအကြောင်း ကောင်းကောင်းမွန်မွန် သိထားမယ်ဆိုရင် ကမ္ဘာ့အဆင့်နဲ့ ဒေသဆိုင်ရာအဆင့်မှာ စီးပွားရေးပေါင်းစည်းမှုတွေပြုလုပ်တဲ့အခါ ဗီယက်နမ်ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို အထောက်အကူရစေနိုင်မှာဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံက ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး (Trans Pacific Partnership-TPP) သဘောတူစာချုပ်မှာ ပါဝင်ဖို့အတွက် ဗီယက်နမ် နိုင်ငံက စေ့စပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်နေပါတယ်။ ဗီယက်နမ်ရှိ စီးပွားရေးလုပ်ငန်းတွေကို တွေ့ဆုံဆွေးနွေးတဲ့ အခါ ၃၀ ရာခိုင်နှုန်းက ဒီအကြောင်းကို ကောင်းကောင်းမသိတဲ့အကြောင်း ဗီယက်နမ်ကုန်သည်ကြီးများအသင်းရဲ့ ၂၀၁၅ ခုနှစ်အတွက် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်အညွှန်းကိန်း ယာယီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒီလိုစစ်တမ်းကောက်ယူခဲ့တဲ့အထဲမှာ ၃၁ ဒသမ ၅ ရာခိုင်နှုန်းက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေဖြစ်ပြီး ၂၉ ဒသမ ၈ ရာခိုင်နှုန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းတွေဖြစ်ကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း ဥပဒေရေးရာဌာနရဲ့ ဦးစီးမှူး ဒေါ်အန်းတူအန်ကပြောပါတယ်။

TPP နဲ့ အေအီးစီမှာပါဝင်ပြီး နောက်ရရှိတဲ့အကျိုးအမြတ်တွေခံစားနိုင်ဖို့အတွက် အစိုးရကကူညီထောက်ပံ့ မှုပေးမှာကိုသာ ဗီယက်နမ်ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေက မျှော်လင့်နေကြောင်းသူက ပြောပါတယ်။

TPP နဲ့ အေအီးစီအကြောင်း အချက်အလက် ကိုစီးပွားရေးလုပ်ငန်းတွေက မသိရှိကြတဲ့အတွက် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်က ရလာမယ့်ဂယက်တွေအတွက် လမ်းညွှန်မှုတွေ လုပ်ဆောင်ပေးဖို့ လိုအပ်လာပါတယ်။

## ဒိုဟာလုပ်ငန်းအစီအစဉ် စေ့စပ်ညှိနှိုင်းမှုလုပ်ငန်း တိုးတက်မှုအစီရင်ခံစာကို ဒဗလျူတီအိုအကြီးအကဲတင်ပြ

ဒိုဟာလုပ်ငန်းအစီအစဉ်ရဲ့ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်တွေက တိုးတက်မှုတွေ ရရှိနေပြီဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုရဲ့ မတ် ၂၇ ရက်က ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

ရှေ့ဆက်ရမယ့်ခရီးလမ်းက ရှည်လျားပြီး တချို့ကိစ္စရပ်တွေက အလွန်မတန်ပြဿနာများပြားတဲ့ ကိစ္စရပ်တွေ ရှိတာမှန်ပေမယ့် ဒိုဟာအကျော့ကိစ္စရပ်တွေနဲ့ ပတ်သက်တဲ့ လုပ်ငန်းအစီအစဉ်ကို ဇူလိုင်မှာ အပြီးသတ်ဆောင်ရွက်နိုင်ဖို့အတွက် တိုးတက်မှုတွေရရှိနေပြီဆိုတာ သံသယဖြစ်စရာ မလိုကြောင်း အဇယ်ဗယ်ဒိုက ဒဗလျူတီအို ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးကော်မတီကို ပြောပါတယ်။

တချို့အဖွဲ့ဝင်တွေက သံသယနဲ့ လှုပ်ရှားဆောင်ရွက်နေပေမယ့် တချို့ကတော့ သစ်လွင်တဲ့ စိတ်ကူးတွေ၊ အဆိုပြုချက်တွေ၊ စာတမ်းတွေတင်ပြပြီး စိတ်အားထက်သန်စွာ ဆောင်ရွက်နေကြောင်း သူကပြောပါတယ်။ ပါဝင်ဆောင်ရွက်မှုတွေက အဆင့်မြင့်လာပြီး ဒီလိုပါဝင်ဆောင်ရွက်မှုကလည်း အားလုံးခြုံကြည့်ရင် အပြုသဘောဆောင်နေကြောင်း အဇယ်ဗယ်ဒိုက ပြောပါတယ်။

ဆယ်နှစ်ကျော်ခန့်စေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်ပြီးနောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှာ ကုန်သွယ်မှုဖြေလျှော့ရေးအတွက် ကုန်သွယ်ရေးဝန်ကြီးတွေ သဘောတူညီမှုရဖို့ လမ်းစရရှိခဲ့ပါတယ်။ ဘာလီအစီအစဉ် (Bali Package) က ဒိုဟာဆွေးနွေးပွဲတွေမှာ ထင်ရှားတဲ့ အမှတ်အသားတစ်ခုအဖြစ် ရောက်ရှိခဲ့ပါတယ်။

၂၀၁၄ ခုနှစ် နိုဝင်ဘာမှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘော တူညီချက် (Trade Facilitation Agreement-TFA) လက်မှတ်ရေးထိုးရေးကိစ္စကို ဆောင်ရွက်ဖို့ ဒဗလျူတီအိုအဖွဲ့ဝင်အားလုံးက တညီတညွတ်တည်း သဘောတူညီခဲ့ကြပါတယ်။ ဒီလိုသဘောတူညီမှုက သက်ဆိုင်ရာ အခြေပြုစာချုပ်တွေ ချုပ်ဆိုရေးခရီးကို စတင်ပေးလိုက်တာဖြစ်ပြီး ဒဗလျူတီအို ရဲ့သမိုင်းမှာ ပထမဆုံးအကြိမ်ရခဲ့တဲ့ သဘောတူညီမှုဖြစ်ပါ တယ်။

ဒိုဟာဆွေးနွေးပွဲလုပ်ငန်းအစီအစဉ်တစ်ခုကို ချမှတ်နိုင်ရေးအတွက် ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတို့က ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ ဆောင်ရွက်ဖို့ သတ်မှတ်ထားပါတယ်။

# အင်ဒိုနီးရှားက ကမ္ဘာ့ဘဏ် အကူအညီကိုလိုအပ်ပေမယ့် အမိန့်ပေးခံရမှာကိုမလိုလား

ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိတဲ့ စီမံကိန်းတွေအတွက် ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ကဲ့သို့သော အနောက်နိုင်ငံများကဦးဆောင်တဲ့ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းတွေရဲ့ ငွေကြေးအကူအညီကို အင်ဒိုနီးရှားနိုင်ငံက လိုအပ်နေဆဲဖြစ်ကြောင်း သမ္မတဝန်ထမ်းရုံးအကြီးအကဲ လုဟတ်ပန်ဂျိုင်တန်ရဲ့ ပြောကြားချက်ကိုကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အခုလောလောဆယ်မှာတော့ ကမ္ဘာ့ဘဏ်အတိုးနှုန်းက သုည ဒသမ ၅ ရာခိုင်နှုန်းပဲရှိလို့ တခြားငွေကြေးအဖွဲ့အစည်းတွေကယူတဲ့ အတိုးနှုန်းထက်နည်းကြောင်း သူကပြောပါတယ်။ ဒါပေမယ့် ငွေရဖို့အတွက် အမိန့်ပေးစေခိုင်းမှုတွေကိုတော့ အင်ဒိုနီးရှားနိုင်ငံက မလိုလားပါဘူးလို့ ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံက ရပ်တည်ချက်ခိုင်မာပေမယ့် အနောက်နိုင်ငံဘဏ်တွေကရမယ့် အကူအညီကိုငြင်းဆိုမှာမဟုတ်ကြောင်း သူကပြောပါတယ်။ အပြည်ပြည်ဆိုင်ရာအကူအညီက အင်ဒိုနီးရှားနိုင်ငံအတွက် အသုံးဝင်ရုံသာမက ရင်းနှီးမြှုပ်နှံသူတွေကိုပါ အထောက်အကူရစေတယ်လို့ သူက ထပ်လောင်းပြောကြားပါတယ်။ မြစိမ်းရောင်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံဖို့ သမ္မတက ကတိပြုထားကြောင်းနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၆ ရာခိုင်နှုန်းလျှော့ချဖို့ ဆောင်ရွက်ထားတဲ့ရည်မှန်းချက် ပြည့်မီဖို့အတွက် အစိုးရကဆွဲဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သူကပြောပါတယ်။

"မြစိမ်းရောင်ဖွံ့ဖြိုးရေးစီမံကိန်းကို ကျွန်တော်တို့ထောက်ပံ့နိုင်ဖို့ စွမ်းအားမရှိတဲ့အတွက် ဖွံ့ဖြိုးပြီးနိုင်ငံတွေဆီက ငွေကြေးအကူအညီကို ကျွန်တော်တို့လိုအပ်မှာပါ။ နိုင်ငံခြားအကူအညီကို ကျွန်တော်တို့မဆန့်ကျင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်တာကြောင့် ငွေရဖို့အတွက် အမိန့်ပေးစေခိုင်းခံရတာမျိုးကိုတော့ မလိုလားပါဘူး" လို့ လုဟတ်က ပြောပါတယ်။

# Saigon Silicon City စီမံကိန်းအတွက် ဗီယက်နမ်မှာ လိုင်စင်ပေး

ဆိုင်ဂုံ အဆင့်မြင့်နည်းပညာစက်မှုဇုန်မှာ "ဆိုင်ဂုံစီလီကွန်စီတီ" (Saigon Silicon City) တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံသူတို့အား ဧပြီ ၂၇ ရက်ကလိုင်စင်ချပေးခဲ့ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။




ယခုစီမံကိန်းက ကမ္ဘာ့အကြီးဆုံးအဆင့်မြင့်နည်းပညာ ကော်ပိုရေးရှင်းကြီးများနဲ့ ထူထောင်စ နည်းပညာကုမ္ပဏီများတည်ရှိရာ အမေရိကန်ပြည်ထောင်စုစီလီကွန်ဗဲလီးရဲ့ ပုံစံအတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း Thoi Bao Kimh Te Sai Gon အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဒီစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်းက ဗီယက်နမ်ဒေါင်ဘီလီယံ ၈၆၀ (ဒေါ်လာသန်း ၄၀) ရှိမှာဖြစ်ပြီး ဧရိယာအကျယ်အဝန်းက ၅၂ ဟက်တာရှိမှာဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေရဲ့ ကိုယ်စား Silicon Saigon Park JSC ရဲ့ဥက္ကဋ္ဌဖြစ်သူ အမေရိကန်-ဗီယက်နမ်ကပြားငုယင်မင်းဟူးက မြူနီစပယ်ပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌ လေမန်းဟာထံမှခွင့်ပြုချက်လိုင်စင်ကို ဧပြီ ၂၇ ရက်က လက်ခံရယူပါတယ်။

Silicon Saigon Park ကို အိမ်ခြံမြေလုပ်ငန်းတစ်ခုဖြစ်တဲ့ Viet R.E. M. A.X နဲ့ Vector Fabrication Viet Nam Co.,Ltd နဲ့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူ ငုယင်ထရန်ကွမ်တို့ ပူးတွဲတည် ထောင်ထားတာဖြစ်ပါတယ်။

ဆိုင်ဂုံစီလီကွန်စီတီးက လုံလောက်တဲ့ အခြေခံအဆောက်အအုံ၊ လုပ်ငန်း လွယ်ကူချောမွေ့စေရေး အထောက်အပံ့တွေနဲ့ ဝန်ဆောင်မှုတွေပေးပြီး အဆင့်မြင့်နည်းပညာ တည်ဆောက်ရေးနယ်မြေမှာ ပင်လယ်ရပ်ခြားရောက် ဗီယက်နမ်လူမျိုးတွေနဲ့ နိုင်ငံခြား စီးပွားရေးလုပ်ငန်းတွေကို ဆွဲဆောင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးသွားမယ်လို့ ဟူးက ပြောပါတယ်။

ဆိုင်ဂုံအဆင့်မြင့်နည်းပညာစက်မှုဇုန်အုပ်ချုပ်ရေးအဖွဲ့က "ထောင်စုနှစ်စက်မှုဇုန်"(Millenium Park) စီမံကိန်းကို ဧပြီ ၂၆ ရက်နေ့က လိုင်စင်ချပေးလိုက်ပြီး ဒီစီမံကိန်းကို ငုယင်တက်သန်းတက္ကသိုလ်က ဗီယက်နမ် ဒေါင်ဘီလီယံ ၉၀၀ (ဒေါ်လာ ၄၁ ဒသမ ၆ သန်း) ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းတွေက အာဆီယံဒေသတွင်းမှာ အကောင်းမြင်မှုအများဆုံးဖြစ်

ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေး အလားအလာ တောက်ပနေဆဲဖြစ်တဲ့အတွက် ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းခေါင်းဆောင်တွေက အရှေ့တောင်အာရှမှာ အကောင်းမြင်မှု အရှိဆုံးဖြစ်ကြောင်းနဲ့ ကမ္ဘာမှာ စီးပွားရေးအလားအလာကောင်းတဲ့နေရာမှာ တတိယနေရာမှာရှိနေကြောင်း ဂရန့်သွန်တန် အင်တာနေရှင်နယ်အတိုင်ပင်ခံအဖွဲ့ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

စစ်တမ်းမှာပါဝင်တဲ့ ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေထဲက ၈၆ ရာခိုင်နှုန်းက လာမယ့် ၁၂ လ အတွင်းမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးအလားအလာတွေက ကောင်းမွန်နေကြောင်း ယုံကြည်ထားကြတယ်လို့ ဧပြီ ၂၄ ရက်ကထုတ်ပြန်တဲ့ စစ်တမ်းမှာ ဖော်ပြပါတယ်။

အလုပ်အကိုင်ရရှိမှုပိုမိုတိုးတက်လာလိမ့်မယ်လို့ ယုံကြည်တဲ့ဖိလစ်ပိုင် စီးပွားရေးလုပ်ငန်းခေါင်းဆောင် အရေအတွက်က ထက်ဝက်ကျော်သို့မဟုတ် ၅၆ ရာခိုင်နှုန်းရှိကြောင်း စစ်တမ်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် ကျွမ်းကျင်လုပ်သားမရှိတဲ့ ပြဿနာက စီးပွားရေးလုပ်ငန်းတွေကို အဟန့်အတား ဖြစ်စေနိုင်ကြောင်း ယုံကြည် နေတဲ့သူတွေက သုံးပုံတစ်ပုံကျော်ရှိပါတယ်။

"၂၀၁၄ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ကျွမ်းကျင်လုပ်သားတွေက တိုးတက်မှုအနည်းငယ်ရှိနေပေမယ့် စီးပွားရေးလုပ်ငန်းတွေက ခန့်ထားချင်တဲ့လိုအပ်ချက်နဲ့ ပညာသည် အုပ်စုရနိုင်တဲ့ အတိုင်းအတာတို့ရဲ့ ကွာဟချက်က ထိတ်လန့်တုန်လှုပ်စရာကောင်းနေပါတယ်"လို့ ထုတ်ပြန်လိုက် တဲ့ကြေညာချက်မှာ ဖော်ပြထားပါ တယ်။

"အာဆီယံစီးပွားရေးအသိုက် အဝန်းပေါ် ထွန်းလာပါက ကျွမ်းကျင်လုပ်သားတွေ လွတ်လွတ်လပ်လပ် စီးဝင်လာတော့မှာ ဖြစ်ပါတယ်။ အဲဒီလိုအချိန်မျိုးမှာ ယခုလိုကွာဟချက်တွေ ပေါ် ထွန်းနေတာက စိုးရိမ်စရာဖြစ်နေပါတယ်။ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတဲ့လုပ်သားအင်အားစုကို နိုင်ငံကပြုစုပျိုးထောင်ပေးဖို့လိုအပ်နေပြီဖြစ်သလို နိုင်ငံခြားက အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ဆီကို နိုင်ငံရဲ့ကျွမ်းကျင်ပညာသည်တွေစီးထွက်သွားဖို့လည်း ကာကွယ်ရမှာ ဖြစ်ပါတယ်"လို့ သူမက ပြောပါတယ်။

# ထိုင်းပို့ကုန်ကဏ္ဍတွင် ဖွဲ့စည်းမှုဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်

ထိုင်း ပြည်ပပို့ကုန်များအတွက် ဝယ်လိုအားကျွမ်းကျင်စေတဲ့ အကြောင်းရင်းများအနက် ထိုင်းဘတ်ငွေတန်ဖိုးမြင့်တက်ခြင်းမှာ အကြောင်းရင်းတစ်ခုမျှသာဖြစ်ပြီး ပို့ကုန်ဖွဲ့စည်းတည်ဆောက်မှု အပြောင်းအလဲမရှိခြင်းနဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်း စတဲ့ အခြားအရေးပါတဲ့ အကြောင်းတရားတွေ ရှိနေသေးကြောင်း စီးပွားရေးပညာရှင်တွေက သတိပေးကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါ တယ်။

၂၀၁၁ ခုနှစ်က ဖြစ်ပျက်ခဲ့တဲ့ ရေလွှမ်းမိုးမှု ဘေးအန္တရာယ်ကဲ့သို့သော သဘာဝဘေးဒဏ်တွေကို အကာအကွယ်ပေးနိုင်ဖို့ အခြေခံအဆောက်အအုံစီမံကိန်းတွေ မရှိတာကလည်း လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်း ပို့ကုန်ကျဆင်းခဲ့တဲ့ အကြောင်းရင်းတွေအနက် အချက်တစ်ချက်အဖြစ်ပါဝင်ကြောင်းကာစီကွန်ဘဏ်မတည်ငွေရင်းဈေးကွက်ဌာနခွဲမှ ဈေးကွက်နဲ့ စီးပွားရေးသုတေသနဦးစီးမှူးကော့ဆစ်သီဆီလပါချိုင်းကပြောပါတယ်။

ယခင်ရွေးချယ်ခံ အစိုးရလက်ထက်ကဆောင်ရွက်ခဲ့တဲ့ ဘတ်ဘီလီယံ ၃၅၀ ရှိ ရေစီမံခန့်ခွဲရေးစီမံကိန်းထဲမှာ ပါဝင်ခဲ့တဲ့ စီမံကိန်းတွေက တိုးတက်မှုအနည်းငယ်သာရှိခဲ့ကြောင်း သူကပြောပါတယ်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကလည်း ထိုင်းနိုင်ငံမှာလုပ်ငန်းဆောင်ရွက်ဖို့ စိတ်ဝင်စားမှု မရှိကြဘဲ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်ဈေးကွက်ကို ပြောင်းရွှေ့သွားကြကြောင်း သူကပြောပါတယ်။

ပို့ကုန်တင်ပို့နိုင်မှု လျော့ကျရတဲ့ အကြောင်းရင်းမှာ ထုတ်ကုန်တွေအမျိုးမျိုးရောထွေးနေတဲ့အတွက် ဖြစ်ကြောင်း HSBC Thailand မှ စီးပွားရေးပညာရှင်နာလင်ချတ်ချိုတီသမ်က ပြောပါတယ်။ ထိုင်းနိုင်ငံရဲ့ ထိပ်တန်းပို့ကုန်ငါးခုက အီလက်ထရွန်းနစ်နဲ့ လျှပ်စစ်အသုံးအဆောင်ပစ္စည်း၊ မော်တော်ကားနဲ့ အစိတ်အပိုင်း၊ အစားအစာ၊ စက်ယန္တရားနဲ့ လယ်ယာထုတ်ကုန်တွေဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးထုတ်ကုန်က စုစုပေါင်းပို့ကုန်ရဲ့ ၁၇ ရာခိုင်နှုန်းရှိပြီး ဈေးနှုန်းကျဆင်းတဲ့ဒဏ်ကို ခံနေရပါတယ်။ အီလက်ထရွန်းနစ်ပို့ကုန်တွေကလည်း ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ တချို့ပစ္စည်းတွေကလည်း အာရှမှာ ဝယ်လိုအားတွေကျဆင်းနေပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**နယူးဒေလီ**

ပြည်တွင်းသကြားဈေးနှုန်းတွေ ကျဆင်းနေတာကို မြှင့်တင်ပေးဖို့နဲ့ အရှုံးပေါ်နေတဲ့ သကြားစက်ရုံတွေဆီက ငွေထုတ်မရသေးတဲ့ လယ်သမားတွေကို အကာအကွယ်ပေးဖို့အတွက် အိန္ဒိယအစိုးရက သကြားတင်သွင်းခွန်ကို ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံကြောင်း ဧပြီ ၂၉ ရက်ကထုတ်ပြန်တဲ့ အစိုးရကြေညာချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

**ဝါရှင်တန်**

ဆောင်းရာသီကြောင့် အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်ခံခဲ့ရပြီး နောက်ပိုင်း ဧပြီ ၂၇ နဲ့ ၂၈ ရက်မှာ နှစ်ရက်ကြာ ကျင်းပခဲ့တဲ့ ဖက်ဒရယ်လွတ်လပ်တဲ့ ဈေးကွက်ကော်မတီအစည်းအဝေးမှာ အတိုးနှုန်းမြှင့်တင်ဖို့အတွက် အချိန်သတ်မှတ်ချက်ကို ဆောင်ရွက်ဦးမှာ မဟုတ်ကြောင်းအစိုးရရဲ့ ကြေညာချက်ကိုကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**တိုကျို**

ဂျပန်နိုင်ငံရဲ့ မတ်လ စက်မှုကုန်ထုတ်လုပ်မှုက နှစ်အလိုက်နှိုင်းယှဉ်ရင် ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး လအလိုက် နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သို့သော်လည်း ကျဆင်းမှုနှုန်းမှာ မူလခန့်မှန်းချက်အောက်ကျဆင်းတဲ့အတွက် ဂျပန်ဗဟိုဘဏ်က စီးပွားရေးတွန်းအားပေး အစီအစဉ်ထပ်မံတိုးချဲ့ဆောင်ရွက်သွားလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်တွေ ပိုမိုခိုင်မာလာပါတယ်။

**ဗန်ကောက်**

အပြည်ပြည်ဆိုင်ရာ ဧည့်သည်တွေကို စောင့်ရှောက်တဲ့ဆေးဝါးအထောက်အကူပြု အလုပ်ကွန်ရက်ကို တိုးချဲ့ဖြန့်ကြက်ထားတဲ့ ထိုင်းနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကြောင့် ထိုင်းနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက ဆက်လက်ဖွံ့ဖြိုးလာနိုင်ကြောင်း ၂၀၂၀ ပြည့်ဆေးဝါးကုသမှု ခရီးသွားလုပ်ငန်းနောက်ဆုံး ခန့်မှန်းချက်ကို ကိုးကားပြီး TTR weekly သတင်းမှာ ဖော်ပြပါတယ်။

**Middle East**

## ဆော်ဒီနိုင်ငံမှာ အစိုးရအဖွဲ့ အပြောင်းအလဲရှိသော်လည်း ရောင်းလိုအားမြင့်တက်မှုကြောင့် ရေနံဈေးကျ

ဆော်ဒီအာရေးဗီးယားဘုရင် ဆယ်လ်မန်က အိမ်ရှေ့မင်းသားကိုလည်းကောင်း၊ အကြီးတန်းအရာရှိအများအပြားကိုလည်းကောင်း၊ ဆော်ဒီအရမ်ကို အမျိုးသားရေနံကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်ကိုလည်းကောင်း အနားပေးလိုက်တဲ့အတွက် ဆော်ဒီအာရေးဗီးယားမှာ နိုင်ငံရေးမရေရာ မှုများရှိနေပေမယ့် ရေနံရောင်းလို အားအဆမတန်မြင့်တက်မှုကြောင့် ဧပြီ ၂၇ ရက်မှာ ရေနံဈေးနှုန်းတွေ ကျဆင်းခဲ့ပါတယ်။ ဆော်ဒီဘုရင် ဆာလ်မန်ဘင်အဗ္ဗ ဒူလာဇစ်သည် ဧပြီ ၂၉ ရက်နေ့က ညီ ဝမ်းကွဲတော်သူကို အိမ်ရှေ့မင်းသားရာထူးမှ ထုတ်ပယ်ပြီး တူတော်သူ ဒုတိယအိမ်ရှေ့မင်းသား မိုဟာမက်ဘင်နာယက်ကို နန်းလျာအသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း ရုပ်သံမှ ကြေညာခဲ့တဲ့အတွက် ရုတ်တရက် အံ့အားသင့်စရာဖြစ်ခဲ့ရပါတယ်။

ဒ့ါအပြင်သားတော် မင်းသားမိုမက်ဘင်ဆာလ်မန်ကို ဒုတိယအိမ်ရှေ့မင်းသားအဖြစ် ခန့်အပ်ပြီး အခြားထိပ်တန်းအရာရှိများကိုလည်း အပြောင်းအလဲများပြုလုပ်ကာ ဝန်ကြီးသစ်အများအပြားကို ခန့်အပ်ခဲ့ပါတယ်။ နောက်ထပ်လှုပ်ရှားမှုတစ်ခုအဖြစ် ဆော်ဒီအရမ်ကို ကုမ္ပဏီရဲ့အမှုဆောင်ချုပ်ခါလစ်အယ်လ်ဖာလစ်ကို ကျန်းမာရေးဝန်ကြီးအဖြစ်ခန့်ထားပြီးနောက် အမျိုးသား ရေနံကုမ္ပဏီရဲ့ဥက္ကဋ္ဌအဖြစ်လည်း ခန့်အပ်ခဲ့ပါတယ်။ ဒီရာထူးက ရေနံဝန်ကြီးအလီအယ်လ်နိုင်မီ တာဝန်ယူထားတဲ့ရာထူးဖြစ်ပါတယ်။

ဆော်ဒီအာရေးဗီးယားနိုင်ငံက ကမ္ဘာပေါ်မှာ ရေနံအများဆုံးတင်ပို့တဲ့ နိုင်ငံဖြစ်ရာ ကမ္ဘာ့ရေနံဈေးတည်ငြိမ်မှု အတွက် အရေးပါတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ဆော်ဒီအာရေးဗီးယားရဲ့ ပြည်တွင်းရေးအပြောင်းအလဲက ရေနံဈေးကိုပြောင်းလဲစေတတ်ပါတယ်။ အရမ်ကိုကုမ္ပဏီရဲ့ အမှုဆောင်အရာရှိ မည်သူဖြစ်လာမည်၊ ရေနံဝန်ကြီး အယ်လ်နိုင်မီရဲ့ ရာထူးထိခိုက်မှု ရှိ၊ မရှိကို ကုန်သည်များက လေ့လာအကဲခတ်လျက်ရှိပါတယ်။

**Esat Asia**

## နာနိုနည်းပညာထုတ်ကုန်များ ထုတ်လုပ်ရေးတောင်ကိုရီးယားနိုင်ငံက ကြိုးစားမည်



တောင်ကိုရီးယားနိုင်ငံက နာနိုနည်းပညာကို အသုံးပြုပြီး ထုတ်ကုန်သစ်များကို တိုးတက်ကောင်းမွန်အောင် ထုတ်လုပ်ဖို့ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ၂၀၂၀ ပြည့်နှစ်မှာ နာနိုနည်းပညာထုတ်ကုန်တွေရဲ့ ထုတ်လုပ်မှုတန်ဖိုးက ဒေါ်လာ သုံးထရီလီယံထိ ရှိမှာဖြစ်ကြောင်း ဒီဈေးကွက်မှာကမ္ဘာ့ခေါင်းဆောင်အဖြစ် ရောက်ရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရရဲ့ ဧပြီ ၂၆ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

နာနိုနည်းပညာဆိုတာက အသုံးပြုတဲ့ပစ္စည်းတွေကို နာနိုမီတာအထိ စိတ်ပိုင်းပြီး ပိုမိုတည်ငြိမ်တိကျတဲ့ ဝတ္ထုပစ္စည်းတွေ ဖန်တီးနိုင်တဲ့ နည်းပညာဖြစ်ပါတယ်။ ဒီနည်းပညာနဲ့ ထုတ်လုပ်တဲ့ပစ္စည်းတွေက သစ်လွင်ပြီး သွင်ပြင်လက္ခဏာအရ ပိုမိုကောင်းမွန်တဲ့ ပစ္စည်းတွေလည်းဖြစ်ပါတယ်။

တစ်နာနိုမီတာက တစ်မီတာရဲ့ တစ်ဘီလီယံပုံတစ်ပုံဖြစ်ပါတယ်။

ခေတ်မီနည်းပညာတွေကို ဖော်ထုတ်ရာမှာ တောင်ကိုရီးယားနိုင်ငံက ရှေ့မှဦးစီးဦးဆောင်ပြုနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တောင်ကိုရီးယားရဲ့ နာနိုပစ္စည်းထုတ်လုပ်မှုက ၂၀၁၁ ခုနှစ်မှာဝမ် ၉၂ ထရီလီယံ (ဒေါ်လာ ၈၆ ဘီလီယံ) အသုံးပြုခဲ့ရာ စုစုပေါင်း ထုတ်လုပ်မှုရဲ့ ၆ ဒသမ ၁ ရာခိုင်နှုန်း ရှိပါတယ်။

တောင်ကိုရီးယားနိုင်ငံက ပြည်တွင်းဖြစ် နည်းပညာတွေကို ရှာဖွေဖော်ထုတ်မှာဖြစ်သလို ဒီနယ်ပယ်မှာ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့ဈေးကွက်ဝေစုကို ၂၀ ရာခိုင်နှုန်းထိရရှိအောင် ဆောင်ရွက်မှာဖြစ်ကြောင်း သိပ္ပံဝန်ကြီးဌာနက ပြောပါတယ်။

ပူးတွဲဖွံ့ဖြိုးရေးစီမံကိန်းအရ ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာနနဲ့ ပူးတွဲဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အစိုးရက ၂၀၁၅ ခုနှစ် တစ်နှစ်တည်းမှာပင် ဝမ် ၁၂၂ ဘီလီယံရင်းနှီးမြှုပ်နှံပြီး စီးပွားဖြစ်ထုတ်ကုန်တွေထုတ်လုပ်နိုင်မယ့် နာနိုနည်းပညာခုနစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

**South Asia**

## ကုမ္ပဏီများဥပဒေ ပြင်ဆင်ချက်ကို အိန္ဒိယဝန်ကြီးအဖွဲ့ အတည်ပြု

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လွယ်ကူသက်သာမှုရှိစေဖို့အတွက် အိန္ဒိယနိုင်ငံဝန်ကြီးအဖွဲ့က ကုမ္ပဏီများဥပဒေပြင်ဆင်ချက်ကို ဧပြီ ၂၉ ရက်က အတည်ပြုပေးခဲ့ပါတယ်။

ဒီဥပဒေပြင်ဆင်ချက်အရ လုပ်ငန်းမစတင်မီ စီးပွားရေးလုပ်ငန်းတွေက ကြေညာလွှာထုတ်ပြန်နေတာကို ဆောင်ရွက်ဖို့ လိုအပ်တော့မှာမဟုတ်ကြောင်း အိန္ဒိယနိုင်ငံ ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

ဥပဒေပြင်ဆင်ချက်တွေကို ဧပြီ ၂၉ ရက်က ဝန်ကြီးချုပ် နရိန္ဒရာမိုဒီ သဘာပတိအဖြစ် ဆောင်ရွက်တဲ့ ပြည်ထောင်စုဝန်ကြီးအဖွဲ့ အစည်းအဝေးက အတည်ပြုပေးခဲ့ပြီး ယခုအခါ ဒီပြင်ဆင်ချက်က ၂၀၁၄ ကုမ္ပဏီများ (ပြင်ဆင်ချက်)ဥပဒေကြမ်းရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သွားပြီဖြစ်ပါတယ်။

ပြင်ဆင်ချက်တွေထဲမှာ စီးပွားရေးလုပ်ငန်းတွေ စတင်မဆောင်ရွက်မီ ကုမ္ပဏီက ကြေညာလွှာကို တင်သွင်းရမယ်ဆိုတဲ့အချက်ကို ပယ်ဖျက်ပေးတာလည်းပါဝင်ပါတယ်။

ဒီပြင်ဆင်ချက်တွေက စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်မှုလွယ်ကူစေရေးနဲ့ ဆက်နွယ်နေတဲ့ ပြဿနာတွေ ဖြေရှင်းပေးနိုင်ဖို့နဲ့ ကင်းလွတ်ခွင့်ပေးတဲ့ ကိစ္စရပ်တွေအတွက် အကြောင်းကြားအသိပေးတာကို လျင်မြန်စွာအတည်ပြုပေးနိုင်ဖို့အတွက် အထောက်အကူပေးမှာဖြစ်ကြောင်း ကုမ္ပဏီများရေးရာဝန်ကြီးဌာနက ပြောပါတယ်။

စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ လွယ်ကူသက်သာမှု အဆင့်အနေနဲ့ကြည့်ရင် ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၅၀ ပါဝင်နိုင်အောင် ဆောင်ရွက်ဖို့ ဆန္ဒရှိကြောင်း အိန္ဒိယအစိုးရက ပြောပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာအရ အိန္ဒိယနိုင်ငံရဲ့အဆင့်က လက်ရှိမှာ ၁၄၂ နိုင်ငံမြောက် ဖြစ်ပါတယ်။

**EU**

## ဂရိဘဏ်များမှ အပ်နှံငွေစီးထွက်မှု မတ်လမှာ နှေးကွေးလာ

ဂရိဘဏ်များမှ အပ်ငွေများအပြင်ဘဏ်သို့ စီးထွက်မှုက မတ်လမှာ နှေးကွေးလာတာကို တွေ့ရကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။ ဘဏ်များမှာ အပ်နှံငွေတွေက ဖေဖော် ဝါရီမှာ ယူရို ၁၄၇ ဒသမ ၅ ဘီလီယံရှိရာမှ မတ်လမှာ အပ်နှံငွေက ယူရို ၁၄၅ ဘီလီယံအထိကျဆင်းခဲ့ကြောင်း ဧပြီ ၂၉ ရက်က ထုတ်ပြန်တဲ့ ဥရောပဗဟို ဘဏ်ရဲ့ ကိန်းဂဏန်းများတွေအရ သိရပါတယ်။

ယခုကဲ့သို့ အပ်နှံငွေ ယူရို ၂ ဒသမ ၅ ဘီလီယံ ကျဆင်းရခြင်းကို ဒီဇင်ဘာနဲ့ ဖေဖော်ဝါရီလအတွင်း အပ်ငွေများ ပြင်ပသို့ စီးထွက်ခြင်းနဲ့ နှိုင်းယှဉ်ပါက ဆယ်ဆလောက်ကွာခြားနေတာကို တွေ့ရပါတယ်။ ဒီအချက်ကိုကြည့်ခြင်းအားဖြင့် ဂရိငွေစုသူတို့အနေနဲ့ သူတို့ငွေများကို ယခင်လတွေကတည်းက ပြောင်းရွှေ့ထားပြီးဖြစ်တာကို တွေ့ရပါတယ်။

“မတ်လမှာ ကသောင်းကနင်း ဖြစ်တာတွေ လျော့နည်းသွားပါပြီ။ ဘဏ် အပ်နှံငွေစာရင်းတွေထဲကနေ ငွေထုတ်ယူဖို့စိတ်ကူးရှိပြီးသားလူတွေက ယခင်လတွေကတည်းက ထုတ်ယူထားပြီးဖြစ်တဲ့သဘောကို တွေ့နေရပါတယ်”လို့ ဂရိနိုင်ငံ အေသင်မြို့အခြေစိုက် ယူရိုဘဏ်မှ လေ့လာဆန်းစစ်ရေးမှူးတစ်ဦးက ပြောပါတယ်။

ဂရိနိုင်ငံက အကူအညီချေးငွေသစ်ရဖို့အတွက် သူ့ရဲ့ မြီရှင်သစ်တွေနဲ့ ညှိနှိုင်းနေတာ ခုချိန်ထိတော့ သဘော တူညီမှုတော့မရသေးပါဘူး။ ကြွေးပြန်ဆပ်ရမယ့်နောက်ဆုံးကာလ နီးကပ်လာတာနဲ့အမျှ ဂရိနိုင်ငံက ကြွေးဆပ်ဖို့ပျက်ကွက်မှာကို စိုးရိမ်မှုတွေက ဧပြီလအတွင်းမှာ ပိုမိုမြင့်တက်လာခဲ့ပါတယ်။

အိမ်ထောင်စုတွေနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ဘဏ်အပ်ငွေက မတ်လမှာ ကျဆင်းခဲ့ပါတယ်။ ဒီအပ်ငွေ အမျိုးအစားကလည်း ဖေဖော်ဝါရီမှာ ယူရို ၁၄၀ ဒသမ ၄၇ ဘီလီယံရှိခဲ့ရာမှ လအလိုက် နှိုင်းယှဉ်ရင် မတ်လမှာ ယူရို ၁ ဒသမ ၉၁ ဘီလီယံ သို့မဟုတ် ယူရို ၁ ဒသမ ၃၆ ရာခိုင်နှုန်းကျ ဆင်းခဲ့ပါတယ်။

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေမြှင့်တင်ရေးကိစ္စကို ဆိုင်းငံ့ထားလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်တွေ ထွက်ပေါ်လာပြီးနောက်ပိုင်း အာရှငွေကြေး အများစုက လအလိုက်နှိုင်းယှဉ်ရင် တိုးတက်မှုအမြင့်ဆုံးကိုရောက်ရှိဖို့ ဦးတည်လျက်ရှိနေပါတယ်။ ဒီအခြေအနေက ၂၀၁၃ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းမှာ အမြင့်ဆုံးအခြေအနေ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှု၊ အိမ်ခြံမြေလုပ်ငန်းနဲ့ ကုန်ချောထုတ်လုပ်မှုနဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းတွေကလည်း အားနည်းနေတာကိုတွေ့ရပါတယ်။ တရုတ်နိုင်ငံက ဆောင်ရွက်တဲ့စီးပွားရေးလှုံ့ဆော်အားပေးမှုကလည်း ဒေသမှာ အီကွိတီရှယ်ယာတွေရဲ့ ဝယ်လိုအားကိုမြင့်တက်စေဖို့အထောက်အကူပေးတဲ့အတွက် ယခုလအတွင်းမှာ တောင်ကိုရီးယားနဲ့ တရုတ်(တိုင်ပေ)မှာရှိတဲ့ စတော့ရှယ်ယာတွေထဲကို အသားတင်စီးဝင်မှုက ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံရှိခဲ့ပါတယ်။

"အမေရိကန်အတိုးနှုန်းမြှင့်တင်ရေးအတွက် အချိန်ဇယားက အနည်းငယ်နောက်ပြန် ဆုတ်သွားမယ့်အခြေအနေ ရှိပါတယ်။ ဒီအခြေအနေက အာရှငွေကြေးတွေကို အထောက်အကူဖြစ်စေနိုင်ပါတယ်။ ဒေသတွင်း အထူးသဖြင့် မြောက်အာရှဒေသဘက်ကို ငွေကြေးတွေ စီးဝင်လာတာကိုတွေ့ရပါတယ်"လို့ Bank of Communications Co. ရဲ့ မဟာဗျူဟာဆန်းစစ်ရေးမှူး ဟိုမန်ချွန်ကပြောပါတယ်။

**တရုတ်ယွမ်**

တရုတ်ယွမ်ကို ကမ္ဘာ့ငွေပေးချေမှုမှာ အသုံးပြုတဲ့ အခြေအနေအရ အဆင့်သတ်မှတ်မယ်ဆိုရင် ယခုအခါ အဆင့်ငါးနေရာကိုရောက်လာကြောင်း Society for Worldwide Financial Telecommunications အသင်းက သတ်မှတ်ခဲ့ပါတယ်။

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနက ထုတ်ပြန်ချက်အရ တရုတ်ယွမ်ငွေကြေးရဲ့ ဗဟိုဘဏ်ဖလှယ်နှုန်းကဧပြီ ၂၉ ရက်နေ့မှာ တစ်ဒေါ်လာကို ၆ ဒသမ ၁၁၃၇ ယွမ်နှုန်းရှိပြီး သုည ဒသမ ၃၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ရှယ်ယာဈေးကွက်က ငွေကြေးတွေ အပြင်စီးထွက်နေချိန်မှာ အိန္ဒိယ သွင်းကုန်လုပ်ငန်းရှင်တို့က လကုန်စာရင်းရှင်းဖို့ အမေရိကန်ဒေါ်လာကို ဝယ်ယူလာကြတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေး ဈေးကွက်မှာ ဧပြီ ၂၉ ရက်နေ့က ဒေါ်လာရူပီးဖလှယ်ရာမှာ တစ်ဒေါ်လာကို ၆၃ ဒသမ ၅၈ ရူပီးနှုန်းရှိပြီး ရူပီးတန်ဖိုး သုည ဒသမ ၂၈ ရူပီး ကျဆင်းပါတယ်။ ဒါပေမယ့် အတိုးနှုန်းမြှင့်တင်ပေးမယ့် အလားအလာမှေးမှိန်ပြီး ယူရိုနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းမှုကြောင့် ရူပီးတန်ဖိုးကျဆင်းမှုကိုသက်သာခဲ့ပါတယ်။

**ဂျပန်ယန်း**

ဂျပန်နိုင်ငံက ငွေကြေးလှုံ့ဆော်တွန်းအားပေးမှုအစီအစဉ်ကို ထပ်မံဆောင်ရွက်ခြင်း မပြုတော့တဲ့အတွက် ဧပြီ ၂၉ ရက်မှာ ဂျပန်ယန်းငွေတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ပြန်လည်မြင့်တက်ခဲ့ပါတယ်။

ဂျပန်ဗဟိုဘဏ် ဆုံးဖြတ်ချက်ထွက်ပေါ်လာပြီးနောက်ပိုင်း ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၁၁၈ ဒသမ ၅၄ ယန်းနှုန်းထိ ကျဆင်းခဲ့ပါတယ်။ ဈေးပိတ်ချိန်မှာ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၆၄ နှုန်းထိရောက်ရှိပြီး နေ့ချင်း ကျဆင်းနှုန်း သုည ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရေနံဈေးနှုန်း ပြန်လည်မြင့်တက်ပြီး အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်တာကို အချိန်ရွှေ့ထားမယ်ဆိုတဲ့ဆုံးဖြတ်ချက်ကို ချထားပေမယ့် သုံးရက်ဆက်တိုက်မြင့်တက်ခဲ့တဲ့ ရင်းဂစ်တန်ဖိုးကဧပြီ ၂၉ ရက်မှာ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒေါ်လာရင်းဂစ်ဖလှယ်နှုန်းက ဧပြီ ၂၈ ရက်မှာတစ်ဒေါ်လာကို ၃ ဒသမ ၅၅၈၀ ရင်းဂစ်ရှိခဲ့ရာမှ ဧပြီ ၂၉ ရက်ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၅၆၀၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက အဓိကငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း အများအားဖြင့် ကျဆင်းခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ယခုနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဝမ်ငွေကြေးတန်ဖိုး အများအားဖြင့် မြင့်တက်ခဲ့တာကိုတွေ့ရကြောင်း ဧပြီ ၃၀ ရက်ကထုတ်ပြန်တဲ့ စာရင်းတွေအရ သိရပါတယ်။ ဝမ်တန်ဖိုးက ယခင်နှစ်အကုန်မှာ ယခုချိန်ထိ ၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ ဧပြီ ၂၉ ရက်က ဝမ်တန်ဖိုးက တစ်ဒေါ်လာကို ၁၀၆၈ ဒသမ ၆ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

နောက်ဆုံးကျင်းပတဲ့ ဗဟိုဘဏ်အစည်းအဝေးမှာ ဒုတိယအကြိမ်အဖြစ် ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကို မမျှော်လင့်ဘဲ လျှော့ချခဲ့တဲ့အတွက် ဘတ်ငွေတန်ဖိုးက ခုနစ်ပတ်အတွင်းရှိခဲ့တဲ့ ဖလှယ်နှုန်းများအနက် အနိမ့်ဆုံးထိ ကျဆင်းခဲ့ပါတယ်။

ဘလွမ်းဘတ်က ပြုစုထားတဲ့ စာရင်းအရ ဧပြီ ၂၈ ရက် ညနေ ၃ နာရီ ၄၆ မိနစ်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဘတ်ငွေတန်ဖိုး သုည ဒသမ ၆ ရာခိုင် နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃၂ ဒသမ ၇၈၈ ဘတ်နှုန်း ရှိခဲ့ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## အေအီးစီပေါင်းစည်းရေးအတွက် ထိုင်းငွေကြေးကဏ္ဍအသင့်ဖြစ်


အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)စတင်အကောင်အထည်ဖော်တဲ့အခါ တိုင်းပြည်ရဲ့ ဘဏ္ဍာရေးကဏ္ဍကို အဆင်ပြေအောင်ဆောင်ရွက်နိုင်ဖို့အတွက် နှီးနှော ဖလှယ်ပွဲတစ်ခုကို ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူကျင်းပပေးခဲ့ကြောင်း ပတ္တယားမေးလ် ဝက်ဘ်ဆိုက်မှာဖော်ပြထားပါတယ်။

ယခုနှစ်မှာ စတင်အကောင်အထည်ဖော်တော့မယ့် ဒေသတွင်း ပေါင်းစည်းရေးအတွက် ပြင်ဆင်မှုအဖြစ် မဟာဗျူဟာလေးရပ်ကို ဝန်ကြီးဌာနက ချမှတ်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဝီဆုဒီ ရှုရီဆုဖန်ကပြောပါတယ်။

မဟာဗျူဟာလေးရပ်ထဲမှာ ထိုင်းနိုင်ငံကို ပူးတွဲကုန်ထုတ်လုပ်မှုအခြေစိုက်စခန်းအဖြစ် ဖော်ဆောင်ရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်ရေး၊ တန်းတူညီမျှတဲ့ စီးပွားရေးဖွံ့ဖြိုးမှုရရှိရေးနဲ့ ဒေသတွင်းစီးပွားရေးကို ကမ္ဘာ့စီးပွားရေးနဲ့ ပေါင်းစည်းရေး စတဲ့အချက်တွေ ပါဝင်ပါတယ်။ ကုန်ဆုံးခဲ့တဲ့နှစ်တွေမှာ ဝန်ကြီးဌာနက တိုင်းပြည်ကို ဘက်ပေါင်းစုံကပြင်ဆင်ထားမှုကြောင့် ဒီမဟာဗျူဟာတွေက ဒေသတွင်း ပေါင်းစည်းရေးအတွက် ထိုင်းနိုင်ငံကို အထောက်အကူပေးမှာဖြစ်ကြောင်း သူက ပြောပါတယ်။

ဒေသတွင်းရှိ တခြားနိုင်ငံတွေရဲ့ အဆင်သင့်ဖြစ်မှုက ပျမ်းမျှ ၇၇ ရာခိုင်နှုန်းရှိပါတယ်။ ထိုင်းနိုင်ငံရဲ့ အဆင်သင့် ပြင်ဆင်ထားနိုင်မှု အခြေအနေက ၈၇ ရာခိုင်နှုန်းရှိတဲ့အတွက် တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် သိသိသာသာ တိုးတက်မှုရှိတာတွေ့ရကြောင်း သူက ပြောပါတယ်။

## မလေးရှားဘွန်းစာချုပ်ဈေးကွက်ကို ပြင်ပမှုဂယက်ရိုက်ခတ်မှုများရှိ



အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို သိသိသာသာ တိုးမြှင့်ပေးမယ့် အလားအလာနဲ့ ငွေကြေးဖောင်းပွမှုတို့ကြောင့်ဖြစ်ပေါ်လာတဲ့ ဂယက်ရိုက်ခတ်မှုတွေကြောင့် မလေးရှားနိုင်ငံရဲ့ ဘွန်းစာချုပ်ဈေးကွက်ကို ဂယက်ရိုက်ခတ်မှုများဖြစ်ပေါ်ကာ မလေးရှားအစိုးရရဲ့ အာမခံစာချုပ် စာတမ်းတွေရဲ့ အတိုးနှုန်းကို မြင့်တက်စေနိုင်ကြောင်း လေ့လာဆန်းစစ်သူတို့က ပြောပါတယ်။

မလေးရှားနိုင်ငံရဲ့ ဘွန်းစာချုပ်ဈေးကွက်က ရင်းဂစ်ဘီလီယံ ၈၀ က နေ ၉၅ ဘီလီယံထိ ရောက်ရှိနိုင်မယ်လို့ခန့်မှန်းထားကြောင်း စတားအွန်လိုင်းသတင်းမှာ တွေ့ရပါတယ်။

၂၀၁၄ ခုနှစ်အကုန်မှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေရဲ့လက်ဝယ်မှာရှိတဲ့ ဘွန်းစာချုပ်တန်ဖိုးက ၄၄ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေရဲ့ လက်ဝယ်ရှိ ဘွန်းစာချုပ်ပမာဏက အထိုက်အလျောက်မြင့်မားနေတဲ့အတွက် ဘွန်းစာချုပ်တွေအပေါ် ယုံကြည်မှု အနည်းငယ်ကျဆင်းတဲ့အတွက် ဘွန်းစာချုပ်တွေရဲ့ အတိုးနှုန်းတွေကိုတိုးမြှင့်ပေးရမဲ့အလားအလာရှိနေကြောင်း CIMB အုပ်စုရဲ့ ငွေတိုက်စာချုပ်များနဲ့ ဈေးကွက်များဌာနအကြီးအကဲ ချူကုတ်ဝေက ပြောပါတယ်။

ဒါပေမယ့် ဘွန်းစာချုပ်တွေ အများစုက ပြည်တွင်းမှာသာလည်ပတ်တာများလို့ ဘွန်းစာချုပ်ထုတ်ဝေရောင်းချမှုကို ဂယက်ရိုက်ခတ်မှုနည်းမယ်လို့ သူက ပြောပါတယ်။

ငွေကြေးဖောင်းပွမှုတွေကလည်း မြင့်မားမယ့်လက္ခဏာတွေ တွေ့မြင့်နေရတဲ့အတွက် မလေးရှားအစိုးရရဲ့ ငွေကြေးဘွန်းစာချုပ်စာတမ်းရဲ့ ဈေးနှုန်းကို ထိခိုက်မှုရှိစေနိုင်ကြောင်း Malaysia Rating Corp Bhd. ရဲ့စီးပွားရေးပညာရှင် အကြီးအကဲ နော်ဇာဟီဒီ အလိုင်းယပ်က ခန့်မှန်းထားပါတယ်။

International Entertainment
Vol: 15, No.16 Monday May 4 2015



## Six Billion Dollar Man အဖြစ် သရုပ်ဆောင်ဖို့ စာချုပ်ချုပ်လိုက်တဲ့ မာ့ခ်ဝဲလ်ဘတ်

အမေရိကန်ရုပ်ရှင်သရုပ်ဆောင် အဆိုတော် မာ့ခ်ဝဲလ်ဘတ်ဟာ ဒါရိုက်တာပီတာဘာ့ခ် ရိုက်ကူးမယ့် Six Billion Dollar Man ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၉၇၃ ခုနှစ်က ကမ္ဘာတစ်ဝန်းလုံးမှာ ကျော်ကြားခဲ့တဲ့ Six Million Dollar Man ဇာတ်ကားကို အခြေခံပြီး အဲဒီဇာတ်ကားကိုပဲ ပြန်လည်အသက်သွင်းမှာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီအချိန်က အမေရိကန်ရုပ်သံလွှင့်ဌာနကနေ ပြသခဲ့တဲ့ Six Million Dollar Man ဇာတ်လမ်းတွဲဟာ လူကြိုက်များခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ခဲ့ပါတယ်။ အဲဒီဇာတ်လမ်းမှာ အာကာသလေသူရဲတစ်ဦးဖြစ်တဲ့ စတိဗ်မာတင်ဟာ အာကာသအတွင်း ပျံသန်းဖို့ စမ်းသပ်မှုများပြုလုပ်နေစဉ် မတော်တဆမှုဖြစ်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းတွေ အစားထိုးမှုတွေ ပြုလုပ်ခဲ့ရပါတယ်။ အဲဒီလိုအစားထိုးခဲ့ရာမှာ သိပ္ပံပညာရှင်တွေက သူ့ကို ဒေါ်လာခြောက်သန်းတန်ဖိုးရှိတဲ့ စက်ရုပ်တစ်ပိုင်း လူသားတစ်ပိုင်းအဖြစ်ဖန်တီးပြီး လူဆိုးတွေကို လိုက်လံနှိမ်နင်းတဲ့ သိပ္ပံစွန့်စားခန်းဇာတ်လမ်းတွဲဖြစ်ပါတယ်။

Six Billion Dollar Man ဇာတ်လမ်းတွဲကိုတော့ ရုပ်ရှင်ဇာတ်ကားကြီး အသွင်ရိုက်ကူးမှာဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီဇာတ်ကားကို ၂၀၁၆ ခုနှစ်လောက်မှာ ဖြန့်ချိပြသမှာဖြစ်တယ်လို့ Fox News သတင်းမှာ ဖော်ပြထားပါတယ်။

## နောက်ဆုံးထုတ် အယ်လ်ဘမ်ထွက်မယ့်ရက်ကို ရွှေ့ဆိုင်းလိုက်ပြန်တဲ့ အဒဲလ်

ဗြိတိသျှ အဆိုတော်တစ်ဦးဖြစ်တဲ့ အဒဲလ်ဟာသူ့ရဲ့နောက်ဆုံးထုတ်အယ်လ်ဘမ်ဖြစ်တဲ့ 25ဆိုတဲ့ တေးသီချင်းအယ်လ်ဘမ် ထုတ်ဝေမယ့်ရက်ကို ထပ်မံရွှေ့ဆိုင်းလိုက်ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်းက စက်တင်ဘာလမှာ သူ့ရဲ့ 25 တေးသီချင်း အယ်လ်ဘမ်ကို ထုတ်ဝေမယ်လို့ ကြေညာခဲ့ပေမယ့် အခုတစ်ခါမှာတော့ ထုတ်ဝေနိုင်ခြင်း မရှိသေးဘူးလို့ ဆိုပါတယ်။

သူဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာလ အတွင်းက Bye Bye 25 ဆိုတဲ့ တေးသီချင်းအယ်လ်ဘမ်သစ်ကို စတင် အသံသွင်းခဲ့ပြီး လာမယ့်နှစ် ၂၀၁၅ မှာ စတင်ဖြန့်ချိမယ်လို့ အဲဒီကတည်းက ကြေညာခဲ့တာပါ။

ဒါပေမယ့်လည်း အခုအခါမှာတော့ သူ့ရဲ့အဲဒီ Bye Bye 25 တေးသီချင်းကိုလည်း 25 လို့ အမည်ပြောင်းခဲ့ပေမယ့်လည်း ထွက်ရှိဖို့အတွက် အဆင်မပြေမှုတွေ ရှိနေတယ်လို့ ဆိုပါတယ်။

Someone Like You သီချင်းနဲ့ အောင်မြင်လာခဲ့ပြီး ဂရမ်မီဆု အပါအဝင် တေးသီချင်း ဆုပေါင်း များစွာကို ရယူပိုင်ဆိုင်ထားတဲ့ အဒဲလ်ဟာ သူ့ရဲ့ အသက် ၁၉ နှစ်ပြည့်စဉ်က 19 ဆိုတဲ့ အယ်လ်ဘမ်ကိုထွက်ရှိခဲ့သလို အသက် ၂၁ နှစ်ပြည့်စဉ်ကလည်း 21 ဆိုတဲ့ အယ်လ်ဘမ်ကို ထွက်ရှိခဲ့တာဖြစ်ပါတယ်။

အခုအခါမှာတော့ အသက် ၂၆ နှစ်ရှိနေပြီဖြစ်တဲ့အဒဲလ်ဟာ သူ့ရဲ့၂၅ ပြည့် အထိမ်းအမှတ် 25 ဆိုတဲ့တေးသီချင်းအယ်လ်ဘမ်ထွက်ရှိဖို့အတွက် အခက်အခဲတွေနဲ့ ကြုံတွေ့နေရတာဖြစ်ပါတယ်။





## နီပေါငလျင်ဘေးအတွက် အလှူငွေတွေ သွားရောက်လှူဒါန်းမယ့် ပတ်ရှင်ဟေးနဲ့ ကင်ဒေါင်ဝမ်

ပြီးခဲ့တဲ့ဧပြီလ ၂၅ ရက်က နီပေါနိုင်ငံရဲ့ မြို့တော် ခတ္တမန္ဒုမြို့မှာ လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြောင့် ဘေးဒုက္ခရောက်ရတဲ့သူတွေကို ကေပေါ့ရဲ့ စူပါစတားနှစ်ဦးဖြစ်တဲ့ ပတ်ရှင်ဟေးနဲ့ ကင်ဒေါင်ဝမ်တို့ဟာ အလှူငွေတွေ သွားရောက်လှူဒါန်းကြမယ်လို့ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Hunger Saver အဖွဲ့က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

သရုပ်ဆောင် ပတ်ရှင်ဟေးဟာ Hunger Saver အဖွဲ့ရဲ့ စေတနာ့ဝန်ထမ်း သံတမန်တစ်ဦးအဖြစ် ၂၀၁၁ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ Hunger Saver အဖွဲ့ရဲ့ ပြောကြားချက်အရ ပတ်ရှင်ဟေးဟာ ဝမ်သန်း ၃၀ (အမေရိကန်ဒေါ်လာ ၂၈၀၀၀) လှူဒါန်းမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့ပြင် ပတ်ရှင်ဟေးရဲ့ အေးဂျင့်ဖြစ်တဲ့ S.A.L.T Management ကလည်း သူတို့အဖွဲ့ကို ပတ်ရှင်ဟေးက ဝမ် ၁၀ သန်း(အမေရိကန်ဒေါ်လာ ၉၃၀၀)ကို လှူဒါန်းမှာဖြစ်တယ်လို့ ဆိုပါတယ်။

Hunger Saver ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကင်ဒေါင်ဝမ်ကလည်း ဝမ် ၃၆ သန်း (အမေရိကန်ဒေါ်လာ ၃၃၄၀၀၀)ကို လှူဒါန်းမှာဖြစ်တယ်လို့ ဆိုပါတယ်။

ပတ်ရှင်ဟေးဟာ ဆိုးလ်မြို့မှာ နစ်မြုပ်ခဲ့တဲ့ Sewol ကူးတို့သင်္ဘောနစ်မြုပ်စဉ်ကလည်း သင်္ဘောနစ်မြုပ်ရာမှာပါဝင်ခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားလေးတွေနဲ့ ကျန်ရစ်ခဲ့တဲ့မိသားစုတွေအတွက် ဝမ်သန်း ၅၀ (အမေရိကန်ဒေါ်လာ ၄၆၄၀၀) ကို လှူဒါန်းခဲ့သေးတယ်လို့ ဆိုပါတယ်။

နီပေါနိုင်ငံမှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြောင့် သေဆုံးသူ ၆၁၃၄ ဦးရှိနေပြီဖြစ်ပြီး သေဆုံးသူအရေအတွက်လည်း တိုးလာနိုင်ဖွယ်ရာရှိတယ်လို့ ဆိုပါတယ်။

ငလျင်ကြောင့် ခတ္တမန္ဒုတစ်မြို့လုံးနီးပါး ပျက်စီးဆုံးရှုံးခဲ့ရကာ လူပေါင်း ရှစ်သန်းနီးပါး အတိဒုက္ခရောက်ခဲ့ကြရတယ်လို့ ဆိုပါတယ်။



## စင်ပေါ်မှာ ချော်လဲကျပြီးနောက် ရှိုးပွဲများအားလုံးကို ဖျက်သိမ်းပစ်လိုက်တဲ့ ဘရစ်တနီစပီးယား

အမေရိကန်အဆိုတော် ရုပ်ရှင်မင်းသမီး ဘရစ်တနီစပီးယားဟာ ပြီးခဲ့တဲ့ ဧပြီလ ၂၉ ရက်နေ့ကကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲတစ်ပွဲမှာ ချော်လဲကျခဲ့ပါတယ်။ စင်ပေါ်မှာ သီချင်းဆိုနေရင်း ချော်လဲကျခဲ့တဲ့အတွက် ခြေကျင်းဝတ်မှာ ဒဏ်ရာရရှိသွားခဲ့တယ်လို့ ဆိုပါတယ်။

"သူဟာ သီချင်းဆိုနေရင်းနဲ့ ခြေချော်ကျတာကြောင့် သူ့ရဲ့ခြေကျင်းဝတ်မှာ ဒဏ်ရာရသွားခဲ့ပါတယ်။ အဲဒီလို ဒဏ်ရာရသွားခဲ့တဲ့အတွက် သူ့ရဲ့ဖျော်ဖြေပွဲတွေအားလုံးကို ဖျက်သိမ်းလိုက်ပါတယ်"လို့ ဘရစ်တနီရဲ့ပြောရေးဆိုခွင့်ရရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

"ကျွန်မ တကယ်စိတ်မကောင်းပါဘူး။ ကျွန်မရဲ့ပရိသတ်တွေ အားလုံးကို ကျွန်မတောင်းပန်ပါတယ်။ ကျွန်မကို တွစ်တာပေါ်ကနေပြန်လည်နေကောင်းပါစေလို့ ဆုတောင်းပေးကြတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မ ခြေကျင်းဝတ်က တော်တော်လေး နာနေတာကြောင့် ပွဲတွေကို ဖျက်သိမ်းလိုက်ရပါပြီ" လို့ ဘရစ်တနီက သူ့ရဲ့တွစ်တာဝက်ဘ်ဆိုက်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

လာ့စ်ဗီးဂတ်စ်မှာ လာမယ့်ရက်သတ္တပတ်အတွင်း ဖျော်ဖြေမယ့်ပွဲစဉ် နှစ်ပွဲအတွက် လက်မှတ်ဝယ်ယူထားတဲ့သူတွေကို လက်မှတ်ခငွေများ ပြန်အမ်းပေးသွားမယ်လို့ ဆိုပါတယ်။

အကယ်၍ လက်မှတ်ခငွေတွေကို လာမထုတ်ဘူးဆိုရင်တော့ ရန်ပုံငွေအဖြစ် သိမ်းဆည်းသွားမယ်လို့ ဆိုပါတယ်။

MARIGOLD®

DAWN®

EVAPORATED CREAMER

MARIGOLD™ MARIGOLD™ PREMIUM

SWEETENED BEVERAGE CREAMER

QUALITY PRODUCT FROM SINGAPORE




ဗီတာမင်အပြည့်ပါဝင်သော နိုင်ငံတကာအဆင့်မြင့် အကောင်းဆုံး နို့စိမ်း နို့ဆီ

COMMERCE
INTERNATIONAL

# AIIB တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံများရဲ့ ပြင်ဆင်ရေးဆွေးနွေးပွဲများကို ပေကျင်းတွင်ဆွေးနွေး

အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) ကို စတင်တည်ထောင်မယ့် အဖွဲ့ဝင်နိုင်ငံများရဲ့ အစည်းအဝေးကို ဧပြီ ၂၈ ရက်က အပြီးသတ် ဆွေးနွေးခဲ့ပါတယ်။ ဘဏ်သဘောတူစာချုပ်နဲ့ ပတ်သက်တဲ့ဆွေးနွေးပွဲမှာ သဘောတူညီချက်များကို ဘက်စုံ ရရှိထားပြီးဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားချက်ကို ကိုးကားပြီး စီစီတီဗွီသတင်းမှာ ဖော်ပြပါတယ်။

AIIB ကို စတင်တည်ထောင်သူများအဖြစ်ဆောင်ရွက်ကြမယ့် အဖွဲ့ဝင်နိုင်ငံတွေ ယခုလိုဆွေးနွေးပွဲကျင်းပပြီး အာရှအခြေခံ အဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်အတွက် ဥပဒေမူကြမ်းများကို သုံးသပ်ဆွေးနွေးကြတာဟာ ယခုအကြိမ်က ပထမအကြိမ်ဖြစ်ပါတယ်။ ဘဏ်ရဲ့ လုပ်ငန်းဆောင်တာများကို ယခုနှစ် နှစ်ကုန်ပိုင်းမှာ အပြည့်အဝ စတင် ဆောင်ရွက်တော့မည်ဖြစ်ရာ ထိုသို့မဆောင်ရွက်မီသဘောတူစာချုပ်ကို အပြီးသတ်ရေးဆွဲနိုင်လိမ့်မယ်လို့ အဖွဲ့ဝင်နိုင်ငံတွေက ခန့်မှန်းပါတယ်။

"ဇွန်လမှာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးတဲ့နောက် စတင်တည်ထောင်သူ အဖွဲ့ဝင်ဖြစ်လာမယ့် နိုင်ငံတွေက ဒီသဘောတူစာချုပ်ကို သက်ဆိုင်ရာ နိုင်ငံတွေမှာ ဆွေးနွေးညှိနှိုင်းကြပြီး ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ အတည်ပြုကြမှာဖြစ်ပါတယ်" လို့ တရုတ် ဒုတိယဘဏ္ဍာရေးဝန်ကြီး ရှီဟောင်ဘင်းကပြောပါတယ်။



"သဘောတူစာချုပ်ကို အဖွဲ့ဝင်တွေ သဘောတူအတည်ပြုပြီးနောက် AIIB ကို တရားဝင်ဘဏ်တစ်ခုအဖြစ် ထူထောင်နိုင်တော့မှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မကုန်မီ ဒီလုပ်ငန်းစဉ်ကို ပြီးဆုံးအောင် ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ ဒီနှစ်ကုန်လောက်မှာ လုပ်ငန်းတွေစတင်လည်ပတ်ဖို့ ကြိုးစားနေပါတယ်" လို့ ရှီကပြောပါတယ်။

သဘောတူ စာချုပ်မူကြမ်းကို အပြီးရေးဆွဲထားပြီး အဖွဲ့ဝင်နိုင်ငံများကလည်း ဘက်ပေါင်းစုံမှ သဘောတူထားပြီးဖြစ်ပါတယ်။ ပေကျင်းမှာ ကျင်းပတဲ့အစည်းအဝေးက ပြင်ဆင်မှုအတွက် ဆောင်ရွက်တဲ့ စတုတ္ထမြောက် အစည်းအဝေးဖြစ်ပါတယ်။ နောက်ထပ် အစည်းအဝေးတစ်ခုကို မေမှာ ကျင်းပပြီး စာချုပ်ကို ဇွန်မှာ အတည်ပြုနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

# ရည်မှန်းချက်မြင့်မြင့်ထားဖို့ ပြည်တွင်း SME များကို စင်ကာပူဝန်ကြီး တိုက်တွန်း

မိမိတို့ ကိုယ်ပိုင်လုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်လိုတယ်လို့ ဘွဲ့မရသေးသူ ၈၀ ရာခိုင်နှုန်းကပြောကြားကြောင်း၊ ဒါပေမယ့် သူတို့ရဲ့အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်သူမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း Capital FM နဲ့ ဧပြီ ၂၈ ရက်က ပြုလုပ်တဲ့တွေ့ဆုံမေးမြန်းခန်းမှာ စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးတဲအိုဆာလပ်ရဲ့ ပြောကြားချက်ကိုကိုးကားပြီး စီအင်အေသတင်းမှာ ဖော်ပြပါတယ်။

စင်ကာပူ စီးပွားရေး နယ်ပယ်အတွင်းသို့ စွမ်းအင်များ အပြည့်အဝရောက်ရှိနိုင်အောင် ဆောင်ရွက်ရာမှာ စတင်ထူထောင်စလုပ်ငန်းတွေ၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (SME) တွေဟာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်ကြောင်း သူက ပြောပါတယ်။ ဒါကြောင့် စင်ကာပူနိုင်ငံသား လူငယ်လူရွယ်တွေကြားမှာ စွန့်ဦးတီထွင်သူလုပ်ငန်းရှင်စိတ်ဓာတ်တွေ ပြုစုပျိုးထောင်ပေးနိုင်တဲ့ ပတ်ဝန်းကျင်မျိုးကို ဖန်တီးပေးဖို့ အရေးကြီးကြောင်း သူက ပြောပါတယ်။ ပြီးတော့ SME လုပ်ငန်းတွေက ရည်မှန်းချက်မြင့်မြင့်မားမားထားဖို့၊ ကြီးကြီးမားမား စဉ်းစားတွေးခေါ်ဖို့နဲ့ ရဲရင့်မှုရှိဖို့လည်း သူက တိုက်တွန်းပါတယ်။

သူတို့ရဲ့ နေ့စဉ်ဆောင်ရွက်နေတဲ့ နိစ္စဓူဝလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အစိုးရဆီက အကူအညီကိုရယူဖို့နဲ့ အလိုအလျောက်လုပ်ကိုင်ဆောင်ရွက်တဲ့စနစ်ကို ချမှတ်ဆောင်ရွက်ဖို့ မစ္စတာတဲအိုက တိုက်တွန်းပါတယ်။ ဒေသတွင်းမှာရှိတဲ့ တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် စင်ကာပူ SME တွေက အစီအစဉ်တွေ၊ စီမံကိန်းတွေရေးဆွဲဆောင်ရွက်ရာမှာ အစိုးရရဲ့ ထောက်ပံ့မှုကို ပိုမိုရရှိနေကြောင်း သူကပြောပါတယ်။ ပြည်တွင်းကထူထောင်စလုပ်ငန်းတွေ တိုးတက်ရေးအတွက် အစိုးရကအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြောင်းနဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကလည်း မိမိတို့လုပ်ငန်းတွေ ဖွံ့ဖြိုးရေးအတွက် မျက်စိဖွင့်ပြီး ကမ္ဘာ့ဈေးကွက်ကိုလေ့လာသင့်ကြောင်း သူကပြောပါတယ်။



"ဟောင်ကောင်နဲ့ ကိုရီးယားမှာလည်း အစိုးရက မူဝါဒတွေစီမံကိန်းတွေ ရေးဆွဲဆောင်ရွက်နေတာဖြစ်ပေမယ့် စင်ကာပူမှာတော့ SME တွေအတွက် မူဝါဒနဲ့ စီမံကိန်းတွေပိုရှိနေတယ်လို့ ယုံကြပါတယ်" လို့ သူကပြောပါတယ်။

ဒါကြောင့်လည်း အားနည်းချက်နဲ့ အားသာချက်တွေရှိနေနိုင်ကြောင်းလည်း သူက သတိပေးပြောကြားပါတယ်။ "ကောင်းတဲ့ အချက်ကတော့ SME အမျိုးအစားအားလုံးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့နေရာတွေ ရှိနေတာပါ။ ဒါပေမယ့် အစီအစဉ်များလွန်းတော့ ရှုပ်ထွေးမှုတွေလည်းရှိနိုင်ပါတယ်" လို့ သူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 4th May 2015

<< April And May Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | AKAI SENBOK | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 10.3.2015 | 12.3.2015 | 9.3.2015 | | 28.3.2015 | 22.3.2015 | 31.3.2015 |
| | S/O CUT | | | | | | | | 6.3.2015 | 8.3.2015 | 5.3.2015 | | | | |
| MV.HOEGH CHENNAI V.11 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.3.2015 | 27.3.2015 | 25.3.2015 | | 13.4.2015 | 6.4.2015 | |
| | S/O CUT | | | | | | | | 22.3.2015 | 23.3.2015 | 21.3.2015 | | | | |
| MV.CITY OF MUMBAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | | 10.4.2015 | 8.4.2015 | 9.4.2015 | 11.4.2015 | | | | 22.4.2015 | 29.4.2015 |
| | S/O CUT | | | | | | 6.4.2010 | 4.4.2015 | 5.4.2015 | 7.4.2015 | 21.3.2015 | | | | |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.4.2015 | 25.4.2015 | 22.4.2015 | | | 8.5.2015 | |
| | S/O CUT | | | | | | | | 19.4.2015 | 21.4.2015 | 18.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.5.2015 | 9.5.2015 | 10.5.2015 | | | 18.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | | 4.5.2015 | 5.5.2015 | 6.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | | 3.6.2015 | 7.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 21.5.2015 | 18.5.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက ဂျာမနီနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။